
www.burmeseclassic.com

မုညခင် စာအုပ်တိုက် မှ စီစဉ် ထုတ်ဝေ သည်

# သက်လျာရှင်စော

အချစ်လျှို့ဝှက်သည်းဖို ဝတ္ထုသစ်

## မိုက်မိုက်မဲမဲမုန်း



BURMESE CLASSIC .com

L လင်း

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

♥ ♥ ♥

BURMESE CLASSIC .com

ကင်မရာမီးရောင်တွေ တဖျပ်ဖျပ် လက်သွားသည်။

မင်္ဂလာအခါလေး တေးသံတွေ ငြိမ့်ညောင်းစွာ ထွက်ပေါ်လာသည်။

ကတ္တီပါမွေးပွ ကော်ဇောပေါ်သို့ ခြေထောက်နှစ်စုံ ဖြည်းဖြည်းသာသာ ရွေ့လျားလာသည်။

ရန်ကုန်မှရောက်လာသော နိုင်ငံကျော် ရုပ်ရှင်မင်းသမီးလေး၏ လက်ချောင်းနုနုလေးတွေ မြောက်တက်သွားသောအခါ...

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်ဖြူဖြူလေးတွေ ပြန့်ကျဲသွားရ၏။

"ဘို နဲ့ ပန်"

ငယ်ရွယ်နုပျိုသော...

ချောမွေ့လှပသော...

ချစ်သူနှစ်ဦးရဲ့ မင်္ဂလာပွဲ။

စည်းကားသည်။ ခမ်းနားသည်။

အကောင်းတကာ့အကောင်းဆုံး အပြင်အဆင်များဖြင့် လွှမ်းခြုံထားသော မင်္ဂလာပွဲကြီးကို 'မိုင်းသာ ဟိုတယ်' ကြီးမှာ ကျင်းပနေခြင်းပါ။

'မိုင်းသာမြို့' မှာ အေးချမ်းသော တောင်ပေါ်မြို့လေးဖြစ်၏။

တောင်ပေါ်မြို့ဆိုသော်လည်း ခေတ်မီဖွံ့ဖြိုးသည်၊ လူချမ်းသာအများစုနေထိုင်ကြသော မြို့ကလေးပါ။

မင်္ဂလာပွဲသို့ကြွရောက်လာသော ဧည့်ပရိသတ်များမှာလည်း ကြွယ်ဝချမ်းသာသူများချည်းသာ။

ထို့ကြောင့်ပင် မင်္ဂလာခန်းမတစ်ခုလုံး စိန်ရောင်ရွှေရောင်များ ပြိုးပြက်ဝင်းလက်နေခြင်းပင် မဟုတ်ပါလား။



BURMESE CLASSIC .com



"လှလိုက်တာဟယ်...ပုံပြင်ထဲက မင်းသားလေးနဲ့ မင်းသမီးလေး ကျနေတာပဲ"

ဆယ်ကျော်သက် မိန်းကလေးအုပ်စုဘက်မှ ဆေဖန်သံများ ထွက်လာသည်။

"ဘိုက သိပ်ရှုပ်တာပဲဆို"

ကောင်မလေးတစ်ယောက်က လှမ်းမေး၏။

"ရှုပ်တာမှ အရမ်း...အရမ်း၊ ဒီခန်းမထဲမှာတောင် အနည်းဆုံး သူ့ရည်းစားဟောင်း ငါးယောက်လောက်ရှိနေမှာ"

"ဟယ်...ဒီလောက်တောင်ပဲလား"

"ဒီထက်မက...ဒီထက်မက..."

"ဒါဆို ပန့်ကို မချစ်ဘဲနဲ့ လက်ထပ်လိုက်တာများလား"

"ဘယ်ကလာ ပန့်ကိုကျတော့ ချစ်လိုက်တာ တုန်နေတာပဲ၊ ပန်နဲ့တွေ့ပြီးမှ ဒီကောင် ခြေငြိမ်သွားတာ"

"ကျန်ရစ်ဖြစ်သွားတဲ့ မိန်းကလေးတွေတော့ ဝမ်းနည်းရှာမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့"

"ဒီလောက်ချောပြီး ဆွဲဆောင်မှုရှိတဲ့ ဘို့ကို ဆုံးရှုံးလိုက်ရလို့လေ"

"ဝမ်းနည်းစရာ မလိုပါဘူး၊ သူက ကိုယ့်အပေါ် အပျော်သဘောထားတော့ ကိုယ်ကလည်း ခပ်ပေါ့ပေါ့ပဲပေါ့"

"ရှင် ဘယ်လိုသိ..."

"သိတာပေါ့၊ တို့က ဘို့ရဲ့ရည်းစားဟောင်းပဲဥစ္စာ၊ အဟိ ခိခိ"

"ဟယ်...အံ့ရော...အံ့ရော"

ရယ်သံလေးတွေ စီညံသွားသည်။

ဘိုနဲ့ ပန်ကတော့ လက်ချင်းချိတ်ကာ ပရိသတ်များကို လိုက်လံနှုတ်ဆက်နေပါ၏။

မျက်နှာပေါ်မှာ ပြုံးပန်းလေးတွေ ဝေနေသည်။ နှလုံးသားထဲမှာ လိုက်ခုန်လှုပ်ရှားနေကြသည်။

"ပန် ပျော်ရဲ့လား"

ဘိုက ခပ်တိုးတိုး ကပ်မေးသည်။



BURMESE CLASSIC .com



"ပျော်တာပေါ့ ဘိုရဲ့"

"ရှင်ကော ခုန်လား"

"အင်း...ခုန်တယ်"

"ပြီးရင် ဒါ့ထက်ပိုပြီး ခုန်ရဦးမယ်"

"သွား...ဘိုစုတ်"

"အား..."

ပန်က ဘို့လက်မောင်းကို ကျိတ်ဆိတ်လိုက်သည်။ ဘို ခြေလှမ်းပျက်သွားတော့ ပန်က ထိန်းပေးရသည်။

တိုးတိုးကျိတ်ကျိတ် ရယ်မိကြသည်။

ငယ်ရွယ်သူတွေမို့ အပျော်တွေ မထိန်းနိုင်ကြ။ လောကကြီးကို မေ့နေကြသည်။

ရေခဲမုန့် အပြန်အလှန်ခွံ့ကြတော့လည်း တစ်ယောက်တစ်ဇွန်းမဟုတ်၊ လေးငါးဆယ်ဇွန်း ဗိုက်ဝသည် အထိ ခွံ့ကြသည်။

ဧည့်ပရိသတ်များက သူတို့အတွဲကိုကြည့်ပြီး သဘောတကျရယ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားသော ပန်က ကြွေရုပ်ကလေးလို လှနေသည်။

ကိုယ်လုံး ပြည့်ပြည့်လေးက ကြော့ရှင်းသည်။ လည်ပင်းပေါက်ကျယ်ကျယ်အင်္ကျီကြောင့် သွယ်မတ်ကြော့ရှင်းသော လည်တိုင်အလှက ထင်းနေသည်။

ဖြူနုစ်ဝင်းစိုသော ရင်ညွန့်သား မို့မို့လေးတွေ တစ်စွန်းတစ်စပေါ်နေသော ဝတ်စုံကြောင့် ပန်က အသည်းယားစဖွယ် လှနေသည်။

ဘိုကရော...

သူကတော့ ယောကျ်ားပီသစွာ ဆွဲဆောင်ညှို့ငင်နိုင်သော ခန္ဓာကိုယ်အချိုးအစားကို ပိုင်ဆိုင်သည်။

နှာတံချွန်မြင့်မြင့်။ တိကျသေသပ်သော နှုတ်ခမ်းပြည့်ပြည့်တွေရဲ့အထက်မှာ နှုတ်ခမ်းမွေး စိမ်းစိမ်းလေးတွေ ရှိနေသည်။ အရပ်ကြီးက မြင့်မတ်နေသည်။ အနောက်တိုင်းဝတ်စုံနှင့် လွန်စွာလိုက်ဖက်ကြည့်ကောင်းနေပါ၏။

"ဘိုက သိပ်ဆွဲဆောင်မှုရှိတာပဲ"





"ဘိုနဲ့တွေ့ရင် ရင်ခုန်ရတယ်"

"ဘိုက တို့ကို ဖမ်းစားနိုင်တယ်"

မိန်းကလေး တော်တော်များများက ဒီလိုပဲပြောကြသည်။

"ကြွေသွားပြီ ဘိုရယ်..."

ဒီစကားတွေ ခဏခဏကြားရသည်။ သူကတော့ တော်ရုံတန်ရုံ ရင်မခုန်တတ်။ ပျော်ပျော်နေသည်။

"ဘိုနဲ့ ခင်ချင်တယ်"

ဟု ပြောသော မိန်းကလေးတွေကို ခင်လိုက်သည်။ အတူတွဲ၍ သွားလာသည်။

ရေလာမြောင်းပေးတွေများလာရင် အလိုက်သင့်ပါသွားသည်။

"ဘို ရုပ်ရှင်လိုက်ပြကွာ"

သူ လိုက်ပြလိုက်သည်။

"ဘို တို့နဲ့အဖော်လိုက်ပေးနော်"

လိုက်ပေးလိုက်သည်။ ကျေနပ်အောင် ဖြည့်ဆည်းပေးသည်။ ကြာတော့...



www.burmeseclassic.com

www.burmeseclassic.com



"ဘိုက ရှုပ်တယ်"

ဟု နာမည်ထွက်လာသည်။

"ရည်းစား သိပ်များတာပဲ"

ဟူသော သတင်းတွေ ပျံ့ကုန်သည်။

ရည်းစားများတယ်သာ အပြောခံရသည်။ သူဘယ် မိန်းကလေးကိုမှ မချစ်ရသေး။ ရင်မခုန်မိသေး။ နာမည်ကြီး ထမင်းငတ်။ နာမည်ပျက်ရုံသာ အဖတ်တင်သည်။ သူ့ဘဝ ခရီးဖော်ကို မရွေးချယ်ရသေး။

သူ့ဘေးမှာ ဝိုင်းဝိုင်းလည်နေသော မိန်းကလေး တွေကိုလည်း သူ မချစ်မိ။

တောင်ကြီးကောလိပ်မှာ ကျောင်းသွားတက်တော့ မှ ချစ်ရသူကလေးနှင့် ဆုံဆည်းခဲ့ရခြင်းပါ။

"ပန်..."

သိပ်ချစ်စရာကောင်းတဲ့ မိန်းကလေး။

သူ့ရဲ့ပန်တော်ဦးပါ။

မျက်လုံးလေးတွေက ဖန်ဂေါ်လီလုံးလေးတွေလို ကြည်လင်ဝိုင်းစက်နေသည်။





မျက်တောင်မွေးတွေက နက်မှောင် ကော့ညွတ် လျက်။ နှာတံလုံးဝန်းကလေး။ နှုတ်ခမ်း ထူထူပြည့်ပြည့်ကလေး နှင့် အလွန်လှပသော မိန်းကလေးပါ။

ပန်က အပြစ်ကင်းစင်သည်။

မာယာမများ။ ကလေးတစ်ယောက်လို ပြောဆို ပြုမူတတ်သည်။ တတိယနှစ်မှာ ဆုံဆည်းခဲ့ရတာမို့...

"အတွေ့နောက်ကျတယ်ကွာ"

သူ မချင့်မရဲ ညည်းညူမိတတ်သည်။

ပန်က မိဘမဲ့မိန်းကလေးပါ။

ဦးလေးမိသားစုနှင့် နေရသည်။ ဦးလေးက အမွေ တွေကို ထိန်းသိမ်းပေးထားသည်။ ဦးလေးက အလုပ်တာဝန် နှင့် တောင်ကြီးပြောင်းလာတော့ သူမပါ လိုက်လာရသည်။ ဒါကြောင့်သာ သူနဲ့ဆုံခွင့်ရခြင်းပါ။

ပန်နှင့်သူက ဘဝတူတွေ။ သူ့မိဘများက ကား လမ်းပေါ် မြေပြိုကျကာ တိမ်းမှောက်သွားသော ကားထဲ ပါသွား သည်။ သူနောက်ဆုံးနှစ်မှာ ဆုံးပါးသွားခဲ့ရခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန့်ကို သူ့အုပ်ထိန်းသူများထံမှာ သွားရောက်တောင်းရမ်းတော့ မြို့မိမြို့ဖများကို ခေါ်သွားရသည်။ သူ့မှာ ဆွေမျိုးလည်းမရှိ။

မိဘများထားခဲ့သော အမွေ တစ်ပုံတစ်ပင်နှင့် လောကကြီးမှာ တစ်ယောက်တည်း ကျန်ခဲ့သည်။

သူ့ဘဝမှာ ပန်တစ်ယောက်တည်းပဲ တွယ်တာစရာရှိတာပါ။

ပန်သာလျှင် သူ့ဘဝ။ ပန်သာလျှင် သူ့အသက်။

ပန်နှင့်တွေ့ကတည်းက သူ့ရည်းစားဟောင်းတွေကို ပြတ်ပြတ်သားသား ဖြတ်တောက်လိုက်သည်။

တွဲရုံလေးတောင် မတွဲတော့။

မိန်းကလေးတွေက သူ့ကို အံ့သြကြသည်။

"ဘို ဘာဖြစ်နေတာလဲ"

"လူကိုတွေ့ရင် တည်တည်ကြီး"

"စကားတောင် ဟာဟာမပြောတော့ဘူးရှင့်"

"အရင်က ဒီလိုမဟုတ်ပါဘူး"





"အင်းလေ...တို့တွေနဲ့တွေ့ရင် အားရပါးရ ရယ်လို့မောလို့"

"ထူးတော့ ထူးတယ်"

နားမလည်နိုင်အောင် ဖြစ်နေကြသည်။

မိုင်းသာကို ပန် အလည်လိုက်လာတော့မှ...

"ဩော်...ဒါကြောင့်ကိုး"

ဟု သဘောပေါက်သွားကြသည်။

သူကလည်း ပန်မှပန်။ ပန်ကလွဲရင် ဖွဲ။

ပန်နှင့်အတူ မိုင်းသာမြို့အနှံ့လျှောက်လည်ပစ်လိုက်သည်။

ဟိုနေရာမှာလည်း ရည်းစားဟောင်းနဲ့တွေ့။

ဒီနေရာမှာလည်း အိစိကလိလေးနဲ့တွေ့။

တချို့က မျက်နှာခပ်ပျက်ပျက်။

တချို့က အံ့အံ့သြသြလိုက်ကြည့်သည်။

တချို့ကတော့ မျက်နှာထားတင်းတင်းနှင့် ဒေါသတကြီး။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်။

ပန့်တစ်ယောက်ကိုပဲ သူချစ်ခဲ့တာပါ။

သူက အပြုံးပွင့်တွေရှေ့ချရင်း ပန့်မျက်နှာလေးကို ငဲ့ကြည့်လိုက်သည်။

ပန်က သူ့ကို ပြုံးမော့ကြည့်နေတာနှင့် ဆုံဆည်းသွားသည်။ အပြုံးချင်း ဖလှယ်ကြသည်။

ကင်မရာ မီးပွင့်တွေက တဖျပ်ဖျပ် လက်သွားသည်။

ဗွီဒီယိုရိုက်ကူးသည့်အဖွဲ့က မျက်နှာချည်းပဲ အနီးကပ်ဆွဲ၍ ရိုက်ကြသည်။

"ယောကောင်...အပျော်တွေပြည့်ပြီး ဧည့်ပရိသတ်ကိုလည်း မေ့နေဦးမယ်"

မင်းထင်က ထိုင်ရာမှ ထလာပြီး သူ့ကို လက်ဆွဲနှုတ်ဆက်ရင်း...

"တို့အတွက်လည်း မမေ့နဲ့နော်၊ ဘက်ချ်လာနိုက် လုပ်ပေးရမယ်"





"မင်းတို့ဘာသာ စိတ်ကြိုက်သောက်ကြစမ်းပါကွာ၊ ငါ အားလုံး စိုက်စဉ်ပေးပါ့မယ်"

"မရဘူးဟ့ကောင်...မင်းလည်း ပါရမယ်"

"မဖြစ်ဘူးကွ၊ ပန်က အရက်သောက်တာမကြိုက်ဘူး"

"ဟိုက်ရှားပါး...မင်းကတော့ စပဲ"

မင်းထင် လက်ဖျားခါသွားသည်။

ဘို...ဘို။ မင်းအရင်လူမှ ဟုတ်ရဲ့လား။

ဘိုက အတွေ့အကြုံစုံသည်။

အရက်...ဖဲ။ အလွန်အကျွံမဟုတ်ပေမယ့် နည်းနည်းစီတော့ လုပ်နေကျ။

မင်းထင်တို့ခေါ်လျှင် ဘယ်တော့မှ မငြင်း။

အရက်ဆိုလည်း အကောင်းစားမှ မက်သည်။

တောင်ပေါ်ညရဲ့အချမ်းဓာတ်ကို ဝီစကီပြင်းပြင်းနှင့် အံတုနေကျ။ ခုမှ လုံးဝငြင်းသွားသည်။

လူပျိုညမှာတောင် သူငယ်ချင်းတွေနဲ့ မပျော်ပါးနိုင်တော့။ တော်တော် အဆိပ်ပြင်းတဲ့ ပန်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နုနုနယ်နယ် မိန်းကလေးတစ်ယောက်က ကျား ကျား လျားလျား ယောကျ်ားသားကြီးကို ကြိုးကိုင်တုပ်နှောင် နိုင်သတဲ့။

မင်းထင်က တရားကျစွာ ပြုံးပြုံးကြီးနှင့်ပင် ဘိုတို့ စုံတွဲကို လှမ်းကြည့်နေမိသည်။

စင်မြင့်ပေါ်မှာတော့ ရန်ကုန်မှ လေယာဉ်ဖြင့် ရောက်လာကြသော နာမည်ကြီး အဆိုတော်များ ဖျော်ဖြေနေကြ သည်။

ထိုအချိန်တွင် မိုင်းသာဟိုတယ်၏အပြင်ဘက်၊ မှန်သားအကာအရံနောက်တွင် အမျိုးသမီးတစ်ယောက် ရှိနေ ပါ၏။

ထိုအမျိုးသမီးက မင်္ဂလာပွဲကို မမှိတ်မသုန်စိုက် ကြည့်နေသည်။

မျက်ဝန်းညိုညိုတွေက စူးရှတောက်ပနေသည်၊ နှုတ်ခမ်းတွေက တင်းတင်းစေ့နေသည်။

ဆံပင်ရှည်ရှည်ပွပွကြီးက မျက်နှာပေါ်ကို တစ်ဝက် တစ်ပြက် အုပ်ဆိုင်းထားသည်။





ခဏကြာတော့မှ ခမ်းနားလှပသော မင်္ဂလာပွဲကို ကျောခိုင်းကာ နှင်းမှုန်များကြားသို့ တိုးဝင်ပျောက်ကွယ်သွား သည်။

မိုးစောစောချုပ်တတ်သော မိုင်းသာမြို့၏ပတ်ဝန်း ကျင်မှာတော့ တစ်စတစ်စ အလင်းရောင် ပါးလျားလာသည့်။ နှင်းတွေ တဖွဲဖွဲကျလာသည်။

မိုင်းသာရဲ့ ဆောင်းည ...

ဘိုနဲ့ ပန်တို့ရဲ့ မင်္ဂလာဦးည ...

အမျိုးသမီးတစ်ဦးရဲ့ လှုပ်ရှားမှုအစ ...

မိုင်းသာ ဟိုတယ်ထဲမှာတော့ တေးသံတွေ ပျံ့လွင့် နေဆဲ ... အပြုံးပန်းတွေ ဖူးပွင့်နေဆဲ ... စိန်ရောင် ရွှေရောင်တွေ ဖြိုးပြက်ဝင်းလက်နေဆဲ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

♥ ♥ ♥

"ဘိုနော်..."

ဘို အခန်းထဲ ဝင်လာမိတော့ ပန်က မျက်လုံးလေး ပြူးကာ နောက်ဆုတ်သွားရင်း အလန့်တကြား အော်သည်။

ဘို ရယ်ချင်သွားသည်။

"ပန်ရှက်တယ်နော်၊ ပန်ရှက်နေပြီနော်"

"ဟ...ကိုယ် ဘာလုပ်ရသေးလို့လဲ"

ပန်က မျက်နှာကို လက်ဝါးနှင့်အုပ်ထားပြီး စွတ် အော်နေသည်။





ဘယ်လို ကောင်မလေးပါလိမ့်။

တကယ့် အရိုင်းလေး။

နောက်ဆုတ်နောက်ဆုတ်လျှောက်သွားပြီး နံရံကို ကျောနှင့်မှီကာ သူ့ကို မျက်လုံးပြူး၍လှမ်းကြည့်နေသည်။

သူ့ရဲ့သဘက်ဝင်လာသလို ကြောက်ရွံ့ တုန်လှုပ် နေသည်။ ဆံပင်ပျော့ပျော့စင်းစင်းလေးတွေက နဖူးပေါ်ဝဲကျ နေသည်။ ဆံပင်တိုကလေးကြောင့် မျက်နှာဖောင်းဖောင်းလေးက ပို၍ ပေါ်လွင်နေသည်။

အဲဒီ ပါးမို့မို့ကလေး...

နှုတ်ခမ်းဖောင်းဖောင်းကလေး...

ဘို ရင်ခုန်လာမိသည်။

"ပန်..."

"ဘိုနော်...သွား...သွား"

သူ အကြံအိုက်သွားသည်။

ခုတင်ပေါ်မှာထိုင်ချကာ ခေါင်းတချစ်ချစ် ကုတ်မိ သည်။ အပြင်ဘက်မှာ အမှောင်ထု ကြီးစိုးနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



နှင်းတွေက ထူထပ်စွာကျနေသည်။

ရာသီဥတုက သွေးခဲအောင် အေးသည်။

မင်္ဂလာပွဲက ပြန်ရောက်ရောက်ချင်း ရေနွေးပိုက်ဖွင့်ချ ရေချိုးကာ အနွေးထည် အထပ်ထပ် ဝတ်ထားရသည်။

ပန်က ခေါင်းစွပ်ဆွယ်တာအဖြူရောင် ဆွတ်ဆွတ်ကြီးနှင့် ဂျင်းဘောင်းဘီ ဝတ်ထားသည်။

သူကတော့ လောင်းကုတ်အရှည်ကြီး ဝတ်ထားရသည်။ လက်အိတ်ခြေအိတ်တွေ စွပ်ထားရသည်။ တော်တော်ဒုက္ခပေးတဲ့ ဆောင်း။

ဘိုက ဆောင်းကို အပြစ်တင်နေမိသည်။

“ကိုယ် ကိုက်မစားပါဘူး ပန်ရဲ့၊ လာ…ဒီမှာထိုင်”

ဘိုက ပန့်လက်ဖျားကလေးကို သွားဆွဲခေါ်မိသည်။ ပန့်လက်အိတ်က တစ်ဖက်၊ ဘို့လက်အိတ်က တစ်ဖက်၊ အလယ်မှာ လက်အိတ်နှစ်ဖက် ခြားနေသည်။

“ဟား…ပြဿနာပဲ”

ဘို ရယ်ပဲ ရယ်ချင်နေသည်။





ပန်ကလည်း ကြောက်ပဲ ကြောက်နေသည်။

မျက်နှာလေးနီရဲအောင် ရှက်သွေးဖြာနေသည်။

ဘို့ကိုမကြည့်။ စကားလည်း မပြော။

ဘိုက ပန့်ပခုံးလေးကို ဖွဖွဖက်မိစဉ်…

“ဝူး…ဝူး…”

“တီ…တီ…တီ”

“ဟေ့ကောင်ကြီး…အဘောကြီး ရှိသေးတယ်ကွ အိပ်ပြီလား”

“ဟား…ဟား…ဟား”

“ယော့ကောင်…ဘို၊ တံခါးဖွင့်ဦးကွ”

“ဒီလိုလုပ်လို့ ရမလားကွ”

“ကလင်…ကလင်…ကလင်”

“ဒုန်း…ဒုန်း…ဂျိုင်း”

ရုတ်တရက် အသံတွေ ဝုန်းဒိုင်းကျဲထွက်ပေါ်လာသည်။ ကားဟွန်းသံ၊ အော်ဟစ်ပြောဆိုသံ။

ရယ်သံ။ လူခေါ်ဘဲလ်အသံက ဆူဆူညံညံ။



www.burmeseclassic.com

www.burmeseclassic.com



တံခါးကိုလည်း ထုကြ ရိုက်ကြသည်။

ဟိုကောင်တွေ လှံသောင်းကျန်းနေကြသည်။

"ပန်...ခဏလေးနော်"

"ဘို..."

ဘိုက ပန့်ကိုခွင့်တောင်းပြီးထတော့ ပန်က ဘို့လက်ကို လှမ်းဆွဲထားသည်။

"သူတို့နဲ့ လိုက်မသွားရဘူးနော်"

"ပန်က ဘို့ကိုကြောက်နေတာမဟုတ်ဘူးလား၊ ဘို လိုက်သွားတော့ ပန် မကြောက်ရတော့ဘူးပေါ့"

"ဘိုနော်...ပန် ငိုလိုက်မှာ"

"ပန်က ကိုယ့်ကို အနားမှအကပ်မခံတာ၊ မထူးပါဘူးကွာ၊ ကိုယ်လိုက်သွားလိုက်မယ်"

သူ ပန့်ကို စလိုက်သည်။ ပန်က သူ့စမှန်းမသိ။ မျက်ရည်တွေ ဝဲလာသည်။

နှုတ်ခမ်းထူထူလေးက စူထွက်လာသည်။

"သွားသွား...လိုက်သွား၊ ဘယ်တော့မှ ပြန်မလာနဲ့"





"ဟိတ်...မင်္ဂလာဦးမှာ စိတ်မကောက်ရဘူးနော်"

"ကောက်မှာပဲ"

"ကိုယ်က အလကားစနေတာပါ အချစ်ရယ်၊ ပန့်ကို ထားပြီး မသွားရက်ပါဘူးကွာ"

"တကယ်နော်"

"တကယ်ပါကွာ၊ ပန်ကသာ ကိုယ့်ကို စိမ်းကားနေတာ"

"ပန် ရှက်လို့ပါ ဘိုရယ်"

"အခု မရှက်နဲ့တော့နော်"

ပန်က ခေါင်းညိတ်သည်။

ပန့်နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ယင်နေသည်။ သူ့ကိုစိုက်ကြည့်နေသော မျက်ဝန်းထဲမှာ မျက်ရည်ကြည်ကလေးတွေ ဝဲနေသည်။

သူ ပန့်မျက်နှာနား ဖျတ်ခနဲ တိုးကပ်သွားသည်။

"ဂျိုင်း...ဂျိုင်း...ဒုန်း"

"ဟောကောင် ဘို"

"ဘို ခဏသွားလိုက်ဦးနော်၊ သူတို့ အရမ်းဆူနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အနှောင့်အယှက်ပဲကွာ"

ဘိုက ပန်းမျက်နှာလေးနှင့် ပြန်ခွာလိုက်ပြီး အိမ်ရှေ့သို့ ပြေးထွက်လာသည်။

မှန်တံခါး ကစ်ထပ်ဖွင့်။ သံတံခါးတစ်ထပ်ဖွင့်ရသည်။ တံခါးပွင့်သွားတော့ ဖရက်ဒီတို့အုပ်စု ဝရန်းသုန်းကား ဝင်လာသည်။

"ဟောကောင် ခေါ်နေတာကြာလှပြီ၊ မင်း ဘာလုပ်နေတာလဲ"

"ဟား...ဟား...ဟောကောင် သိသားနဲ့ကွာ၊ မေးမနေစမ်းပါနဲ့"

ဒီကောင်တွေ မူးနေပြီ။

မင်းထင်က အကျိုးအကြောင်း ပြောလို့ရသည်။

သူငြင်းပေမယ့် ဖွတ်တိုးမလာ။ နားလည်ပေးနိုင်သည်။ သူငယ်ချင်းကောင်းတစ်ယောက်ပါ။

ဖရက်ဒီတို့က အလိုက်မသိ။

မူးမူးရူးရူးနှင့် သူ့ကိုဖွတ်ဆွဲခေါ်နေသည်။





"လိုက်ခဲ့...ဟောကောင်...လိုက်ခဲ့၊ လုံးဝမငြင်းနဲ့၊ ဒီညမင်းရဲ့ နောက်ဆုံး လူပျိုညာ၊ လွတ်လပ်မှုတွေကို စားသုံးလိုက်စမ်းပါကွာ"

"မလိုက်ပါရစေနဲ့ကွာ"

"မရဘူး...မရဘူး၊ လိုက်ရမယ်"

"နေကြပါဦးကွာ၊ ငါပြောပါဦးမယ်၊ ငါ့ရေခဲသေတ္တာထဲမှာ အရက်ပုလင်းမျိုးစုံရှိတယ်၊ ဘရန်ဒီယူမလား၊ ဝီစကီယူမလား၊ ဝိုင်လည်းရှိတယ်၊ အားလုံးယူသွားကြ၊ တစ်ပုလင်းမှ မထားခဲ့နဲ့"

"အား...ဒါဆို မဆိုးဘူး"

"ကောင်းပြီ...ငါသွားယူပေးမယ်၊ ငါလည်း ဒီနေ့ကစပြီး အရက်သောက်တဲ့အလုပ်ကို စွန့်လွှတ်လိုက်ပြီ"

"ဟား...မိုက်လှချည်လား"

"စွန့်စားရဲလှချည်လားကွ"

"ပန်က အရက်သောက်တာ မကြိုက်ဘူးလေကွာ၊ အဲဒီတော့ စွန့်လွှတ်လိုက်တာ အကောင်းဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ယော: ... ဖြောင်း ... ဖြောင်း”

“ဗရာဘို”

“သူ့ရဲကောင်းကြီး ချီးကျူးပါတယ်”

“မယားကြောက်ကွ ... မယားကြောက်”

“ကြောက်တယ်ကွာ ... ချစ်လို့ကြောက်တာ ဘာဖြစ်လဲ”

အသံတွေအားလုံး အခန်းထဲမှ ကြားနေရသည်။

ဘိုရယ် ...

ဘို့ကို ပန် သိပ်ချစ်သွားမိသည်။

ပန့်ကို သိပ်ချစ်ရှာတဲ့ ဘိုပါ ...။

ပန်က အပြင်မှ အသံတွေကို နားစွင့်ရင်း ပြုံးနေမိသည်။ လက်သန်းမှ လက်သည်းလေးကိုကိုက်ကာ ခေါင်းကလေးငုံ့ထားသော ပန့်ပုံစံလေးက ချစ်စဖွယ်။

ဘို့ကို ကြောက်စိတ်တွေ ပြယ်သွားသည်။

စိတ်ချင်းပို၍ ရင်းနှီးသွားသည်။

ရင်ခုန်သံတွေ မြန်ဆန်လာသည်။

ပန့်ချစ်ဦး ဘို ...





တောင်ကြီးမှာ စတွေ့ကတည်းက ဘို့ကို မြင်ရင် ပန် ရင်ခုန်လာတတ်သည်။

သို့သော် ပန်က မိန်းကလေးမို့ ဣန္ဒြေဆည်ထားရသည်။

ဘို့ကို စိတ်ဝင်စားပေမယ့် မကြည့်မိအောင် သတိထားနေသည်။

“တို့ ဆက်ရှင်က ဘိုဆိုတဲ့ကောင်လေးက သိပ်ပြီး ညို့ချက်ပြင်းတာပဲသိလား၊ သူ့ကိုမိန်းကလေးတိုင်းလိုလို ကြွေကြတယ်”

ဘို့သတင်းကတော့ မွှေးပျံ့ပြီးသား။

“ပန်ကတော့ စိတ်မဝင်စားပါဘူး”

ပန်က မာနနှင့်ပြောသည်။

“အပြောမကြီးနဲ့နော်”

သူငယ်ချင်းတွေက ခနဲ့ခနဲ့ပြောကြသည်။

ပန်က အင်္ဂလိပ်စာ မေဂျာက အလှဘုရင်မ ...။

ဘိုက သင်္ချာမေဂျာ အလှဘုရင် ...။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကိုဆို တချို့မိန်းကလေးတွေ တကူးတက သွားကြည့်ကြသည်။

'ဘိုက ဆွဲဆောင်မှုရှိသည်။ ထက်မြက်သည်။ ချောမောလွန်းသည်' စသဖြင့် ...

ဘို့သတင်းတွေက နားနဲ့မဆံ့တော့။

ကြာတော့ စိတ်ဝင်စားလာသည်။

"ဒီလောက် အကဲပိုနေရအောင် သူက ဘယ်လောက်များ ချောနေလို့လဲ"

မနာလိုဖြစ်မိသည်။ သိပ်မကြာလိုက်။

ဘိုက ပန့်အတန်းရှေ့ကို ရောက်လာသည်။

ပန့်ကို တစ်ချိန်လုံး လာငေးနေသည်။

"ရှင်တော့ ကဲထူးတာပဲ"

သူငယ်ချင်းတွေက ပန့်ကိုအားကျလာသည်။

"စိတ်မဝင်စားပေါင်"

ပန်က အားတင်းနေသည်။

ဂရုမစိုက်သလို နေပြသည်။

ဘိုက ပန်တို့အခန်းရှေ့ နေ့တိုင်းရောက်လာသည်။





ပန့် မျက်ဝန်းတွေနှင့် မကြာခဏ ခလုတ်တိုက်မိသည်။

မျက်လုံးချင်းဆုံတိုင်း ပန့်ရင်တွေ ဝုန်းဝုန်းဒိုင်းဒိုင်း ခုန်သွားသည်။

ခက်နေပါပြီ။ ပန်က အပြောကြီးထားမိတာ။

ဘိုက ပန့်နောက်ကို တကောက်ကောက် လျှောက်လိုက်သည်။ သူငယ်ချင်းတွေကတစ်ဆင့် ယဉ်ယဉ်ကျေးကျေး မိတ်ဆက်လာသည်။

ကြာတော့ ပန် မတင်းနိုင်တော့။

ဘို့ရှေ့မှောက်မှာ အရှည်ပျော်ခဲ့ရတာပါပဲ။

ဘိုနဲ့ ချစ်မိပြီးတော့မှ...

"ဘိုက သိပ်ရှုပ်တာ"

"သူ့မြို့မှာ ရည်းစားတွေ အများကြီးပဲ"

သတင်းတွေ ကြားလာရသည်။

ပန် ရင်ထဲမီးတောက်သွားသည်။

"ဘို ပန့်အချစ်ကို ညာယူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘို့ကို မုန်းတယ်သိလား"

ပန် စိတ်ကောက်ပစ်လိုက်သည်။

ဘိုက မျက်နှာငယ်လေးနှင့် လိုက်ချော့သည်။

"ဘိုက ပန့်ကိုပဲချစ်တာပါကွာ၊ ပန်က ဘို့အချစ်ဦးပါ၊ ပန့်ကိုချစ်မိကတည်းက ဘို့ရည်းစားတွေအားလုံးကို ဖြတ်ပစ်လိုက်ပါပြီ၊ မယုံရင် မိုင်းသာကိုလိုက်ခဲ့ပါ၊ အားလုံးရှေ့မှာ ဘို့ချစ်သူဟာ ပန်တစ်ယောက်ပဲဆိုတာ ကြေညာရဲပါတယ်"

ဘိုက တောင်းပန်သည်။

ဘယ်ရမလဲ ...ပန်ကလည်း မိုင်းသာအထိလိုက်ခဲ့သည်။ ဘိုနဲ့တွဲပြီး လျှောက်လည်ပစ်လိုက်သည်။

ပန်တို့ကိုတွေ့တိုင်း မျက်နှာပျက်ပျက်သွားကြတာ ဘို့ရည်းစားဟောင်းတွေနေမှာပေါ့။

ဘို့ကို ပန်သိပ်မကျေနပ်။

သို့သော်လည်း ခွဲလည်းမခွဲနိုင်။ ဘို့ကို ပန်သိပ်ချစ်ပါသည်။





ဘိုက စည်းကမ်းရှိသည်။ ချစ်သူဘဝမှာ အခွင့်အရေး မယူ။

"ဘို ပွေတယ်ဆိုတာ မဟုတ်နိုင်ပါဘူး"

"ရည်းစား များရုံပဲ များတာပါ"

"ဘိုက လူကောင်းပဲ"

ခွင့်လွှတ်ပေးလိုက်သည်။

ပန်က ဘို့ကိုမှ မခွဲနိုင်ဘဲကိုး။

ဘိုက လက်ထပ်ခွင့်တောင်းလာတော့ ပန်ခေါင်းညိတ်လိုက်သည်။ ဘိုနဲ့အတူတူနေရမှာမို့ ပန်သိပ်ပျော်ခဲ့တာပါ။

သူငယ်ချင်းတွေကို ကြွင်းဆန်နေသော ဘို့အသံက ပန့်ကိုငဲ့ညှာနေမှန်း သိသာသည်။ ပန့်စကားကို နားထောင်နေသည်။ ဘို့ကို မစိမ်းကားဖို့ ဆုံးဖြတ်မိသည်။

ဒီတစ်ခါ ဘိုဝင်လာလျှင်တော့ အပြုံးလေးနှင့်ကြိုမိမှာပါ။ ခုန ဘို့အနမ်းတွေအကြောင်းတွေးမိတော့ ပန့်ရင်ထဲ နွေးသွားရသည်။

"ဗူး...ဗူး..."



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီနော် ဘို...ဗွတ်ဒ်နိုက်"

"တော်တော် ဒုက္ခပေးတဲ့ကောင်တွေ"

ကားပြန်ထွက်သွားပြီ။

ဘိုက အိမ်တံခါးတွေကို ပြန်ဆွဲပိတ်လိုက်သည်။

"ဟာ...ချမ်းလိုက်တာကွာ"

ဘိုက ကုတ်အင်္ကျီကော်လံစကို ဆွဲထောင်လိုက်သည်။ ဘို အခန်းထဲဝင်မည်ပြင်ပြီးမှ အကြံရသွားသည်။

"မီးလင်းဖိုနားဆို နွေးမှာပဲ"

ဘို မီးလင်းဖိုကို မီးသွားထည့်လိုက်သည်။

ပြီးမှ အခန်းထဲ ဝင်လာခဲ့သည်။

"ပန်..."

"ဘို..."

အခြေအနေက တစ်မျိုးပြောင်းသွားသည်။

ပန့်မျက်နှာလေးက ပြုံးနေသည်။

သူ့ကိုရှန်းရှန်းစားစားလေး မော့ကြည့်နေသည်။

ရာသီဥတု သာယာနေပါပြီ။





ဘိုက ပခုံးလေးကို ပွေ့ယူလိုက်သည်။

"မိုင်းသာဆောင်းက အရမ်းချမ်းတယ်နော် ဘို"

"ဟုတ်တယ် ပန်၊ ပန် သိပ်ချမ်းနေလား"

"အင်း...သိပ်ချမ်းသာပဲ"

"ဒါဆို ထ၊ အချမ်းပြေသွားအောင် မီးလင်းဖိုနားသွားနေကြရအောင်နော်"

"ကောင်းသားပဲ ဘို"

ဘိုက နှစ်ယောက်ခြုံစောင်ကြီးကို ဆွဲယူလိုက်သည်။ ထို့နောက် ပန့်ကိုယ်လုံးလေးကို စောင်နှင့် ထွေးပတ်လိုက်သည်။

"ကိုယ် ပွေ့သွားမယ်နော်"

"အို...ဘိုကလဲ"

ဘိုက ပန့်ကို ဖွေ့ခနဲပွေ့ကာ အခန်းထဲမှထွက်လာသည်။ မီးလင်းဖိုနားရောက်တော့ သိသိသာသာ နွေးသွားသည်။

"လက်တွေ မီးကင်ရအောင်"

ဘိုက ပန့်လက်အိတ်တွေကို ချွတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်အိတ်ကိုလည်း ချွတ်သည်။

ပြီးမှ ပန့်လက်ကလေးကို ထွေးဆုပ်ကာ မီးအပူငွေ့နားသို့ တိုးကပ်ထားလိုက်သည်။

ခဏချင်းမှာ လက်ဖျားတွေ နွေးထွေးသွားသည်။

လက်အိတ်မလိုတော့။

လက်ပြီးတော့ ခြေထောက်။

ပန့် ခြေဖျားလေးတွေကို ဆုပ်နယ်ပေးသည်။

"ဘို..."

"ဟင်..."

"ပန် ထမင်းဟင်း မချက်တတ်ဘူး သိလား"

" ပန် မချက်တတ်ရင် ဘိုချက်မှာပေါ့"

"အင်...ဘိုက ယောကျ်ားပဲ၊ ထမင်းမချက်ရပါဘူး"

"ယောကျ်ား ထမင်းမချက်ရဘူးလို့ ဘယ်သူပြောသလဲ၊ ကိုယ့်မိန်းမ ပင်ပန်းမှာစိုးလို့ ကိုယ်ချက်တာ ဘယ်သူ့ ဂရုစိုက်ရမလဲ"

ဘိုက ဂျစ်ကန်ကန် ပြောသည်။





ပန်က ဘို့ကိုကြည့်၍ ရယ်မိသည်။

ဘို့အယုအယတွေထဲမှာ မိန်းမောနေမိသည်။

ဘိုက စောင်အကြီးကြီးကို နှစ်ယောက်အတူ ခြုံ၍ ထိုင်ရင်း ပန့် ကိုယ်လုံးလေးကို သူ့ရင်ခွင်ထဲမှာ ရှိနေစေသည်။

သူ့လက်တွေက ပန့်ခြေဖျားလက်ဖျားလေးတွေကို ဆုပ်နယ်မီးကင်ပေးနေသည်။

ပန်က ဘို့လည်တိုင်ကို သိုင်းဖက်လိုက်မိရင်း...

"ဘယ်သူ့မှတော့ ဂရုစိုက်စရာမလိုဘူးပေါ့၊ ဒါပေမယ့် ဘိုပင်ပန်းမှာကို ပန်လည်း မကြည့်ရက်ဘူးလေ၊ ပန် မချက်တတ်ဘဲနဲ့ ချက်ရင်လည်း ဘို စားကောင်းမှာ မဟုတ်ဘူး"

"အဲဒီတော့"

"အိမ်ဖော်တစ်ယောက်လောက် ခေါ်ထားချင်တာပေါ့"

"မခေါ်ပါနဲ့ကွာ"

"ဘာဖြစ်လို့လဲ ဘိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဖော်ရှိနေတော့ ရှုပ်တာပေါ့၊ ဘိုတို့နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေတော့ မကောင်းဘူးလား"

"သွား...သူ့ဖို့ပဲသိ"

ပန် အကြံခက်သွားရပါသည်။

ပန့်ကိုက အသုံးမကျတာပါ။

ဦးဦး အိမ်မှာ နေတုန်းကလည်း အိမ်ဖော် နှစ်ယောက် သုံးယောက်က အရံသင့်။

တီတီကလည်း အိမ်မှုကိစ္စ နိုင်နင်းသည်။

ပန် ဘာမှလုပ်စရာမလို။

စာကျက်၊ အလုပြင်၊ သူငယ်ချင်းတွေနဲ့ လည်ပတ်။ ထမင်းဟင်းချက်ဖို့ သတိမရခဲ့။ ခုမှအခက်ကြုံနေရသည်။

ဘိုပြောတာလည်း ဟုတ်တာပဲ။ သူ လွတ်လွတ်လပ်လပ် နေချင်ရှာမှာပေါ့။

"ဒါတွေ ခေါင်းထဲမထည့်ပါနဲ့ ပန်ရယ်၊ ဒီလိုပဲ ဘိုတို့နှစ်ယောက် အတူတူ လုပ်ရင်းကိုင်ရင်း တတ်သွားမှာပါ"

"စားမကောင်းရင် ဘို စိတ်မညစ်ရဘူးနော်"





"မညစ်ဘူး စိတ်ချ၊ ပန့်မျက်နှာလေးကိုကြည့်ပြီး စားရရင် ဆားနဲ့စားလည်း ဝင်မှာပဲ"

"ဟွန်း...ဘို အပြောကောင်း"

ပန်က ဘို့ရင်ဘတ်ကို ထုလိုက်သည်။

ဘိုက ပန့်မျက်နှာပေါ် ငုံ့ချလိုက်သည်။

ပန့်နှာသီးဖျားလေးတွေ အေးနေသည်။

နှုတ်ခမ်းလေးတွေ ခြောက်သွေ့နေသည်။

မီးလင်းဖိုက အရှိန်ပြင်းပြင်း တောက်လောင်နေသည်။

"မချမ်းတော့ဘူးနော်"

နှစ်ယောက်စလုံး အချမ်းပြေသွားသည်။

"ပန့်အနွေးထည်ကြီးက ထူလိုက်တာ၊ မအိုက်ဘူးလား"

"အင်း...အိုက်သလိုပဲ"

"ချွတ်ထားလိုက်နော်၊ စောင်ကလည်း နွေးသားပဲ၊ ကိုယ့်ရင်ခွင်ကလည်း ဒီလောက်နွေးတာ"

ပန်က ဘို့ကို မျက်စောင်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုကတော့ လောင်းကုတ်အင်္ကျီရှည်ကြီးကို ချွတ်ထားလိုက်ပါပြီ။

ပန်းအနွေးထည်လေး ချွတ်ပေးပြီးတော့ ပန်နဲ့ လက်မောင်းသားလေးတွေကို ဆုပ်ညှစ်မိသည်။

စောင်ကြီးကို တင်းတင်းဆွဲခြုလိုက်သည်။

"သိပ်ချစ်တာပဲ ပန်ရယ်...အသက်ရယ်..."

"ပန်လည်း ဘို့ကို ချစ်ပါတယ်ရှင်"

ပန့်ကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ် ဖွေ့ဖက်ထားလိုက်သည်။ ပန့်လက်ချောင်းပျော့ပျော့လေးတွေ သူ့ကျောပြင်ကို သိုင်းဖက်တွယ်လာသည်။

မျက်ဝန်းလေးတွေ စေ့ပိတ်သွားသည်။

"ဘိုရယ်..."

ညည်းညူသံလေး တိုးဖွစွာ ပေါ်ထွက်လာသည်။

ဆောင်းညက ပို၍နက်ရှိုင်းလာသည်။

နှင်းစက်ကျသံတဖျောက်ဖျောက်ကို ကြားနေရသည်။ မီးလင်းဖိုအနီးတစ်ဝိုက်မှာတော့ နွေးထွေးနေပါ၏။





စကားသံများ တိုးလျှပျောက်ကွယ်သွားပါပြီ။

မီးလင်းဖိုရှိရာအခန်း မှန်ပြတင်းပေါက်နံဘေးမှ အရိပ်တစ်ခုကတော့ အမှောင်ထဲသို့ လှစ်ခနဲတိုးဝင်သွားခဲ့ပါသတည်း။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

♥ ♥ ♥

"ဘိုရေ...လာပါဦး၊ ပန် အဝတ်တွေ ရေမညှစ်နိုင်တော့ဘူး"

"လာမယ် ပန်ရေ...ခဏလေး...ခဏလေး၊ ဒီမှာ ဟင်းအိုးတူးသွားမှာစိုးလို့"

"အဲဒီ ဟင်းအိုးကို ချထားခဲ့ပါလားလို့၊ ဒီမှာက ပိုအရေးကြီးနေတာ"

"ဘိုင်း..."

"အား...အမလေး၊ သေပါပြီ...ဘိုရယ်"





"ပန်"

"ဂလွမ်...ဒုန်း...အား"

"ရှဲ...ဒေါက်...ဒေါက်"

ပန်တို့တိုက်ကလေးထဲမှာ အသံစုံမြည်နေသည်။

ပန်က အဝတ်တွေရေညှစ်ရတာ လက်တွေပွန်းလာလို့ ဘိုကိုလှမ်းခေါ်သည်။

ဘိုက ဟင်းအိုးချက်လျက် တန်းလန်းနှင့်မို့ ချက်ချင်း မသွားနိုင်။

ဒါကို ပန်က စိတ်ကောက်ပြီး ဘို့ဆီကို ရန်တွေ့ဖို့ ရေချိုးခန်းထဲမှအထွက် ဆပ်ပြာတုံးကို နင်းမိပြီး ဘိုင်းခနဲလဲသွားသည်။ ကိုင်ရိုက်ခံလိုက်ရသလိုပင်။

အော်သံကြားတော့ ဘို ပျာသွားသည်။

မီးဖိုရှေ့မှ လှည့်ထွက်တော့ ဟင်းအိုးကို လက်နှင့်တိုက်မိသည်။ ဂလွမ် ဂလုံ အသံပေးကာ ပြုတ်ကျသွားသည်။

ခြေထောက်ပေါ် ဟင်းရည်ပူတွေ မှောက်ကျလာသည်။ လက်ထဲက စတီးဇွန်းကို လွှင့်ပစ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



စတီးဖွန်းက လျှပ်စစ်မီးဖိုပေါ် ကျသွားသည်။ ရှဲခနဲ မြည်သွား၏။ မီးခလုတ်ကို ကမန်းကတန်း ပြေးပိတ်ရပြန်သည်။

"အား...နာလိုက်တာ၊ သေပါပြီ ဘိုရေ၊ ဘာလုပ်နေတာလဲ၊ မြန်မြန်လာလေ၊ ဒီမှ ပန်မထနိုင်တော့ဘူး"

"လာပြီ...လာပြီ"

"အသံ မလာနဲ့ လူလာ၊ လက်ထပ်တာဖြင့် နှစ်ရက် တစ်ပိုင်းပဲ ရှိသေးတယ်၊ ဘိုက ပန့်ကို ဂရုမစိုက်တော့ ဘူးပေါ့လေ၊ အဟင်း...အင့်...ဟီး"

ဘို ဒုက္ခရောက်နေတာကို ပန်က မသိ။ စွတ်အော် နေသည်။ ရန်တွေ့ရင်း ငိုနေသည်။

ဘိုက ခြေဖျားပေါ်မှာတင်နေသော ကြက်သားတုံး တွေကို ဆတ်ခနဲခါထုတ်ပစ်လိုက်ပြီး ပန့်ဆီပြေးသွားသည်။

နေချင်ဦးဟဲ့ နှစ်ယောက်တည်း။

ဘိုတို့နှစ်ယောက်တည်း ကြောင်းဆန်နေသည်။

"ပန်...ပန်"

"ဘာ ခုမှ ပန်လဲ၊ မလာနဲ့ သွား..."





ပန်က ရေချိုးခန်း ကြမ်းပြင်မှာ တုံးလုံးကလေး လဲနေသည်။

"ဒုက္ခပါပဲကွာ...ဘယ်နာသွားလဲဟင်"

ဘိုက ပန့်ကိုပွေ့ထူပေးလိုက်သည်။

"သွားဆို...မလာနဲ့၊ မထူနဲ့...သေပေစေ၊ ပန်သေတော့ ဘို နောက်မိန်းမ ယူရတာပေါ့"

"ဟာ...ပန်ကလည်းကွာ ပေါက်ကရတွေ မပြောရဘူး လေ၊ ဒီမှာ ဘို့ခြေထောက်ကို ကြည့်ပါဦးကွာ၊ အပူ လောင်ထားတာ နည်းတာမဟုတ်ဘူး၊ ပန့်ဆီပြေးလာမလို့ လှည့်အထွက်မှာ ဟင်းအိုးနဲ့ တိုက်မိသွားတာ"

"ဟယ်...ပြစမ်း...ပြစမ်း၊ အို...မနည်းပါလား ဘိုရယ်"

ပန် စိတ်ပြေသွားသည်။ ပျာပျာသလဲထကာ ဘို့ခြေထောက်ကို ကိုင်ကြည့်သည်။

"အင့်...အဟင့်...ဘိုရယ်"

"ဘာလို့ ငိုရတာလဲကွာ"

"ဘို့ကိုသနားလို့ပေါ့၊ ပန့်ကြောင့်ဖြစ်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်က ဘိုကို တအားဖက်ပြီး ငိုသည်။

"ဘို မနာပါဘူး ချစ်ရယ်...တိတ်နော်"

ပန့်မျက်ရည်စတွေကို ဘို့ပါးပြင်နှင့်ပွတ်သပ်ပြီး ချော့ရပြန်သည်။

ပန်က ကလေးလိုပါပဲ...ဘာမှမသိတတ်။

ဘို့ကိုတော့ ချစ်ရှာပါသည်။ ဘိုက အိမ်ဖော် မခေါ်လို။ ပျားရည်ဆမ်းကာလမှာ နှစ်ယောက်တည်းပဲ နေချင်သည်။ ဘယ်ကိုမှ ခရီးမထွက်။ ခရီးပန်းမှာ စိုးရိမ်သည်။

ဟိုတယ် မိုတယ်တွေမှာလည်း မနေချင်။

ဒီ ဥရောပပုံစံတိုက်ကလေးကို ပန့်အတွက် ရည်စူးပြီး ဆောက်ထားခဲ့တာပါ။

မင်္ဂလာဦးအချိန်တွေကို ဒီတိုက်ပုကလေးမှာပဲ လွတ်လပ်ပျော်ရွှင်စွာ ဖြုန်းတီးပစ်ချင်သည်။

ပတ်ဝန်းကျင်က ဆိတ်ငြိမ်သည်။

မြို့စွန် မကျတကျမို့ အနီးအနားမှာ ခြံကျယ်ကြီးတွေပဲ သီးသီးသန့်သန့် ရှိနေသည်။ တစ်အိမ်နှင့် တစ်အိမ် အဝေးကြီး။





ဘိုက ဟိုတယ်စာတွေကို မစားလို။

စားရပါများတော့ အီလာသည်။ အိမ်မှာပဲ ချက်စားချင်သည်။ နှစ်ယောက်အတူတူ ချက်ပြုတ်ရင်း ကြည်နူးလိုသည်။

အိမ်မှာ အိုးခွက်ပန်းကန်တွေ အဆင်သင့်။

ထမင်းအိုးက ပေါင်းအိုးမို့ ကရိကထ မများ။

ဒါတောင် ရေထည့်တာအချိုးမကျလျှင် ပြဲတစ်ခါ မာတစ်လှည့်။ ကြက် ဝက် ဘဲ ပေါင်းချင်လျှင် ပေါင်းအိုးက အဆင်သင့်။ အသားနူးအိုကြီးတွေလည်း အမြဲမစားချင်။

တစ်ခါတလေ ဆိုပြန်လေး ကိုယ်တိုင်ချက်စားရသည်။ တစ်ခါမှအစပ်အဟပ်မတည့်။ သို့ပေမယ့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြိတ်မှိတ်မျိုချရသည်။

တစ်ရက်နှစ်ရက်...ရက်ပေါင်းများလာသည်။

နှစ်ယောက်စလုံးက မလုပ်တတ် မကိုင်တတ်။

တစ်အိမ်လုံး ရှုပ်ပွနေပြီ။

မဖွပ်ရသေးသည့် အဝတ်တွေက တစ်ပုံတစ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုနားတစ်ထည်၊ ဒီနားတစ်ထည် ပြန့်ကျဲနေသည်။ နှစ်ယောက်စလုံးက ပရမ်းပတာ။ စည်းကမ်းမရှိကြ။

တော်ကြာ ဟိုပစ္စည်း ဒီရောက်၊ ဒီပစ္စည်းက ဟိုရောက်။ ပစ္စည်းတွေ နေရာတကျ မရှိတော့။

မီးလင်းဖိုသားမှာ ဆောင်တွေ အကျီတွေ ပုံနေသည်။ စနစ်တကျ လုပ်ကိုင်မည့်သူမရှိ။

ကြင်စဦးမှာ ချစ်ဆိပ် ချစ်သွေးမွန်နေသည်။

အလုပ်လုပ်ဖို့ စိတ်မပါ။ နှစ်ကိုယ်တူထွေးပွေ့ကာသာ နေချင်ကြသည်။

ဟင်းအိုးတွေ တည်ထားပြီး အနမ်းဖလှယ်မိကြသည်။ တွတ်တီးတွတ်တာစကား ဆိုမိကြသည်။ လောကကြီးကို သတိမရတော့။ သတိရလို့ သွားကြည့်တော့ ဟင်းအိုးက တူးနေပါပြီ။ ဘဲဥပြုတ်လျှင်တောင် အကျက်လွန်ပြီး စားမကောင်းတော့တဲ့အဖြစ်။

အစပထမတော့ အချိုးမကျတာတွေကို ဟာသလုပ်ပြီး ရယ်မောကြသည်။ ကြာလာတော့ ဘိုရောပန်ပါ စိတ်ညစ်စပြုလာသည်။





ကိတ်မုန့်တဝစား၊ ကော်ဖီများများသောက်ရသည့် အကြိမ်တွေ များလာသည်။ တစ်ခါတလေ ဟိုတယ်သွားစားကြသည်။ ပိုက်ဆံသာကုန်ပြီး များများမစားနိုင်ကြပါ။

ဘိုက လိမ္မော်ခြံ၊ လက်ဖက်ခြံတွေအားလုံး မန်နေဂျာနှင့် လွှဲထားသည်။

ညားခါစ ဇနီးမောင်နှံမှာ စီးပွားရေးကိုစိတ်မဝင်စားနိုင်။ အပျော်တွေကိုပဲ စားသုံးနေမိသည်။

ဘို့ မန်နေဂျာက သူငယ်ချင်း ‘မင်းထင်’။

မင်းထင်က အားကိုးရသူပါ။ ဘိုနဲ့ ညီအစ်ကိုလို ချစ်သည်။ ဘို့အိမ်မှာ အနေများသည်။ မင်္ဂလာဆောင်ကာနီးတော့ ဘိုက အပြတ်ပြောထားသည်။

“ဟော့ကောင်...ငါ့အိမ်ကို မင်း ခဏခဏလာပြီး မနှောင့်ယှက်နဲ့”

ပြောင်ပြောင်တင်းတင်း တားမြစ်ထားရသည်။

နို့မို့မလွယ်။ မင်းထင်က အလိုက်မသိရင် ကိုယ်ပဲ စိတ်ညစ်ရမည်။ ကိုယ်လင် ကိုယ်မယား အေးအေးဆေးဆေး နေရမှာမဟုတ်တော့။ မင်းထင်က နားလည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဒီလောက်တောင်ပဲလားကွာ၊ စိတ်

မလာဘူး၊ ငါ့ဘာသာအေးအေးဆေးဆေးပဲ အမဲပစ်ထွ

နေမှာပါကွာ၊ မင်း လိမ္မော်ခြံအတွက်လည်း စိတ်

နောက်ဆန်မတင်းနဲ့"

"ကောင်မလေးတွေလည်း ခဏခဏ ခေါ်မသွားနဲ့ဦး

"ဟာ...ဒါတော့ မရဘူး၊ မတားနဲ့ကွ...ဟား...ဟာ

မင်းထင်က အဲဒီလို လူစား။ အပျော်မက်သည်

ဘိုလို ရည်းစားထားရုံမဟုတ်။ မိန်းမပွေတ

ဘိုက ရည်းစားထားပေမယ့် ဘယ်မိန်းကလေးမှ မဖျက်ဆီ

မင်းထင်က ဒီလိုမဟုတ်။ မိန်းကလေးမြင်လျှ

အငမ်းမရ။ ကြေးစားမိန်းမတွေနှင့်လည်း ပျော်ပါးသည်။ အ

အကျင့်ဆိုးတစ်ခုတော့ မင်းထင်မှာ ရှိနေပါသည်။

အခြားကိစ္စတွေကတော့စိတ်ချရသည်။ ဘိုနှ

သူငယ်ချင်းကောင်းပီသသည်။ မင်္ဂလာပွဲတုန်းကလည်း အေး

ဆေးဆေး၊ ဘိုကိုအတင်းအကျပ်မခေါ်။ ဖရက်ဒီတို့လို မသော

ကျန်း။ ခုချိန် မင်းထင်အလည်လာလို့ကတော့ ဘိုတို့ အိမ်

ရှုပ်ပွပုံတွေကိုမြင်ပြီး...





"ဟိုက်...ရှာပါ"

ဟုသူ့အကျင့်အတိုင်း ရေရွတ်မှာ သေချာပါသည်။

"ဘိုရယ်...ဒါတွေအားလုံး ပန့်ကြောင့်ဖြစ်ရတာ၊ ပန့်အသုံးမကျလို့ဖြစ်တာ၊ ပန့်ကိုခွင့်လွှတ်ပါနော် ဘို"

ပန့်က ဘို့လည်ပင်းကို ဖက်ကာ တတွတ်တွတ်တောင်းပန်နေသည်။

နှစ်ယောက်သား ရေချိုးခန်းထဲမှာ အလွမ်းဘယ်လိုမဆုံးနိုင်သေး။ ဘိုက ပန့်ကို ထွေးပွေ့ကာ ချော့မော့ရသည်။

"ပန့်ကြောင့် မဟုတ်ပါဘူးအချစ်ရယ်၊ ဘိုက အိမ်ဖော်မခေါ်နိုင်းလို့ဖြစ်ရတာပါ၊ ခုတော့ ပန့်ပင်ပန်းနေပြီ၊ နောက်နေ့ကျရင် ဘို့သူငယ်ချင်း မင်းထင်ဆီ ဖုန်းဆက်ပြီး အိမ်ဖော်တစ်ယောက်လောက် ရှာခိုင်းလိုက်ရအောင်နော်"

"ဟင့်အင်း...မရှာခိုင်းနဲ့"

"ဘာဖြစ်လို့လဲ"

"ပန့်လည်း ဘိုနဲ့နှစ်ယောက်တည်းပဲ နေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်က ဘို့ရင်ခွင်ထဲ တိုးခွေ့ကာ မှုန့်နှံ့ပြော

"အချစ်ရယ်..."

ပန့်ချစ်စဖွယ် အမူအရာလေးကို ဘို အသည်း

သွားသည်။ ဘိုလည်း အပူလောင်တာကို သတိမရ။ ပန်

ခြေထောက်နာတာကို သတိမရ။ ဘို့တစ်ကိုယ်လုံးလည်း

ရွှဲနေပါပြီ။

ဘိုက ရေပန်းခလုတ်ကို လှမ်းနှိပ်လိုက်သ

ရေနွေးနွေးတွေ ဘိုတို့နှစ်ယောက်အပေါ် ဖြာကျလာ

လျှော်လက်စအဝတ်တွေကို ပစ်ထားလိုက်ကြသည်။

မလျှော်တော့ဘဲ ရေဆက်ချိုးလိုက်ကြသည်။

"စိတ်ညစ်တယ်၊ ရှုပ်ပွနေတာပဲ"

ပန်က ခဏခဏ ညည်းတတ်သည်။

"ဟုတ်ပါရဲ့ကွာ"

ဘိုက ထောက်ခံသည်။ သို့သော် ရှင်းဖို့

မစဉ်းစားဘဲ ပစ်ထားလိုက်သည်။

ရေချိုးပြီးတော့ ခေါက်ဆွဲထုပ်တွေစား၊ ကိတ်

စား၊ ကော်ဖီသောက်။ မီးလင်းဖိုနားမှာထိုင်ကာ တီဗွီကြ





"ဘိုရေ...ထိုင်စရာတောင် မရှိတော့ဘူး"

"ဟိုဘက် တွန်းပို့လိုက် ပန်"

"ကဲဟယ်...သွား"

"သွားစမ်း...ဒီဘူးတွေ"

"ခေါက်...ဂလောင်...ဂလောင်"

ရှုပ်ပွနေသည့်ပစ္စည်းတွေကို ပန်က တစ်ဖက်သို့

လိုက်သည်။ ဘီယာဘူးခွံတွေ၊ အချိုရည်ဘူးခွံတွေကို လွှင့်ပစ်

က်သည်။ ဒီနားမှာတော့ရှင်းသွားပြီ။ ဟိုးနားမှာ သွားရှုပ်

သည်။

"နေပစေ...တတ်နိုင်ဘူး"

ဟိုနားမှာနေချင်ရင် ဒီဘက်ကို တွန်းပစ်လိုက်မည်။

"အဟိ...ဟိ...ပန့်ရှင်းလင်းရေးက မမိုက်ဘူးလား ဘို"

ပန်က တခိခိရယ်ရင်း ဘို့ရင်ခွင်ထဲ ပစ်ဝင်လိုက်

ည်။ ပန်တို့နှစ်ယောက်ထိုင်တဲ့နေရာလေး ရှင်းနေရင်တော်

တစ်ခါတစ်ခါ မီးဖိုချောင်ထဲကအနံ့တွေ အိပ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲထိ လှိုက်ဝင်လာတတ်သည်။ ထမင်းသိုး ဟင်းသိုးတွေ၊ ဒီအတိုင်းပစ်ထားတော့ နံဆော်နေသည်။ ဘယ်ရမလဲ… အိပ်ခန်း တံခါး အလုံပိတ်ထားလိုက်တော့ အနံ့တွေပျောက်သွားသည်၊

အခုနေ ပန့် ဦးလေးနဲ့အဒေါ်သာ အိမ်လည် လာရင်…

"အမလေး…အမလေး…အမှိုက်ပုံထဲမှာ နေကြတာပါ လား"

ဟု ရင်ဘတ်စည်တီး အံ့သြသွားနိုင်ပါသည်၊ နေဦး… နေဦး၊ နောက်မှ စိတ်ပါတော့ ရှင်းလိုက်မည်။

"ဘို…ပန် ချမ်းတယ်ကွာ"

ပန်က ဘို့ရင်ခွင်ထဲတိုးဝှေ့ရင်း တီဗွီကြည့်သည်၊ အိပ်ခါနီးတော့ ဘိုက ပန့်ကို ဆွဲခနဲပွေ့ချီပြီး အခန်းထဲခေါ် သွားသည်။ ဘို့ရင်ခွင်ထဲမှာ ပန် နွေးနွေးလေး အိပ်ပျော်သွား သည်။

● ● ●



အခန်း (၄)

♥ ♥ ♥

"ဟယ်…"

ပန့် အံ့သြသံကြီးက အကျယ်ကြီး။ သံရှည်ဆွဲ၍ ထွက်လာသည်။

"ဘိုရေ…ဘိုရေ…"

"လာကြည့်စမ်း…ဒီမှာလာကြည့်စမ်း"

ပန်က ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ ဝမ်းသာလုံး ဆို့နေသံနှင့် ဘို့ကို အော်ခေါ်နေသည်။ ပန် အံ့သြရလွန်းလို့ပါ။ ကိုယ့်မျက်စိကိုပင် ကိုယ်မယုံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားသခင်...ဒါ ပန်တို့နေတဲ့အိမ်မှ ဟုတ်ရဲ့လား ရှင်"

ပန့် မယုံနိုင်သေး။ ထူးဆန်းလွန်းလို့ပါ။ ဒီနေ့ မနက်စောစော ပန် အပေါ့သွားချင်လာကာ အိမ်သာဘက် ထွက်လာတော့ ညှော်ခန်းကို ဖြတ်ရသည်။ ထမင်းစားခန်းကို ကျော်ရသည်။ မီးဖိုဘေးမှာ အိမ်သာရှိနေသည်။ အပြင်မှာ မိုး လင်းနေပါပြီ။ နှင်းကတော့ သိပ်မစဲချင်သေး။ အိမ်ထဲမှာလည်း ပျပျလင်းနေပြီ။

သို့သော် ဒါ ပန်တို့အိပ်ရာထချိန်မဟုတ်သေး။ တစ်ရေးနိုးပဲ ရှိသေးတာပါ။ အပေါ့အပါးသွားပြီးမှ ပြန်အိပ်ရ ဦးမှာ။ ပန့်မျက်လုံးတွေတောင် ကောင်းကောင်း မပွင့်ချင်သေး တာ။ မျက်ခွံတွေ လေးနေသည်။ လူကအိပ်မှုန်စုန်မွှား။ ခြေလှမ်း တွေက ယိုင်တိယိုင်ထိုး။

အိမ်သာအသွားတုန်းကတော့ ပတ်ဝန်းကျင်ကို သတိမပြုမိ။ မျက်လုံးကို လက်ခုံဖြင့်ပွတ်ကာသတ်ကာ အိမ်သာ ထဲ ကမူးရှူးထိုး ဝင်သွားသည်။ ပြန်ထွက်လာတော့မှ မျက်လုံး ကို အားယူဖွင့်ကြည့်မိသည်။





"အန်..."

ပန့် ပါးစပ်ဟောင်းလောင်းပွင့်သွားသည်။

စိတ်ထဲမှာ ဇဝေဇဝါ။

"ဒါ...ငါ့အိမ်မှာ ဟုတ်ရဲ့လား"

"ငါ ဘယ်ရောက်နေပါလိမ့်"

အိပ်မက်လိုလို ဇဝေဇဝါဖြစ်နေရသည်။ မီးဖိုချောင် တစ်ခုလုံး အသွင်ပြောင်းနေတာကို မျက်ဝါးထင်ထင် တွေ့နေ ရတာပါ။ အိုးတွေ ပန်းကန်တွေအားလုံး ပြောင်လက်နေသည်။ အားလုံး နေသားတကျ စီစီရီရီ၊ မာဘယ်လ် ကျောက်ပြားခင်း ကြမ်းပြင်မှာ ဖုန်တစ်စက်မရှိ။ ရေတစ်ကွက်မရှိ။ ပြောင်ချော သန့်ရှင်းနေသည်။ ထမင်းသိုး ဟင်းသိုးနံ့တွေလည်း မရတော့။ ပန်းတွေ၊ ယောက်မတွေက နံရံမှာ စနစ်တကျ ချိတ်ဆွဲထား သည်။

ပန့်မျက်လုံးလေးတွေ ဝိုင်းဝိုင်းလည်သွားသည်။ ရင်ဘတ်ကလေးကိုဖိပြီး ထမင်းစားခန်းထဲပြေးဝင်သွားမိသည်။

"ဟယ်..."



www.burmeseclassic.com

www.burmeseclassic.com



ပန် အံ့သြရပြန်သည်။ ထမင်းစားခန်းထဲမှာလည်း သပ်သပ်ရပ်ရပ်။ မနေ့က စားထားသော ပန်းကန်တွေကို မဆေးဘဲ ထားထားတာပါ။ စားပွဲပေါ်မှာ ပုံထပ်နေခဲ့တာ။ ခုတော့ စားပွဲပေါ်မှာ ဘာမှမရှိ။ နေရာအနှံ့မှာ ဖြစ်သလိုတင်ထားသော ဟင်းသီးဟင်းရွက်တွေ အပြင်မှာရှိမနေတော့။

ရေခဲသေတ္တာကို ဆွဲဖွင့်ကြည့်မိသည်။ အားလုံး သူ့အကန့်နှင့်သူ စီစီရီရီ ရှိနေသည်။ ပန်က ဧည့်ခန်းထဲ တဆွဆွ ပြေးသွားပြန်သည်။

"အားပါး...ရှင်းလို့လင်းလို့ပါလား..."

ပန်က အိမ်ရှေ့အိမ်နောက် လျှောက်ကြည့်သည်။

လျှော်ဖွပ်ထားသော အဝတ်တွေ။ စနစ်တကျ ချိတ် လှမ်းထားသည်။

"ဘိုရေ...ဘိုရေ..."

သေချာသွားတော့မှ ဝမ်းသာအားရခေါ်မိတာပါ။

"ဘိုရေ...လာကြည့်စမ်းပါဆို"

"ဟား...အိပ်ကောင်းနေတာကိုကွာ"





ဘိုက အိပ်ရာထဲမှာ မထချင်သေး။ ပန့်အော်သံကို မကြားတစ်ချက် ကြားတစ်ချက် မျက်လုံးမဖွင့်ချင်သေး။

"ဘိုရေ...ဘို..."

ပန်က အခန်းထဲပြေးဝင်လာသည်။

"ထ...ထပါဆို၊ လာကြည့်စမ်းပါ ဘိုရဲ့"

လှုပ်နှိုးလိုက်သည်။

"ဟင်...ဘာလဲ...ဘာလဲ...ပန်"

အိပ်ချင်မူးတူးဖြင့် ဘို ထထိုင်လိုက်ရသည်။

"မေးမနေနဲ့...လာလိုက်ကြည့်"

ပန်က ဘို့လက်မောင်းကို အတင်းဆုပ်ကိုင်ဆွဲခေါ် သွားသည်။

"ဟိုမှာကြည့်စမ်း ဘို၊ ဟိုမှာကြည့်လိုက်စမ်း"

ပန်က လက်ညှိုးတထိုးထိုးနှင့် တစ်အိမ်လုံးအနှံ့ ညွှန်ပြနေသည်။

"ဟား..."

ဘိုက မျက်လုံးကို ပွတ်၍ကြောင်တောင်တောင် လိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား..."

ဘိုမျက်လုံးတွေ ပြူးကျယ်သွားသည်။

မြင်ကွင်းက ပြောင်းနေပြီကိုး။

"ကြည့်စမ်း...သပ်ရပ်သန့်ရှင်းနေတာပဲ၊ ဘိုမိန်းမက သိပ်တော်တာပဲကွာ"

"ဟင်...ဘို ဘာတွေပြောနေတာလဲ၊ အိပ်မှုန်စုံမွှားနဲ့"

"ဒါတွေ...ဒါတွေက ပန် ရှင်းထားရတာမဟုတ်လား၊ ဘို အိပ်ရာနိုးရင် အံ့ဩသွားအောင် မိုးမလင်းခင်ကတည်းက အလုပ်တွေ လုပ်နေရတာမဟုတ်လား၊ ဘိုမိန်းမလေး သနားပါတယ်ကွာ၊ အရမ်းပင်ပန်းနေပြီ၊ ဘိုကိုနိုးရောပေါ့၊ ဘိုလည်း ကူလုပ်ပေးမှာပေါ့ အချစ်ရယ်"

ဘိုက ညည်းညည်းညူညူလေးပြောရင်း ပန့်ခါးကျဉ်ကျဉ်လေးကိုဆွဲဖက်ကာ ရင်ချင်းကပ်ထားလိုက်ပါသည်။

"အွန်...မဟုတ်ဘူး ဘိုရဲ့"

ပန်က ဘို့ရင်ဘတ်ကိုတွန်းထားလိုက်ရင်း ငြင်းချက် ထုတ်လိုက်ရပါသည်။ စိတ်ထဲမှာတော့ ရယ်ချင်သွားသည်။ ပန်လား အစောကြီးထပြီး အလုပ်လုပ်မှာ။





"ဘိုမိန်းမက အဲလောက် ဝီရိယမကောင်းပါဘူး ဘိုရယ်"

"ဟင်...ဒါဖြင့်..."

"ပန် အိပ်သာထသွားတော့မှ တွေ့လိုက်ရတာ၊ တစ်အိမ်လုံး ရှင်းလင်းနေတာပဲ၊ ဘယ်သူလာလုပ်သွားလဲ မသိဘူး"

"ဟုတ်ရဲ့လားကွာ၊ ဘယ်သူက အိမ်ထဲဝင်နိုင်မလဲ"

ဘိုက မယုံနိုင်။

"ပန် ဘို့ကို မညာနဲ့နော်၊ ဒါတွေ ပန်လုပ်ပြီး ဘို စိတ်မကောင်းမှာစိုးလို့ ညာနေတာမဟုတ်လား၊ မှန်မှန် ပြော"

ပန်က မျက်လုံးလေးပြူးကာ ဘို့ကိုကြည့်သည်။ ပြီးမှ တစ်စုံတစ်ခုကို တွေးမိသွားသလိုဖြင့် လက်ညှိုးကလေး ထောင်ကာ...

"ဘို ပန်အခုမှတွေးမိတယ်၊ ဘို သရုပ်ဆောင် ကောင်း မနေနဲ့နော်၊ ဒါတွေ ပန်မသိအောင် ဘို ထပြီးလုပ်ထားတာပဲဖြစ်ရမယ်၊ ပန်အံ့ဩသွားအောင် ဟန်ဆောင်နေရတာ မဟုတ်လား၊ မှန်မှန်ပြော မညာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဘို့မျက်နှာ ပြုံးစိစိဖြစ်သွားသည်။ ခုမှ ပန်း အော်ဟစ်လှုပ်ရှားနိုင်လွန်းလို့ တစ်ရေးနိုးတာ၊ အစောကြီးထပြီး အလုပ်လုပ်ဖို့ စိတ်တောင်မကူးမိပါ။

"ပန် လုပ်ထားတာ မဟုတ်လားကွာ"

"ဘို လုပ်ထားတာပဲနေမှာပါ"

"ပန် မညာနဲ့နော်"

"ဘိုသာ ညာနေတာ"

နှစ်ယောက်သား သံသယကိုယ်စီနှင့် ငြင်းခုံနေကြသည်။

"ဘို စိတ်မကောင်းမှာစိုးလို့ ပန် ညာနေတာပါ"

"ပန် စိတ်မကောင်းမှာစိုးလို့ ဘိုညာနေတာပါ"

နှစ်ယောက်စလုံးက ဒီလိုပဲတွေးသည်။ ဒီလိုမှ မဟုတ်ရင် ဒီအိမ်ထဲကို ဘယ်သူဝင်လာနိုင်မလဲ။ သူခိုးမှပဲ ဝင်နိုင်မည်။ သူခိုးကတော့ အလုပ်တွေ လုပ်ပေးသွားမလား။ အိမ်ထဲမှာလည်း ဘာပစ္စည်းမှ မပျောက်။

"အဟိ...ဟိ...ဘို မလုပ်တာသေချာရင်တော့ ပန်တို့ကို





အမြင်မတော်တဲ့ သမာဒေဝနတ်ကောင်းနတ်မြတ်တွေ စောင်မသွားတာပဲ ဖြစ်ရမယ်"

ပန်က ဘို့ရင်ခွင်ထဲ မျက်နှာလေးကပ်ထားလိုက်ရင်း တခိခိရယ်နေသည်။ ဘိုက ပြုံးစိစိနှင့် ပန့်ခေါင်းလေးကို ပွတ်ပေးနေရင်း...

"ပန် မဟုတ်ဘူးဆိုရင် ပုံပြင်ထဲကလို နတ်သမီးလေး လာလုပ်ပေးသွားတာနေမှာပေါ့"

"နတ်သားလေးကော မဖြစ်နိုင်ဘူးလား"

"ပန်က နတ်သားလေး လာလုပ်ပေးမှ ကြိုက်တယ်ပေါ့"

"ဘိုကရော နတ်သမီးလေး လာလုပ်ပေးမှ ကြိုက်တာ မဟုတ်လား၊ ဟွန်း...စာတိုပြမလာနဲ့"

"ဟား...ဟား...ဘိုတို့နဲ့တွေ့မှ နတ်သား နတ်သမီးတွေ တောင် အကောင်းမနေရတော့ပါလားကွာ"

စကားနိုင်လုပြီး ရယ်လိုက်မိကြသည်။

ခဏကြာတော့ ဘိုက သတိတရနှင့်...

"ဪ...ပန် ညက တံခါးတွေ သေသေချာချာ ပိတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ပိတ်...ဟင်...နောက်ဘက် မီးဖိုချောင်နားကတံခါး မပိတ်မိဘူးထင်တယ်၊ ဘို ပိတ်မလာဘူးလား"

"မပိတ်မိဘူး"

ခုမှ သတိရသွားကြသည်။

"လာ...လာ...သွားကြည့်ရအောင် ဘို"

ပန်က ဘို့လက်ကိုဆွဲပြီး နောက်ဘက်သို့ ပြေးလာခဲ့သည်။ ဟုတ်ပါရဲ့။ နောက်ဖေးတံခါးက ဟောင်းလောင်းပွင့်နေသည်။ ပန်က အပြင်ဘက်သို့ ခေါင်းပြူကာ ဟိုဟိုဒီဒီ ကြည့်လိုက်မိသည်။

"ဟင်...ရှင်...ရှင်..."

ပန် အလန့်တကြား နောက်ဆုတ်လိုက်မိသည်။ မိန်းမတစ်ယောက်ကို ဘွားခနဲ တွေ့လိုက်ရလို့ပါ။

ထိုမိန်းမက မီးဖိုချောင်နှင့်ကပ်လျက် ထင်းရှူးပင်ကိုမှီ၍ ခေါင်းငုံ့ကာ ခပ်ရို့ရို့ ရပ်နေသည်။

"ဘို ကြည့်စမ်း...ဘယ်ကမိန်းမလည်း မသိဘူး၊ ပန်တို့ခြံထဲ ရောက်နေတာ"





ဘိုကလည်း ပန့်ဆောမှာလာရပ်ပြီး လှမ်းကြည့်သည်။ ဘိုတို့ခြံစည်းရိုးက ခပ်နိမ့်နိမ့်။ အုတ်တံတိုင်းပေမယ့် ကျော်ဝင်လို့ လွယ်ပါသည်။ ဒါကြောင့် ဒီမိန်းမ အလွယ်တကူ ဝင်နိုင်တာဖြစ်မည်။

"ကျွန်မ...ကျွန်မ...အလုပ်လိုချင်လို့ပါရှင်၊ မနက် အစောကြီးက ဒီအိမ်မှာ ထမင်းကျန်ဟင်းကျန်လေးတွေ တောင်းစားရင်း အလုပ်လုပ်စရာရှိရင်လည်း လုပ်ပေးရအောင် ဝင်လာမိတာပါ၊ ဒီရောက်တော့ နောက်ဖေးတံခါးပွင့်နေတာနဲ့ ခေါ်ကြည့်ပါသေးတယ်၊ ထူးသံမကြားတော့ အိမ်ထဲမှာ လူရှိမှာပဲဆိုပြီး ဝင်လာမိတာပါ၊ ပစ္စည်းတွေ ရှုပ်နေတာတွေ့လို့ ရှင်းပေးထားပါတယ်၊ ဘာပစ္စည်းမှ မယူပါဘူး၊ အိမ်ရှင်တွေနိုးမှပဲ အကျိုးအကြောင်း ပြောပြဖို့ စောင့်နေတာပါ"

အမျိုးသမီးပုံက ရိုကျိုးနှိမ့်ချလွန်းသည်။ ပန်တို့ကို တလေးတစား ပြောပြနေသည်။

ပန်က ဘိုကို မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နှယ့်လဲ"

ဆိုသည့်သဘော။ ပန့်စိတ်ထဲမှာတော့ သဘော ကျနေပါပြီ။ အိမ်တံခါးပွင့်နေလျက်၊ ပစ္စည်းတွေ ခိုးသွားလို့ ရပါလျက် ခိုးမသွားတာဟာ အင်မတန် ရိုးသားလို့ပဲမဟုတ်လား။ အလုပ်လိုချင်လို့တဲ့။ ပန်တို့မှာလည်း ပေးစရာအလုပ်တွေ အများကြီးရှိနေသည်။ အခု သူလုပ်ပေးထားတာ ဘယ်လောက် အဆင်ပြေလဲ။ စမတ်ကို ကျနေသည်။ သန့်လို့ ရှင်းလို့။

လွတ်လွတ်လပ်လပ် နေချင်ပေမယ့် အားမတာ တော့လည်း မာန်လျှော့ရတော့မည်။ ကိုယ်မှမလုပ်နိုင်တော့ဘဲ ကိုး။ ရှေ့ဆက် နှစ်ယောက်တည်းစခန်းသွားလို့မှ မဖြစ်တော့ တာ သေချာနေသည်။ ကြာရင် အိမ်က အမှိုက်ပုံဖြစ်သွားမည်။

ပန်က ထိုမိန်းမရဲ့ ဥပမိရုပ်ကို အကဲခတ်ကြည့် မိပါသည်။ ရုပ်က ရွက်ကြမ်းရေကျို။ အသားက ဖြူဖြူကြမ်း ကြမ်း။ မျက်လုံးတွေကညိုပြီး စူးရဲနေသည်။ ပြတ်သားရဲရင့်မည့် ပုံ။ မျက်ဝန်းထဲမှာ ညို့မြူဟန်တွေမရှိမှ ဘိုနဲ့ စိတ်ချရမှာ မဟုတ်လား။





မေးရိုးက လေးထောင့်စပ်စပ်။ အရပ်မနိမ့်မမြင့်။ ကိုယ်လုံး ခပ်ပြားပြား။ ဆံပင် ခပ်နီနီ ပွတာတာကို နောက်မှာ စုစည်းထားသည်။ စုတ်ပြဲနေသော အနက်ရောင်ဆွယ်တာနှင့် ရှမ်းဘောင်းဘီအရောင်မွဲမွဲကို တွဲဝတ်ထားသည်။ ကိုယ်နေဟန် ထားရော မျက်နှာကျပါ ယောကျ်ားဆန်သည်။ အသက် သုံးဆယ်ခန့်။ ပုံစံက ဘို ကြွေလောက်မည့်ပုံမျိုးမဟုတ်တာမို့ ပန်က ပို၍သဘောကျပါသည်။

ဘိုက အစကတည်းက ခပ်ရှုပ်ရှုပ်ရယ်။ အိမ်ဖော် ယင်ငယ်ချောချော နုနုညှံ့ညှံ့လေးတွေတော့ မထားရဲပါ။ ဒီအမျိုးသမီးဆိုရင်တော့ ဟန်ကျပြီ။

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

ဘိုက လှမ်းမေးသည်။

"နန်းမေနီပါ"

"ဘယ်မှာ နေလဲ"

"မိုးညှိုရွာမှာပါ"

"ဘယ်သူနဲ့နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေနဲ့နေပါတယ်၊ အဖေက ဒုက္ခိတပါ၊ အမေက ယာလုပ်ပါတယ်၊ ကျွန်မက အိမ်ကို ငွေထောက်ချင်လို့ မိုင်းသာမှာ အလုပ်လာရှာရင်း ပိုက်ဆံပြုတ်သွားလို့ ထမင်းမစားရတာ သုံးရက်လောက်ရှိပါပြီ၊ အစ်ကိုလေးတို့ အလုပ်ပေးရင် ဒီမှာအလုပ်လုပ်ရင်း ကျွန်မရဲ့လုပ်အားခနဲ့ ကျွန်မမိဘကို ထောက်ပံ့ချင်ပါတယ်"

ဘိုကို အစ်ကိုလေးတဲ့။ တူအရွယ် မောင်အရွယ်ကို တရိုတသေခေါ်ခြင်းဖြစ်သည်။

ဘိုက ပန့်ကို လှည့်ကြည့်သည်။

"ပန် ဘယ်လိုသဘောရသလဲ"

"ခေါ်ထားရင် ကောင်းမလားလို့၊ ဘိုရော"

"အင်း ... ခေါ်ထားရင်တော့ အဆင်ပြေမှာ အမှန်ပဲ"

ဘိုက ခေါင်းတစ်ချက်ဆတ်လိုက်ရင်း ...

"ဒီလိုဆိုရင် ခင်ဗျားကို ကျွန်တော်တို့အိမ်မှာ အလုပ်ပေးမယ်၊ ဒီမှာပဲနေ၊ အိမ်အလုပ်တွေ လုပ်ပေးပေါ့၊ စားပြီးသောက်ပြီး လခ နှစ်သောင်းခွဲဆို ခင်ဗျား ကျေနပ်နိုင်မလား"





"ဟုတ်ကဲ့ ... ကျေနပ်ပါတယ်ရှင်"

"ခင်ဗျားအိမ်ကိုတော့ တစ်လတစ်ခါ ပြန်ခွင့်ပေးမယ်"

"ဟုတ်ကဲ့"

"အိမ်ထဲဝင်ပါ အစ်မ"

အဆင်ပြေသွားပြီမို့ ပန်က ပြုံးရွှင်စွာ ဖိတ်ခေါ်လိုက်သည်။

"ကျွန်မနာမည်က ပန့်၊ ကျွန်မ ယောကျ်ားနာမည်က ဘို ပါ"

ပန်က မိတ်ဆက်ပေးလိုက်သည်။ မီးဖိုချောင်နားက အခန်းလွတ်မှာ နန်းမေနီကို နေစေသည်။ နန်းမေနီမှာ ဘာပစ္စည်းမှ မပါ။ အဝတ်တစ်ထည်ကိုယ်တစ်ခု။ ပန့်အဝတ်ဟောင်းတွေ ထုတ်ပေးလိုက်သည်။ အိပ်ရာပစ္စည်းတွေ ပေးရသည်။

"အစ်မ ထမင်းဆာရင် ရေခဲသေတ္တာထဲက စည်သွတ်ဘူးတွေ ဖောက်စားနော်၊ အစ်မစားချင်တာ ယူစား၊ ပန်တို့စားသလိုသာစား၊ အားမနာနဲ့၊ ငွေလိုရင်လည်း ပန့်ကိုပြော"



www.burmeseclassic.com

www.burmeseclassic.com



ပန်က သနားတတ်တာပါ။ ထမင်းဆာနေတဲ့ကြားက အလုပ်တွေလုပ်ပေးထားရတာ သနားပါတယ်။ ပန်က ထမင်း မငတ်စဖူး။ ငတ်နေသည့်သူတွေကို အံ့ရမ်းသနားသည်။ အစ်မနန်းမေနီက မိဘတွေကို လုပ်ကျွေးချင်သူမို့ ပို၍သနားမိပါသည်။

"နန်းမေနီပြောတာတွေဟာ အမှန်တွေမှ ဟုတ်ရဲ့လား"

ဟု ပန် မစဉ်းစား။

"နန်းမေနီရဲ့ အတိတ်ဟာ ဘယ်လိုရှိခဲ့သလဲ"

ဆိုတာလည်း ပန် စိတ်မဝင်စား။ လောလောဆယ် အလုပ်တွေလုပ်ထားပေးသည့်အတွက် ပန် ကျေးဇူးတင်နေမိသည်။ လိုက်လိုက်လဲလဲ ကြိုဆိုမိသည်။

နန်းမေနီ ဆိုသော မိန်းမတစ်ယောက်ကတော့ဖြင့် ဘိုနဲ့ပန်တို့ရဲ့ အိမ်ဂေဟာလေးအတွင်းသို့ အလွယ်တကူ ချဉ်းနင်းဝင်ရောက်နိုင်ခဲ့ပါပြီ။

● ● ●



## အခန်း (၅)

♥ ♥ ♥

"နောင်...နောင်...နောင်"

နေ့စဉ် ကြားနေကျ မောင်းသံ။

"ဘို...ထမင်းသွားစားကြမယ်လေ"

"ဟား...ဟင်းနံ့ကတော့ မွှေးနေတာပဲ"

"အစ်မမေနီ ချက်တာတွေက အရမ်းစားကောင်းတာပဲနော်၊ ပန်တို့ ချက်တာနဲ့ တခြားစီပဲ"

"စားကောင်းတိုင်း နင်းကန်မစားနဲ့ဦး၊ တော်ကြာ ဝလာလို့ မလှဘဲနေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်...သူ့ကျတော့ မစားတာကျနေတာပဲ၊ သုံးပန်းကန်လောက် စားပြီးတော့များ"

ပန်တို့တွေ စားကောင်းသောက်ကောင်း မိမ်ကျနေကြတာ တစ်လလောက် ရှိတော့မည်။ ဆင်စွယ်နှစ်ခုကြားမှာ ချိတ်ဆွဲထားသည့် ငှေမောင်းလေးက ခုမှ အသုံးဝင်နေသည်။

ထမင်းပွဲ အသင့်ပြင်ပြီးတော့ နန်းမေနီက မောင်းလေးကို ထုလိုက်သည်။ ဘိုတို့လင်မယားအခန်းထိ လာမခေါ်။ နန်းမေနီက အလိုက်သိသည်။ ကျိုးနွံသည်။ အိမ်ထဲမှာ ရှင်းလင်ရုံနှင့်အားမရ။ ခြံထဲဆင်းကာ အပင်တွေပြုစုသည်။ အမှိုက်တွေရှင်းပေးသည်။ အားကိုးရသော အိမ်ဖော်ကောင်း တစ်ယောက်ပါ။ ဟင်းချက်ကလည်း အလွန်ကောင်းသည်။ ဖွယ်ဖွယ် ရာရာ စီစဉ်ပေးတတ်သည်။

ပျားရည်ဆမ်းကာလကို လွန်လာတော့ ဘိုနဲ့ပန်လည်း အမြဲယုယတွေးမွေ့ မနေနိုင်တော့။ လိမ္မော်ခြံတွေဘက် ခြေဦးပြန်လှည့်ရသည်။ ဘိုက တစ်ခါတလေ အမဲပစ်ထွက်သည်။ ဘိုက အမဲပစ်ဝါသနာပါသည်။ ဘိုအပြင်သွားလျှင် မမေနီက ပန့်ရဲ့အဖော်။ မမေနီက ပန့်ကို...





"ပန်ပန်"

ဟု ခေါ်သည်။ ညီမတစ်ယောက်လို ချစ်သည်။ မမလေး ခေါ်လို့ မနည်းတားထားရခြင်းပါ။ ဘို့ကိုလည်း...

"ဘို"

ဟုပင် ခေါ်ခိုင်းထားရပါသည်။ မမေနီက စကားနည်းပါ၏။ တစ်ခါတလေ တစ်နေ့လုံးနေလို့ စကားတစ်ခွန်း မပြော။ အလုပ်ကိုတော့ များများလုပ်သည်။

မမေနီက ဒေလီယာပန်းကြိုက်ပုံရသည်။ အိမ်ထဲက ပန်းအိုးတွေမှာ ဒေလီယာပန်းတွေပဲ အမြဲထိုးထားတတ်သည်။ မမေနီ နှုတ်ခမ်းတွေက အမြဲလို တင်းတင်းစေ့နေသည်။ မျက်နှာထား တည်သည်။ မျက်ဝန်းညိုတွေကို ကြည့်ရတာ တစ်မျိုးကြီး။ သူမကိုကြည့်ရတာ ပဟေဠိတစ်ပုဒ်ပင်။

"ဘို...မမေနီကို ကြည့်ရတာ တစ်မျိုးကြီးပဲနော်၊ စကားလည်း သိပ်မပြောဘူး"

ပန်က ထိုသို့ပြောမိသည်။

"ဘဝဒဏ်အထုအထောင်းတွေ ခံထားရလို့ ဒီလိုပုံဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ နေမှာပါ ပန်၊ သူ့အိမ်တိုလည်း သတိရနေမှာပေါ့"

"သနားပါတယ်နော်"

ပန်က မမေနီရဲ့ ထိုပုံစံကိုပဲ သနားနေမိသည်။

"တချို့အိမ်ဖော်တွေက အလုပ်နည်းနည်းလုပ်ပြီး စကားများများပြောကြတာ၊ အဲဒီတော့ စကားတွေရှုပ်ပြီး ပြဿနာဖြစ်ကုန်ကြရော၊ အခုလို စကားနည်းပြီး ကျိုးနွံတဲ့ အိမ်ဖော်မျိုး ရှားတယ်"

"ဟုတ်တယ်နော်...မမေနီက ရိုးသားတာ အရမ်းပဲ"

လင်မယားနှစ်ယောက်စလုံး မမေနီကို သဘောကျနေမိကြသည်။ ပန်တို့ ထမင်းစားပွဲမှာဝင်ထိုင်တော့ မမေနီက အနားမှာရပ်ကာ လိုတာထည့်ပေးသည်။ စားကောင်းရဲ့လား၊ ဘာ...ညာ လောကွတ်တွေ မလုပ်တတ်။

"မမေနီ စားပြီးပြီလား"

"မစားရသေးဘူး ပန်ပန်"

"တစ်ခါတည်း ဝင်စားလိုက်ပါလား"





"ပြီးတော့မှ ကျွန်မဘာသာ စားလိုက်ပါမယ်"

"ဆာနေမှာပေါ့"

"ကျွန်မ မဆာသေးပါဘူး"

မမေနီက သူ့ကိုယ်သူ 'ကျွန်မ' ဟုသာ သုံးနှုန်းတတ်ပါ၏။ ပန်တို့က အဆင့်အတန်းမကွဲလေမယ့် သူမက အလိုက်သိသည်။ အမြဲလို ပန်တို့စားပြီးမှ စားတတ်သည်။ ထမင်းစားပြီးတော့ ဘိုက ခြံထဲသွားဖို့ပြင်သည်။ ရာသီဥတုအေးတာမို့ ပန်နဲ့ကို ခေါ်မသွား အအေးမိမှာ စိုးရိမ်သည်။ မမေနီက ပန်တို့ နှစ်ယောက်ရှေ့မှာ လာရပ်ရင်း...

"ကျွန်မ အလုပ်ဝင်တာ မနက်ဖြန်ဆို တစ်လပြည့်ပါပြီ ပန်ပန်၊ ကျွန်မ မနက်ဖြန် အိမ်ခဏပြန်ပါရစေ"

"သြော်...ပြန်ဝါ မမေနီ၊ လခလည်းယူသွားပါ၊ မမေနီ ဘယ်နှစ်ရက် ကြာမှာလဲ"

ဘိုက ဝင်မေးသည်။

"နှစ်ရက်လောက်တော့ နေချင်ပါတယ်"

"ခင်ဗျားမရှိရင် ကျွန်တော်တို့လင်မယား စားရေးသောက်ရေး ခက်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရက်စာ ဟင်းချက်ပြီး ရေခဲသေတ္တာထဲမှာထည့်ထားခဲ့ပါတယ်၊ စားခါနီးမှ ထုတ်ပြီးနွှေးစားရုံပါပဲ၊ ထမင်းအိုး တစ်လုံးပဲ ချက်ရမှာပါ"

"ဟား...ဒါဆို အိုကေပေါ့၊ ကျေးဇူးပဲ မမေနီ၊ ပန်ရေ... မမေနီအတွက် ဘောက်ဆူး ထပ်ပေးလိုက်ဦးနော်"

မမေနီက ပန် ထုတ်ပေးသည့် ပိုက်ဆံ ငါးထောင်ကို လှမ်းယူပြီး နောက်ဘက် ပြန်ဝင်သွားသည်။

ဘိုက ပန့်ခါးလေးကို လှမ်းဖက်လိုက်ရင်း...

"ပန်...ကိုယ် အပြင်ခဏသွားလိုက်ဦးမယ်နော်"

ဟု ပြောတော့ ပန်က မျက်လုံးလေး မခို့တရို့ ဖွေကြည့်ရင်း...

"မြန်မြန်ပြန်လာနော်၊ ကိုမင်းထင်ကြီးခေါ်ရင် လိုက်မသွားနဲ့"

"စိတ်ချ...ပန်၊ ဘို ချက်ချင်းပြန်လာမှာပါ၊ လိမ္မော်သီးဖိုးတွေ သွားယူရုံပဲလေ"

ပန်က ဘို့လက်မောင်းကိုတွဲကာ ကားနားအထိ လိုက်ပို့ရင်း မခွဲနိုင်မခွာရက် မှာနေသည်။





ဘိုက ပန့် ခါးလေးကိုဖက်ကာ နဖူးလေးကို ဖွဖွလေး ငုံ့နမ်းရင်း နှုတ်ဆက်နေသည်။

အိမ်ရှေ့ဘက်သို့ တံမြက်စည်းလဲ့ရန် ပြန်ထွက်လာသော နန်းမေနီမှာ အိမ်ရှေ့မှ မြင်ကွင်းကိုတွေ့သည်နှင့် နောက်ဖက်သို့ ချာခနဲ လှည့်ဝင်သွားသည်။

နန်းမေနီရဲ့ မျက်ဝန်းညိုများက သိမ်းငှက် တစ်ကောင်ရဲ့မျက်ဝန်းတွေလိုပဲ စူးရဲတောက်ပနေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

❤ ❤ ❤

နံနက်ခင်းသည် ကောင်းစွာ နှင်းမစဲသေး…။

နန်းမေနီသည် မိုင်းသာမြို့ပြင်လမ်းအတိုင်း ခပ်သွက်သွက် လျှောက်လာသည်။ ထို့နောက် မြေနီလမ်းသွယ် လေးထဲ ချိုးကွေ့ဝင်လိုက်သည်။

မိုင်းသာမြို့ပြင်နှင့် ခပ်ဝေးဝေးမှာ တောအုပ်ရှိသည်။ မိုးညိုရွာနှင့် နီး၏။ တောအုပ်က မိုင်းသာမြို့ပြင်နှင့် မိုးညိုရွာ ကြားမှာ ရှိနေခြင်းပါ။ တောလမ်းက ကြမ်းသည်။ ဖြတ်လမ်း ဖြစ်၍ ချုံတွေထဲ တိုး၍သွားရသည်။ လေတွေ တဟူးဟူးတိုက်





လာသည်သို့ နှင်းစဲသွားပြီ။ နန်းမေနီရဲ့ဆံပင်ပွပွမှားဖားကြီးက တလွင့်လွင့်။ ရှမ်းဘောင်းဘီပွပွကလည်း တဖျပ်ဖျပ်လှုပ်နေသည်။ မောထားသောမျက်နှာက ခပ်တင်းတင်း။ ခြေလှမ်းသွက်သွက် အားမာန်ပါပါ လျှောက်နေသည်။

ဆူးတွေနှင့် အသားနှင့် ခြစ်မိသည်။ နန်းမေနီ ဂရုမစိုက်။ ညီမလေးရှိရာကို ရောက်ချင်ဇော ကပ်နေသည်။ ညီမလေး ဘယ်လိုနေရှာမလဲ။ မေနီတွေ့ချင်လှပါပြီ။ တောအုပ် ထဲကို ဝင်လာမိသည်။ ခဏကြာတော့ တောအုပ်ရဲ့အစွန်မှာ အိမ်နီကြီးကို ဘွားခနဲ မြင်လိုက်ရသည်။

မေနီ့မိဘတွေ ဆောက်ခဲ့တဲ့အိမ်ကြီးပါ။ အရင်တုန်း ကတော့ ဒီနားတစ်ဝိုက်မှာ မေနီတို့ရဲ့ သစ်တော်ခြံတွေရှိသည်။ အေးအေးဆေးဆေး နေချင်တာမို့ ခြံတွေနဲ့နီးနီး၊ လူတွေနဲ့ ဝေးဝေး ဒီနေရာလေးမှာ ဟော်နန်းတမျှ ခမ်းနားသော အိမ်ကြီး ကို ဆောက်ခဲ့ကြခြင်းပါ။

ခုတော့ အိမ်ကြီးက ပျက်စီးယိုယွင်းနေပြီ။ နေရာ ကလည်း ခေါင်သည်။ တော်ရုံလူ မရောက်။ အိမ်ကြီးရဲ့ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်မှာ စမ်းချောင်းကလေးရှိသည်။ စမ်းချောင်းက ခေါင်းလောက်အထိ နက်သည်။

စမ်းချောင်းရဲ့အခြားတစ်ဖက်မှာ မယ်မယ်နဲ့ ဘဘရဲ့ ဂူနှစ်ဂူရှိသည်။ ဂူပေါ်မှာ ရေညှိ၊ အမှိုက်သရိုက်တွေမရှိ။ မေနီက အမြဲသန့်ရှင်းပေးထားခဲ့တာပါ။ အိမ်ကြီးက တိတ်ဆိတ်သက်လွန်းသည်။ မေနီ အိမ်ရှေ့ရောက်သည်အထိ ညီမလေးရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ရသေးပါ။

"ဝေါင်း...ဝုတ်...ဝုတ်"

ခွေး သုံးကောင်။

"စက္က"

"သက္က"

"ယက္ခ"

မေနီ့ဆီ ပြေးထွက်လာသည်။ လျှာနဲ့ လျက်တဲ့အကောင်က လျက်။ ပတတ်ရပ်တဲ့အကောင်က ရပ်။ ဝမ်းသာအားရ ကြိုဆိုနေကြတာပါ။

ခွေးသုံးကောင်က လုံခြုံရေးအတွက် အားကိုး





ရသည်။ သုံးကောင်စလုံးက ခွေးဘီလူးစပ်။ မြင့်မားထွားကျိုင်းသည်။ မာန်ဖီလိုက်လျှင် အစွယ်တွေက ကြောက်မက်ဖွယ်။ တော်ရုံလူတစ်ယောက်ကို အသာလေး သတ်ပစ်နိုင်သည်။

မိုးညိုရွာဘက်က လူတွေ စက္ကတို့ကို အသေကြောက်သည်။ ဒီဘက်ကို မလာရဲကြ။

"အိမ်နီကြီးက တစ္ဆေခြောက်တယ်ကွ"

ကောလာဟလတွေ ပြောကြသည်။

"ခွေးဘီလူးတွေလည်း ရှိတယ်တဲ့တော်"

ခွေးရန်ကို ကြောက်ကြသည်။ တစ်ယောက်မှ အနားမကပ်ရဲကြ။ မေနီကတော့ ဒါကိုပဲသဘောကျသည်။ လူတွေနဲ့ဝေးမှ ညီမလေးအန္တရာယ်ကင်းမှာမို့ပါ။

"ဝုတ်...ဝုတ်..."

"ဝု...အူ..."

"မင်းတို့ သခင်မရော"

မေနီက ခပ်တိုးတိုးလေး မေးသည်။

"ဝု...ဝု..."



www.burmeseclassic.com

www.burmeseclassic.com



စက္ကူက အိမ်ထဲပြေးဝင်သွားသည်။ ဒါဆို ညီမလေး အိမ်ထဲမှာရှိနေတာ သေချာသည်။ မေနီ အပြင်က ပြန်လာတိုင်း ညီမလေးကို ရှာနေကျ။ ဒါကို စက္ကူတို့ သိသည်။ ညီမလေး ရှိသည့်နေရာကို လမ်းညွှန်ကြသည်။ ခွေးလိမ္မာများပါ။

"ရော့ဟော့ ... စေစားကြ"

လွယ်အိတ်ထဲက အမဲခြောက်တချို့ ပစ်ကျွေ လိုက်သည်။ ခွေးသုံးကောင်က အေးအေးဆေးဆေး ဆွဲစာ နေကြသည်။ မလုကြ။

"ဟယ် ... မမ ပြန်လာပြီ၊ ဒါကြောင့် ခုန စက္ကူပြေးလာ တာ၊ ကိုကိုရောဟင် မမ၊ ကိုကို ဘယ်မှာလဲ"

ညီမလေးရယ် ...

မေနီ ရင်ထဲမှာ နာသွားသည်။ မျက်ရည်တွေ ဝဲလာသည်။ ညီမလေးက မေနီ့ဆီ ဝမ်းသာအားရပြေးလာခြင်း ပါ။ ဆံပင်အရှည်ကြီးက ရှုပ်ပွကာ ဖားလျားကျနေသည်။ အရင်က သိပ်လှခဲ့တဲ့ ဆံပင်တွေ။ ပျော့ပျောင်း စင်းဖြောင့် ခဲ့သည်။ နက်ရှုံတောက်ပခဲ့သည်။ အဲဒီဆံပင်တွေကို တသသ လုပ်နေခဲ့ဖူးသည်။





ခုတော့ နီကျင်ကျင်အရောင်ပြောင်းကာ ရှုပ်ပွ နေသည်။ မဖြီးမသင်ဘဲ ထားတာ ကြာခဲ့ပြီကိုး။

"မမ ... ကိုကို့ကို ခေါ်လာမယ်ဆို၊ မမနော် ... ယာယာ့ ကို မစနဲ့နော် သိလား၊ မမ မုန်မှန်ပြော၊ ကိုကို့ကို ခေါ်လာပြီး ဘယ်မှာဖွက်ထားလဲ၊ ယာယာ အံ့သြဝမ်းသာ သွားအောင် လုပ်မလို့မဟုတ်လား၊ ကိုကိုရေ ... ထွက် လာခဲ့တော့ကွာ၊ ယာယာ တွေ့ချင်လှပြီ၊ အရမ်းလွမ်းနေပြီ ကွာ"

ဖြစ်ရလေ ညီမလေးရယ် ...

ညီမလေးအဖြစ်ကို မေနီ မကြည့်ရက်။ အချစ် ရူးမလေး။ မေနီ့လက်ကို ဆွဲခါပြီးပြောလိုက်။ မေနီ့နောက်ကို လှမ်းကြည့်လိုက်။ မေနီ့ကိုပတ်ပြီး တစ်ပတ်လည်အောင် လျှောက်ကြည့်လိုက်။ ပြီးတော့ ပါးစပ်နားမှာ လက်ဖဝါးလေး နှစ်ဖက်ကာကာ အကျယ်ကြီး အော်ပြောနေသည်။

"ကိုကိုရေ ... ထွက်ခဲ့တော့ကွာ ..."

"ယာယာ တွေ့ချင်လှပြီကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလွမ်းနေပြီကွာ..."

ညီမလေးရဲ့ အော်သံတွေ။

တောအုပ်ဘက်မှာ ပဲ့တင်ရိုက်ခတ်ပြီး ပြန်ကြား ရသည်။

"ဟင်...ဘယ်သူလဲ၊ ငါ အော်သလို လိုက်အော်နေတာ

ညီမလေးမျက်နှာ တင်းသွားသည်။

သူ့အသံ သူကြားပြီး ဒေါသဖြစ်သွားခြင်းပါ။

"နန်းဒေလီယာ"

မေနီ့ရဲ့ ညီမလေး။ သူမကိုယ်သူမ 'ယာယာ' ဟု ပြောနေကျ။ အငယ်ဆုံးလေးမို့ ချွဲနွဲ့ပြောနေတတ်ခဲ့တာ နန်းဒေလီယာက မေနီ့လို ယောကျ်ားဆန်ဆန် ပုံကြမ်းကြ မဟုတ်။ အင်မတန် မိန်းမဆန်သော နွဲ့နွဲ့နွဲ့ မိန်းကလေးမျိုး အသားက ဖြူလွန်းသဖြင့် ပန်းရောင်ဘက်သို့ သမ်းချင်ချင် ဘာအလုပ်မှ မလုပ်ရတာမို့ နုနယ်အိစက်နေသည်။

မေနီနဲ့ ဆန့်ကျင်ဘက်။ မေနီက မလှ။ ယာယာ က သိပ်လှသည်။ အရင်ကတော့ ခန္ဓာကိုယ်လေးက လှပဖြည့်





သည်။ ခုတော့ အရိုးပေါ် အရေတင်လုနီးပါး ပိန်နေပါပြီ။ ချာလည်လှည့်ကာ မှိုင်းညို့နေသော မျက်ဝန်းတွေက အရင်က သိပ်ကို တောက်ပကြည်လင်ခဲ့သည်။

ရုပ်ကလေးလှသလောက် စိတ်ပျော့သည့်ယာယာ။ မေနီ့လို စိတ်ဓာတ်မာကျောကြံ့ခိုင်ရင် ဘယ်လောက်ကောင်းမလဲ။ ခုတော့ နုနယ်သည့်စိတ်ကလေး ဒဏ်ရာရနေသည်။ ညီမလေး ခမျာ အလှည့်စားခံခဲ့ရခြင်းပါ။

"ဟော့..."

"ဟော့...ဟော့...ဟော့...ဟော့"

"ဟော...ကြားလား...ကြားလား မမ၊ ယာယာ အော်သလို ပြန်အော်နေတယ်"

"ဘယ်သူလဲဟော့"

"ဘယ်သူလဲဟော့...ဘယ်သူလဲဟော့"

"ဟင်...တွေ့လား...တွေ့လား မမ၊ လိုက်အော်နေတာ"

"ငါ အော်သလို မအော်နဲ့ဟော့"

"ငါ အော်သလို မအော်နဲ့ဟော့...မအော်နဲ့ဟော့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း...ပြောနေတာ မရဘူးလား"

သူ ပဲ့တင်သံသူပြန်ကြားပြီး ဒေါသတွေထွက်နေသည်။

"ကဲဟယ်...ဒီလောက် ဖြစ်လှတာ"

"ဝိုး..."

"ဝိုး..."

ညီမလေးက တောအုပ်ဘက်ကို ခဲလုံးတွေနှင့် လှမ်းပစ်နေသည်။

"ငါ့ကိုကိုကို ငါခေါ်တာ၊ ဘယ်ကောင်မက သံယောင်လိုက်နေသလဲ မသိပါဘူး...အလကားဟာမ၊ တောင်ပေါ်မှာ ရေနစ်သေမယ့် မိန်းမ"

"ကဲပါ ညီမလေးရယ်...လာပါ၊ အိမ်ထဲသွားကြရအောင်ပါ"

"ဟွန့်...ကိုကိုကော"

မေးပုံလေးက သနားစဖွယ်၊ မျှော်လင့်ချက်မျက်ဝန်းတွေ၊ မေနီ့ကို စိုက်ကြည့်နေသည်။ မေနီ သက်ပြင်းချမိသည်။





"မမကို...ကိုကို့ကို သွားခေါ်ဖို့ လွှတ်လိုက်တာလေ၊ ကိုကိုမပါဘဲ ပြန်မလာရဘူးလို့ ပြောလိုက်တယ်မဟုတ်လား၊ ခု ဘာလို့ ခေါ်မလာလဲ၊ ဘယ်မှာဖွက်ထားခဲ့လဲ"

"လာပါ ညီမလေးရယ်...အိမ်ထဲကို လာနော်၊ အိမ်ထဲကျမှ မမပြောပြမယ်"

"ကိုကို့အကြောင်းလား"

"အေးပေါ့"

"ယေးယေး...ကိုကို့အကြောင်းကို ယာယာက သိပ် ကြားချင်တာ သိလား၊ လာ...လာ...အိမ်ထဲသွားမယ်၊ ဟီ...ဟီ"

နန်းဒေလီယာက ယောင်းနွမ်းညစ်ပတ်နေသော ဂါဝန်ရှည်ကြီး တလွင့်လွင့်နှင့် အိမ်ထဲကို ခုန်ပေါက်ပြေးဝင်သွားသည်။

"ဟင်း..."

မေနီ သက်ပြင်းချပြီး နောက်မှလိုက်လာခဲ့သည်။ အိမ်ထဲရောက်တော့ မေနီ အံ့သြသွားသည်။ တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်နေလို့ပါ။ အရင်ကဆို ယာယာ စိတ်မထင်တိုင်း ပစ္စည်းတွေ လွှင့်ပစ်ရှုပ်ပွထားတာကို မေနီပဲ လိုက်သိမ်းရသည်။

"မမရေ...တွေ့တယ်မဟုတ်လား၊ ကိုကို့ကို ခေါ်လာမယ်မှတ်လို့ ရှင်းထားရတာ"

ဒေလီယာက လက်နှစ်ဖက်ကို ကားထားပြီး ကိုယ်လုံးလေးကို ချာလည်လှည့်၍ ပြောနေသည်။ ပြီးတော့ မေနီ့ရှေ့မှာ လာထိုင်သည်။

"ကဲ...ပြော...ကိုကို့အကြောင်း"

မေနီက အသက်ရှူကျပ်လာသည်။ မျက်နှာပေါ်မှာ တစ်ဝက်တစ်ပျက်အုပ်နေသော ဒေလီယာ့ဆံပင် ရှုပ်ရှုပ်တွေကို သပ်တင်ပေးမိသည်။

"ယာယာ့ကိုကိုနဲ့ မမ တွေ့ခဲ့ပါတယ်၊ သူက မှာလိုက်တယ်၊ ယာယာ လိမ်လိမ်မာမာနေပါတဲ့၊ သူ အခု အလုပ်တွေရှုပ်နေလို့ လိုက်မလာသေးတာပါတဲ့၊ သိပ်မကြာခင် ယာယာ့ဆီ လာခဲ့ပါမယ်တဲ့"

"အဲဒီကိုကိုကလည်း ဘာမှန်းလည်း မသိဘူး၊ တစ်ခါ





တည်း လိုက်ခဲ့ရင် ပြီးရော၊ ခုတော့ ယာယာ ရှင်းထားတာတွေ အလကား ဖြစ်နေပြီ"

"ကဲပါယ်...သွားစမ်း...ပြန်ရှုပ်စမ်း"

"ကိုကို မလာသေးဘူးတဲ့ဟော့...နင်တို့ အရင်လို ပြန်ရှုပ်နေကြ"

"ဒေါင်...ဂလောက်"

"ဝုန်း..."

"ဒိုင်း..."

"ချွမ်း..."

ယာယာ သောင်းကျန်းနေသည်။ စားပွဲတွေကို တွန်းလှဲသည်။ ပစ္စည်းတွေ လွှင့်ပစ်နေသည်။ မေနီ ကြည့်နေလိုက်သည်။

တားလို့မရမှန်း သိပြီးသားပါ။

အိမ်ကြီးက အပြင်ကကြည့်ရင် ရဲတိုက်ကြီးလို ယောင်းနွမ်းနေပေမယ့် အတွင်းကပစ္စည်းတွေက အဖိုးတန်သည်။ ယောင်းပေမယ့် ကောင်းသေးသည်။ မေနီ စနစ်တကျ ထိန်းသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့လို့ပါ။ မေနီက သိမ်းပေမယ့် ယာယာက ဖျက်လိုဖျက်ဆီး လုပ်တတ်သည်။ တားလျှင် ပိုလုပ်သည်။ မေနီ့ကို ရန်မူသည် အထိပင်။

"လူကို ကျောရရုံကြွသွားတယ်၊ အလကား ကိုကို၊ အဟင့် ... အင့် ... ဟီး ... ကိုကို သိပ်ရက်စက်တာပဲ"

သောင်းကျန်းလို့ အားရတော့ တဟီးဟီး ငိုချ နေသည်။ ကလေးတစ်ယောက်လိုပါပဲ။

တကယ်တော့ ဆယ့်ကိုးနှစ်ဆိုသော သူမအသက် အရွယ်က ကလေးသာသာရယ်ပါ။ အပြစ်ကင်းစင်တဲ့ မိန်း ကလေး။ လူယုတ်မာတစ်ယောက်ကြောင့် ဘဝပျက်ခဲ့ရသည်။ အဲဒီလူယုတ်မာကို မေနီ ခါးအန်နေအောင် မုန်းသည်။ ရင်ထဲမှ တူးခါးနေသည်။ ဘယ်တော့မှ အမုန်းမပြေနိုင်။

ငယ်ငယ်လေးကတည်းက မေနီက စိတ်ထား ခက်ထန်သည်။ ကြမ်းတမ်းသည်။ တုံးဆိုတိုက်၊ ကျားဆို ကိုက်။ မယ်မယ်တို့ ဆုံးတော့ ခြံထဲက အလုပ်သမားတွေအားလုံးကို မေနီပဲ အုပ်ချုပ်ခဲ့သည်။ မိန်းမသားဆိုပြီး မခန့်လေးစား မလုပ်





ရုံကြ။ မေနီက စည်းကမ်းကြီးသည်။ တိကျပြတ်သားသည်။ အချိန်အခါမရွေး ... နေရာမရွေး မေနီတစ်ယောက်တည်းပဲ သွား လာခဲ့သည်။ မေနီ ဘယ်သူ့ကိုမှ မကြောက်ပါ။

တစ်ခါက သစ်တော့ခြံထဲမှာ မေနီတစ်ယောက် တည်း ရှိနေတုန်း အလုပ်သမားတစ်ယောက်ရောက်လာသည်။ အချိန်က မိုးချုပ်စ။

"မမမေနီ တစ်ယောက်တည်းလား"

စကား စလာသည်။

"မမမေနီ တစ်ယောက်တည်း အလုပ်တွေလုပ်နေရတာ ပင်ပန်းနေမှာပဲနော်၊ အဖော်မတွေ့သေးဘူးလားဟင်"

ဟု ပြောပြီး ရှေ့နားတိုးလာသည်။

မေနီ့လုပ်ရှားမှုကို အကဲခတ်နေသည်။ အလုပ် သမားက ငယ်ငယ်ချောချော။ မေနီက မလှတော့ သူ့ရုပ်ကလေး ဝန်းပြမြူဆွယ်ပြီး သိုက်တူးချင်နေတာ။ မေနီ ကြွေမလားလို့ လာညှနေတာ မေနီ သိသားပဲ။

မေနီဒေါသကို ချုပ်တည်းထားရသည်။ သင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်က ရာရာစစ။ ရင်ထဲမှာ ခံပြင်းနေသည်။ သို့သော် မသိချင်ယောင်ဆောင်နေလိုက်ရသည်။

"မမမေနီ ခွင့်ပြုရင် မမန့်ဘေးမှာ တစ်သက်လုံး စောင့်ရှောက်ပေးချင်တယ်ဗျာ၊ မမကို ကျွန်တော်..."

"ရှမ်း..."

"ရှမ်း..."

"အား..."

စကား မဆုံးလိုက်ရပါ။ မေနီက ခါးကြားမှာ ထိုးထားသော ကျာပွတ်ကို ဆွဲထုတ်ကာ လွှဲရိုက်ပစ်လိုက်သည်။ ကောင်လေး ခွေခနဲလဲကျသွားသည်။

"အဲဒါ သိုက်တူးချင်ဦး"

"သေသေချာချာ မှတ်ထားစမ်း...နန်းမေနီဆိုတဲ့မိန်းမဟာ ဘယ်ယောကျ်ားရဲ့ စောင့်ရှောက်မှုကိုမှ ခံစရာမလိုဘူး၊ ငါ့ကိုယ်ငါပဲ စောင့်ရှောက်တယ်"

အင်္ကျီကော်လံစကိုဆွဲပြီး ပြောပစ်လိုက်သည်။

"ခုချက်ချင်း ငါ့ရှေ့ကထွက်သွားစမ်း"





ဆောင့်တွန်းပြီး နှင်ထုတ်ပစ်လိုက်သည်။

ထိုယောကျ်ားရဲ့မျက်နှာပေါ်မှာ ကျာပွတ်ရာကြီးက ထင်းနေသည်။ ပါးစပ်ထဲက သွေးစတွေ စီးကျနေသည်။ မေနီကို ခံမလုပ်ရဲ။ ခေါင်းငုံ့ပြီး လှည့်ထွက်သွားသည်။

အဲဒီအချိန်ကတည်းက အလုပ်သမားတွေအားလုံး မေနီ့ကို စေ့စေ့တောင် မကြည့်ရဲတော့။ တုန်နေအောင် ကြောက်ကြသည်။

"မိန်းကလေးတစ်ယောက်တည်းဆိုပြီး သွားမစမ်းနဲ့ ကိုယ့်လူ"

သတင်းစကားတွေ ထွက်လာသည်။ နန်းမေနီဆိုသော မိန်းကလေးက အဲဒီလို မိန်းမမျိုးပါ။ ညီမလေး နန်းဒေလီယာကို မေနီ သိပ်ချစ်သည်။ မိဘလိုတစ်မျိုး၊ အစ်မလို တစ်ဖုံ ငုံထားမတတ် ချစ်သည်။

ညီမလေးက အိအိစက်စက်လှနိုင်လွန်းသည်လေ။ ယာယာလေးကို ဘာအလုပ်မှ မခိုင်း။ ညီအစ်မနှစ်ယောက်သာ တွယ်တာစရာရှိသည့်ဘဝမှာ အလုပ်မှန်သမျှ မေနီပဲ ကျုံးလုပ်သည်။ ခြံကိစ္စတွေလည်း ကိုယ်တိုင်ဝင်လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေနီ့လက်တွေက ယာယာ့လက်လို မနူးညံ့။ ကြမ်းထော်နေသည်။ အသားဖြူတာချင်းတူပေမယ့် မေနီ့အသားက အစက်အပြောက်တွေနှင့် ခပ်ကြမ်းကြမ်း ဖြစ်နေရသည်။

"မိန်းမကြမ်းကြီးကွ"

မေနီ့ကွယ်ရာမှာ အလုပ်သမားတွေက ဒီလိုပဲ ပြောတတ်ကြသည်။ မေနီကြမ်းနိုင်လွန်းလို့သာ ယာယာ့ကို သူတို့ ပရောပရည် မလုပ်ရဲကြတာပါ။ ယာယာကလည်း ခြံထဲမှ အလုပ်သမားတွေကို စိတ်မကူးပါ။

မေနီက ယာယာ့ကို တောသူ မဖြစ်စေချင်။ မြို့မှာ အဆင့်အတန်းမြင့်မြင့် နေစေချင်သည်။ ပညာတတ်စေချင်သည်။ ပညာတတ်မှ အလုပ်ကြမ်း မလုပ်ရမှာ။ ဆရာဝန်မဖြစ်ရင်တောင် ဝန်ထမ်းအရာရှိလေး ဖြစ်စေချင်သည်။ လခနည်းပေမယ့် ဂုဏ်ရှိရသည်။ ဂုဏ်ရှိသည်။ အပေါင်းအသင်း ဝင်ဆံ့သည်။ ငွေကြေးအတွက်က ကိုယ့်မှာ ကျောထောက်နောက်ခံ ရှိပြီးသားပဲ။ ပူစရာမလိုပါ။ ဂုဏ်ပဲ လိုသည်။ အဲဒီလိုရည်ရွယ်ချက်နှင့် ယာယာ့ကို မိုင်းသာမှာ ကျောင်းထားခဲ့တာပါ။





ယာယာက တစ်နေ့တခြား အလှသွေးကြွယ်လာသည်။ စိတ်ကစားလာသည်။ ရည်းစားထားချင်လာသည်။ သတင်းတွေကြားတော့ မေနီ ဆုံးမပါသည်။ ယာယာက ဟန်ဆောင်ကောင်းသည်။ မေနီ့စကားကို နားထောင်မလိုလိုနှင့် ကွယ်ရာမှာ ထင်တိုင်းကျဲသည်။

နောက်ဆုံး အရှက်တကွဲဖြစ်တော့မှ မေနီ သိခဲ့ရတာပါ။ ယာယာ့ချစ်သူက အင်မတန်ရုပ်ပွေသည့် ယောကျ်ား။ ယာယာ့ရှေ့မှာရော နောက်မှာပါ ရည်းစားတွေ အများကြီး ရှိနေသည်။ ယာယာ့ကို အပျော်ကြံသွားခဲ့ခြင်းဖြစ်သည်။

ယာယာ့မှာ ကိုယ်ဝန်ရှိလာတော့မှ ထားပစ်ခဲ့သည်။ မေနီ ယာယာ့ချစ်သူကို တောင်းပန်အောက်ကျို့ဖို့ ကြိုးစားဆဲမှာ ယာယာ့ချစ်သူက လက်ထပ်သွားခဲ့သည်။ ဒါကို ယာယာ မသိရှာပါ။ တစ်နေ့တော့ ယာယာ မူးလဲသွားသည်။ သတိပြန်ရတော့ ကြောင်တောင်တောင် ဖြစ်နေသည်။ ထမင်းလည်း ကောင်းကောင်း မစားတော့။

ကြာတော့ အားနည်းလာပြီး ကိုယ်ဝန်လည်း ပျက်ကျသွားသည်။ ယာယာ့အခြေအနေက ပိုဆိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုကို”

တဖွဖွခေါ်ကာ တမ်းတနေသည်။

“ကိုကို့ကို ခေါ်ပေး”

တပူပူတဆာဆာ ပြောနေသည်။ မေနီ့ကို မုန်းလာသည်။

“ကိုကို မလာအောင် မမလုပ်ထားတာ မဟုတ်လား”

စွပ်စွဲလာသည်။ နောက်ဆုံးမှာတော့...

“မမ...ကိုကို့ကို သွားခေါ်ပေးပါ၊ ကိုကိုမပါရင် ပြန်မလာနဲ့၊ သွားနော်...မသွားရင် ယာယာ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မယ်”

အကြပ်ကိုင်လာသည်။ မေနီ မသွားတော့ စားပြေဆွဲသည်။ သူ့ကိုယ်သူထိုးဖို့ ကြိုးစားသည်။

“အမလေး...မလုပ်ပါနဲ့...မလုပ်ပါနဲ့ ညီမလေးရယ် မမသွားပါမယ်”

ယာယာ့ဆန္ဒကို မဆန့်ကျင်ရဲ။

“မမကို ကတိတော့ပေးပါကွယ်၊ မမမရှိတဲ့အချိန်တွေမှာ





ယာယာ ကောင်းကောင်းမွန်မွန်နေရမယ်၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းမကြံပါဘူးလို့ ကတိပေးရမယ်”

“ပေးတယ်...ပေးတယ်၊ ကိုကို့ကို သွားခေါ်ရင် ယာယာ လိမ်လိမ်မာမာနေရစ်ခဲ့မှာ၊ မမသာ ကိုကို့ကို တွေ့အောင် ရှာခေါ်ခဲ့၊ ဒါပဲနော်...ကိုကိုမပါရင် လုံးဝပြန်မလာခဲ့နဲ့”

မေနီ မိုင်းသာကိုသွားဖို့ ဆုံးဖြတ်လိုက်ရသည်။ စီးပွားရေးလည်း မလုပ်ချင်တော့။ ယာယာ အရှက်တကွဲ ဖြစ်ရချိန်ကတည်းက ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ဖြတ်ပစ်လိုက်သည်။ အလုပ်သမားတွေကို နှင်ထုတ်ပစ်လိုက်သည်။

“သွားစမ်း...သွားစမ်း...ဒါတွေကို ငါဂရုစိုက်နေလို့ ဒီလိုဖြစ်ရတာ”

ညီမလေးကို မရိုက်ရက်တိုင်း အပင်တွေကို လွှဲလွှဲခုတ်ပစ်လိုက်သည်။ စီးပွားရေးမလုပ်တော့ပေမယ့် မေနီ့မှာ ငွေကြေးတော်တော်များများ စုဆောင်းထားပြီးသားပါ။ မိုင်းသာဘဏ်မှာအပ်ထားတာ ဘဏ်တိုးတင် မနည်း။ မေနီတို့ ညီအစ်မ တစ်သက်စားမကုန်ပါ။ မယ်မယ်တို့ လက်ထက်ကတည်းက ရှာဖွေထားသမျှ ဥစ္စာပစ္စည်းနှင့်တောင် ပြည့်စုံနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မိုင်းသာကိုသွားဖို့ ပြင်ဆင်ပြီးတော့ ညီမလေး စားသောက်ဖို့ စီစဉ်ခဲ့ရသည်။ နှစ်လသုံးလ စားလောက်သည့် ဆန် ဆီ ဆား၊ အခြောက်အခြမ်းတွေ ဝယ်ထားပေးခဲ့ရသည်။ အစောင့်အရှောက်အတွက်က ခွေးသုံးကောင် ရှိနေသည်။

"စက္ကု...သက္က...ယက္ခ...မင်းတို့ သခင်မကို စောင့်ရှောက်နော်"

"ဝု...ဝု...အီ..."

လူစကားကို နားလည်သလိုပင်။ မေနီ့ကိုမော့ကြည့်ရင်း တဝုဝု အသံပြုနေသည်။ တောစပ်အထိ မေနီ့ကို လိုက်ပို့ကြသည်။ မေနီက မိုင်းသာကို ချက်ချင်းမသွားနိုင်သေးပါ။ ဖြတ်လမ်းမှ ပြန်လှည့်လာပြီး ယာယာ့ကို ပြန်ချောင်းကြည့်သည်။ ယာယာ ကောင်းကောင်းမွန်မွန်နေပါ့မလား။ စိုးရိမ်သည်။ ယာယာက ကတိတည်ပါသည်။

"ကိုကိုရေ လာပါတော့ ယာယာ တမောမော့"

"စက္ကုတို့ရေ မမကလေ...ငါ့ကိုကို့ကို သွားခေါ်နေတာ ဟဲ့ သိရဲ့လား၊ မမပြန်လာရင် ကိုကို ပါလာမှာ သိလား





ကိုကိုလာရင် နင်တို့ မကိုက်ရဘူးနော်၊ ယောင်ရုံလေး တောင် မယောင်နဲ့၊ လျှာဖြတ်ပစ်လိုက်မယ် ဘာမှတ်လဲ"

သီချင်း တညည်းညည်း၊ စကားတပြောပြောနှင့် အေးအေးဆေးဆေး နေနေသည်။ သူ့ဘာသာ ချက်ပြုတ်စားသောက်နေသည်။ အိပ်ချိန်တန်အိပ်၊ စားချိန်တန်စား။ နှစ်ရက်လောက် စောင့်ကြည့်ပြီး မေနီ စိတ်ချသွားတာမို့ မိုင်းသာသို့ ထွက်ခွာသွားခဲ့ခြင်းပါ။

"အဟင့်...အင့်...ဟီး...စိတ်ညစ်တယ်၊ ထမင်းလည်း မစားတော့ဘူး၊ အိပ်လည်း မအိပ်တော့ဘူး"

ယာယာက ခြေထောက်ဆောင့်ကာ အော်ငိုနေသည်။

"ယာယာ အဲဒီလို မလုပ်ရဘူးလေ၊ ထမင်းမစားရင် ယာယာ ပိန်သွားမှာပေါ့၊ ယာယာ့ကိုကိုလာရင် မလှတော့ဘဲ နေဦးမယ်"

"အင်..."

ယာယာ အငိုရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယာယာ မလှရင် ယာယာ့ကိုကိုက ဘယ်ချစ်တော့မလဲကွယ်၊ ယာယာ့ကို မခေါ်ဘဲပြန်သွားမှာပေါ့"

"အင်း...ဟုတ်တယ်နော်"

"ထမင်း မှန်မှန်စား၊ မှန်မှန်အိပ်ရမယ်...ကြားလား၊ ခဏခဏလည်း မငိုရဘူး"

"အင်းပါ"

ယာယာ ငြိမ်သွားသည်။ သို့သော်မယ့် ကြာကြာတော့ မငြိမ်ပါ။

"မမနီ ဘယ်တော့ ပြန်မှာလဲ၊ မိုင်းသာကိုပြန်လေ၊ ကိုကိုကို စောင့်ခေါ်လာခဲ့"

"သဘက်ခါမှ ပြန်ပါရစေကွယ်"

"တကယ် ပြန်ရမှာနော်"

"အေးပါ"

"မညာရဘူးနော်"

"အင်း...အင်း"

"ညာလို့ကတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်မှာပဲ"





ပြောချင်ရာတွေပြောပြီး ခွေခွေလေးလှဲပြီး အိပ်ပျော်သွားသည်။

"ညီမ လေးရယ်..."

ခပ်တိုးတိုး ညည်းမိသည်။ ရင်ထဲမှာ နင့်နေသည်။ မျက်နှာပေါ်က ဆံစတွေကို လက်နှင့်သပ်ဖယ်ပေးလိုက်မိသည်။ ပါးပြင်လေးကို ဖွဖွနမ်းမိသည်။ ရှုပ်ပွနေသော ဆံပင်တွေကို ခပ်ဖြည်းဖြည်း ဖြီးသင်ရှင်းလင်းပေးနေမိသည်။ ရင်ထဲမှာတော့ နာကြည်းဒေါသတွေ ပို၍ ပြင်းထန်လာ၏။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

♥ ♥ ♥

"ဒီပိုက်ဆံတွေက ဘာလုပ်ရမှာလဲ...သွားစမ်း"

ပန်ပန် ပေးလိုက်သော ပိုက်ဆံတွေကို ဆွဲထုတ် လွှင့်ပစ်လိုက်သည်။ ပိုက်ဆံတွေ စမ်းချောင်းထဲ မျောပါသွား သည်။

"တောက်"

မေနီက ပြင်းပြင်းထန်ထန် တောက်ခတ်လိုက် ပါ၏။ ဒီလောက်ပိုက်ဆံတွေကို ဘာလုပ်ရမှာလဲ။ မေနီ့အတွက် လုံးဝ မလိုအပ်ပါ။ ဒီပိုက်ဆံတွေလောက်အတွက် သူများအိမ်





မှာ ကျွန်ခံစရာမလိုပါ။ အညှိုးအတေးတစ်ခုအတွက်သာ မေနီ ဒုက္ခခံနေခဲ့တာ။

"ဒုတ်..."

လက်ထဲမှဓားတစ်ချောင်းကို ထင်းရှူးပင် ပင်စည် ထဲ ပစ်ပေါက်လိုက်သည်။

"ဘို...ပန်"

သစ်ပင်မှာ ထွင်းထားသော စာလုံးနှစ်လုံး။ ဓားက ဘိုနဲ့ပန်ကြားမှာ စိုက်ဝင်သွားသည်။ ညီမလေးကွယ်ရာမှာ ဒေါသတွေကို ထွက်ပေါက်ပေးနေမိခြင်းဖြစ်သည်။ မေနီက ဓားကို ပြန်ဆွဲနုတ်လိုက်သည်။ နောက်တစ်ချက် ထပ်ပစ်သည်။ နောက်တစ်ချက်...နောက်တစ်ချက်...။ စာလုံးတွေပေါ်မှာ ဓားစိုက်ရာတွေ မွစာကြဲသွားတော့မှ မေနီ အာသာပြေသွားသည်။

စမ်းချောင်းဆားမှာ ထိုင်ချလိုက်မိသည်။ မိုင်းသာ ကို ပြန်ရတော့မည်။ မေနီ့အကြံတွေကို အကောင်အထည်ဖော် ဖို့ ကြိုးစားရမည်။ တစ်လဆိုတဲ့အချိန်ကာလမှာ အယုံသွင်းခဲ့ ပြီးပြီ။ မေနီ့အကြံအတိုင်း ဆက်လုပ်ဖို့ပဲ ရှိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုနဲ့ ပန်ကတော့ မေနီ့ကို အကြွင်းမဲ့ ယုံနေကြသည်။ သံသယမရှိကြ။ မေနီကလည်း အကွက်စေ့စေ့လှုပ်ရှားခဲ့သည်။

ပထမ ဘို့အကြောင်း စုံစမ်းဖို့ မေနီ မိုင်းသာရောက်လာတော့ မင်္ဂလာပွဲနှင့် ပက်ပင်းတိုးနေသည်။ အဲဒီနေ့ကတည်းက သင်းတို့နှစ်ယောက်ကို သတ်ပစ်ချင်လောက်အောင် မုန်းတီးခဲ့မိတာပါ။ မေနီ့ညီမလေးခမျာ သောကပင်လယ်ဝေနေချိန်မှာ သူတို့က မင်္ဂလာပွဲကြီးကို ခြိမ့်ခြိမ့်သဲ ဆင်နွှဲနေသည်။ ဘယ်လောက် မတရားလိုက်သလဲ။

သူသေသေ ကိုယ်သေသေ နှစ်ယောက်စလုံးကို ဝင်သတ်ပစ်လိုက်ချင်သည်။ သို့သော် မေနီ့တစ်ကိုယ်လုံးက စုတ်ပြတ်နေသည်။ ခန်းမထဲကို ဝင်ခွင့်မရခဲ့။ မေနီ လှည့်ပြန်ခဲ့ရသည်။ ထိုနေ့ညမှစ၍ ဘိုတို့အိမ်အနီးတစ်ဝိုက်မှာ မေနီ ကျင်လည်နေခဲ့သည်။ လှည့်ပတ်ချောင်းမြောင်းရင်း "ဘာလုပ်ရင် ကောင်းမလဲ" အကြံထုတ်နေခဲ့သည်။

တစ်နေ့တော့ တံခါးပွင့်နေတာနှင့်ကြုံပြီး အိမ်ထဲ





ဝင်ဖို့အခွင့်သာသွားသည်။ အယုံသွင်းပစ်လိုက်သည်။ လင်မယားနှစ်ယောက်စလုံး မေနီ့ကိုယုံကြည်သွားကြသည်။ မေနီ့အကြံက ဘို့ကို ပန်အထင်လွဲအောင် ဖန်တီးမည်။ ပန်က စိတ်မာတတ်မရင့်ကျက်။ အယုံလွယ်မည့်ပုံမျိုး။ သွေးခွဲဖို့ မခက်လှပါ။

ဘို စိတ်ဆင်းရဲစေရမည်။ လင်မယားနှစ်ယောက်ရှင်ကွဲ ကွဲစေရမည်။ နောက်ဆုံး ဘို့ကို ယာယာ့ဆီ ဖမ်းခေါ်သွားမည်။ ယာယာ့ဆန္ဒ ပြည့်စေရမည်။ ယာယာ စိတ်ဆင်းရဲရသလို မင်းလည်း စိတ်ဆင်းရဲစေရမယ် ဘို။ လောလောဆယ်မှာတော့ မေနီ့ဒေါသစိတ်ကို မနည်းချုပ်တည်းထားရပါသည်။ ယာယာ့ကို ဖျက်ဆီးခဲ့တဲ့ လူယုတ်မာက သူ့မယားကိုကျတော့ ဖူးဖူးမှုတ် ချစ်ခင်ကြင်နာနေသည်။

အတိတ်ကိုမေ့ပစ်ထားသည်။ သူဖျက်ဆီးခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို နည်းနည်းလေးမှ သတိရပုံမပေါ်။ မေနီကတော့ အိမ်အနှံ့ ဒေလီယာပန်းတွေ ဝေနေအောင် နေ့စဉ်ပြင်ဆင်ထားသည်။ ဒေလီယာ့ကို သတိရစေချင်လို့ပါ။

သို့သော် ဘိုက အံရေးမစိုက်။ အမှုမဲ့အမှတ်မဲ့ပင်။



www.burmeseclassic.com

www.burmeseclassic.com



"မမရေ...မမ..."

ယာယာ့ခေါ်သံကြောင့် မေနီက အတွေးပျက်သွားသည်။

"လာပြီ...ညီမလေးရေ"

စမ်းချောင်းနံဘေးမှ ထွက်လာခဲ့သည်။ ယာယာ့ကို သနပ်ခါးအဖွေးသားနှင့် တွေ့လိုက်ရသည်။ ယာယာ့မျက်နှာက ရွှင်လန်းနေသည်။

"မမနီ...ယာယာ ထမင်းတဝကြီးစားပြီးပြီ၊ လိမ်လိမ္မာမာ နေရစ်ခဲ့မယ်နော်၊ ကိုကိုနဲ့တွေ့ဖို့ အလှတွေလည်း ပြင်ထားတယ်၊ မမသာ ကိုကို့ကို မရ,ရအောင် ခေါ်လာခဲ့...သိလား"

"အေးပါကွယ်"

ညီမလေးပခုံးကို ပွေ့ဖက်ကာ မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

"ရော့...ဒီမှာ မမလွယ်အိတ်"

ယာယာက မေနီ့လွယ်အိတ်ကို သွားယူပေးသည်။





မေနီကို မြန်မြန်ပြန်စေချင်နေသည်။ မေနီထွက်လာတော့ ယာယာက လက်တပြပြနှင့် ကျန်ရစ်သည်။

"မမရေ...ကိုကိုမပါရင် မပြန်ခဲ့နဲ့နော်"

အဝေးရောက်သည်အထိ လှမ်းအော်နေသည်။ ဒွေးသုံးကောင်ခြံရဲလျက် လက်ပြကျန်ခဲ့သော ယာယာ။

အဲဒီအချိန်ကတော့ ယာယာ့ကံကြမ္မာကို မေနီ ကြိုတင်သိနိုင်ခြင်း မရှိခဲ့ပါ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

♥ ♥ ♥

"ဒိုင်း..."

"ဖောက်..."

"ဒိုင်း..."

"အိုကော..."

"ဖြောင်း...ဖြောင်း...ဖြောင်း"

ဘိုက ပန့်ကို လက်ခုပ်တီးကာ အားပေးလိုက်သည်။ သေနတ်ပစ်ကွင်းထဲမှာ ပန် သေနတ်ပစ်လေ့ကျင့်နေခြင်းပါ။ ပန့်ဝါသနာက တစ်မျိုး။ သေနတ်ပစ်တာကိုမှ ဝါသနာ





ပါသည်။ ရန်ကုန်မှာကတည်းက အားအားရှိ သေနတ်ပစ်လေ့ကျင့်နေတတ်သည်။

တောင်ကြီးရောက်တော့ မြို့နယ်က အားကိုးရသော သေနတ်ပစ်ချန်ပီယံ။ ဘိုနဲ့လက်ထပ်ပြီးကတည်းက ဝါသနာကို မေ့လျော့နေသည်။ ဘိုနဲ့အတူ လိမ္မော်ခြံတွေဘက် လိုက်မသွားဘဲ ကျန်ရစ်နေချိန်မှာ ပန် ပျင်းသည်။

"ပန့်လက်တောင် အရင်လို ဖြောင့်ပါဦးမလား မသိ"

လေ့ကျင့်မှုမရှိတာကြာပြီ။ ဒီအတိုင်းဆို လက်ပျက်တော့မှာပဲ။

"ဘို မိုင်းသာမှာ သေနတ်ပစ်ကွင်း ရှိလားဟင်"

ဘိုကို မေးမိသည်။

"ရှိတယ်...ပန်"

"ပန် သွားချင်တယ်၊ ဘို လိုက်ခဲ့ပေးနော်"

"လိုက်မှာပေါ့ကွ၊ ကိုယ့်မိန်းမ ဘယ်လောက် လက်ဖြောင့်တယ်ဆိုတာ ကြည့်ရအောင်လေ"

ညနေရောက်တော့ မိုင်းသာ သေနတ်ပစ်ကွင်းသို့ ဘိုနဲ့ပန် ထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုနဲ့ပန် ပြိုင်မယ်ကွာ"

ဘိုက သူ့အမဲပစ်နေကျ ရိုင်ဖယ်သေနတ်ကိုယူလာသည်။ ပန့်မှာက လိုင်စင်နှင့်ကိုင်သော ဝစ္စတိုလေးရှိသည်။ ညနေခင်းလေးမှာ ဘိုက ရိုင်ဖယ်ကို ထမ်းလျက်။ ပန်က ပစ္စတိုကို ခါးကြားထိုးလျက်။ နှစ်ယောက်စလုံးက တီရှပ်အဖြူ ဘောင်းဘီတိုအဖြူလေးကို ဝတ်ထားသည်။

ကြွက်သား ကျစ်ကျစ်လျစ်လျစ်နှင့်မို့ ဘို့ ပေါင်တံတွေက ကြည့်လို့ကောင်းသည်။ နိုင်ငံခြားကားတွေထဲက မင်းသားတွေရဲ့ ခန္ဓာကိုယ် ဖွံ့စည်းပုံမျိုး။ မိန်းကလေးတွေ ရင်ခုန်မယ်ဆိုလည်း ခုန်စရာ။ ဘို့ရည်းစားတွေလည်း ပန့်လိုပဲ ဘို့ကိုစွဲမက်ခဲ့ကြ မှာပါ။ ရုတ်တရက် ဘို့ကိုငဲ့ကြည့်ရင်း ပန့်ရင်ထဲ သဝန်တိုစိတ်ကလေး ဝင်လာသည်။

"ဟွန်း...ဒီလိုပုံနဲ့ ရှုပ်လို့ကောင်းနေတာပေါ့"

ရင်ထဲမှာ ခံပြင်းသလိုပင်။

"အို...ဒါတွေက ပြီးခဲ့ပြီပဲ"

"သူ ပန့်ကိုတော့ တကယ်ချစ်ခဲ့တာပါ"





ဖြေတွေးတွေးလိုက်မိသည်။ မလိုတမာစိတ်တွေကို မေ့ဖျောက်ပစ်လိုက်သည်။

ဘိုကတော့ ပန့်ကို သဘောတကျ ငေးကြည့်နေသည်။ သိပ်လှတဲ့ ဘို့မိန်းမ။ ဒီဝတ်စုံလေးက သူ့မအလှကို ပို၍ပေါ်လွင်စေသည်။ ပေါင်တံတွေက ဖြူဖြူဝင်းဝင်း ပြည့်ပြည့်ပြည့်ရုံသာပြည့်ပြီး မတုတ်ခိုင်။ ပေါင်တံသွယ်လျကလေးမို့ ပို၍ ကြည့်ကောင်းနေသည်။ စပို့ရှပ်အကျပ်ကလေးက ပန့်ခန္ဓာကိုယ် အလှလေးတွေကို ခပ်ထင်းထင်းပေါ်လွင်နေစေသည်။

"ဘို့မိန်းမက သိပ်လှတာပဲကွာ"

ပန့်ပခုံးလေးကို ဘိုက လှမ်းဖက်ပြီး သေနတ်ပစ်ကွင်းထဲဝင်လာခဲ့တာပါ။

"ခုမှ ပြောရသလားလို့"

ပန်က ချွဲနွဲ့ပြောရင်း ဘို့ကို ပခုံးချင်းတိုက်ပစ်လိုက်သည်။ ရယ်သံတွေ စီညံသွားသည်။

"ဘို အရင်စပစ်"

ပန်က စောင့်ကြည့်နေသည်။ ဘို့ပစ်ချက်တိုင်းက ပစ်မှတ်တိုင်းကို မထိမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…လွဲပြီကွာ"

"လွဲပြန်ပြီကွ"

ပန်က ဘိုကို ရယ်မောအားပေးနေသည်။

"ဒီလိုပုံနဲ့သာ ဘို အမဲပစ်ထွက်ရင်တော့ သမင် ဒရယ် ဂျိုငယ် စိုင်ဆတ်တွေ စားရချည်သေးရဲ့ အဟိ…ဟိ"

ဘို မခံချိမခံသာ ဖြစ်သွားသည်။ တကယ်လည်း ဘိုက ပန့်လောက် မတော်ပါ။ ဝါသနာပါလို့သာ အမဲပစ်ထွက်နေတာ။ သားကောင် ပါလာတာက ခပ်ရှားရှား"

"ခင်ဗျားလေး အလှည့်ကျ စောင့်ကြည့်ရသေးတာပေါ့"

ဘိုက ပန့်ကို စောင့်ကြည့်သည်။ ပန့်ပစ်ချက်တွေ ပစ်မှတ်ကို ဖောက်ထွက်သွားသည်။ တစ်ချက်မှ မလွဲ။

"ပန်ကတော့ ချန်ပီယံပဲကွာ"

ဘို လက်ခုပ်တဖြောင်းဖြောင်းတီးရင်း အားပေး လိုက်မိခြင်းပါ။

"ပန့်အတွက် ဂုဏ်ပြုအနမ်း"

ဘိုက ပန့်အနီးကိုလျှောက်သွားပြီး ပန့်ခါးလေး ကို လှမ်းဖက်ကာ ပါးပြင်အိအိလေးကို ဖွဖွနမ်းလိုက်သည်။





"ဟိတ်…သိပ်တော့ မကဲနဲ့နော်၊ သေနတ်နဲ့ပစ်လိုက်မယ်၊ ဘာမှတ်လဲ"

ပန်က ဘို့ရင်ဘတ်ကို သေနတ်နှင့်ထောက်ပြီး ကျီစယ်လိုက်ပါသည်။

"ပန်ပစ်ရဲရင် ဘို ရင်ကော့ပေးမယ်"

"အိုး…"

"အဟင်း…ဟင်း…ဟင်း"

ဘိုက ရင်ကော့ပေးလိုက်ရင်းက ပန့်ခါးလေးကို တစ်ချက် ဖျစ်ညှစ်လိုက်တာမို့ ပန်က အလန့်တကြားအော်မိ ခြင်းပါ။

သေနတ်ပစ်ကွင်းထဲမှာ လူရှင်းနေသည်။ ပန်တို့ အနီးတစ်ဝိုက်မှာ ဘယ်သူမှမရှိ။ ဒါကြောင့် ဘို သိပ်ကဲနေတာ ပါ။

"ဖြောင်း…ဖြောင်း…ဖြောင်း"

"ဒီလပ်(ဖ်)ဆင်းက သိပ်အသက်ပါတာပဲကွာ"

ရုတ်တရက် သေနတ်ပစ်ရုံထဲမှထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



အသံများကြောင့် ပန်က ဘိုကို အလန့်တကြား တွန်းထုတ်လိုက်မိသည်။ ပန့်တို့ကိုရပ်ကြည့်နေသူက ကိုမင်းထင်ပါ။

"မင်းထင်...မင်း ဘယ်တုန်းက ရောက်နေလဲ"

"ငါရောက်နေတာ ကြာပါပြီကွာ၊ အနှောင့်အယှက်မပေးချင်လို့ အသာရပ်ကြည့်နေတာ"

"သွား...အဲဒါ ဘိုကြောင့်၊ ကဲ...ကဲ"

ပန်က မျက်နှာလေး ရဲရဲနီအောင်ရှက်ကာ ဘိုလက်မောင်းကို ထုပစ်လိုက်သည်။ ဘိုက ရယ်မောကာ ပန့်လက်သီးလေးကို ဖမ်းဆုပ်ထားရင်းက မင်းထင်ကို လှမ်းကြည့်ရင်း...

"မင်းတစ်ယောက်တည်းလား မင်းထင်"

"ငါ့ညီမလည်း ပါတယ်ကွ"

"ဩော်...ကေသရီ ဘယ်တုန်းက ပြန်ရောက်လဲ၊ ငါသိတောင်မလာဘူး"

"ဘယ်လာရဲမလဲ...ငါ တားထားတာ"

"ဟုတ်တယ် ဘိုရေ...အဲဒီ ကိုကိုထင်တစ်ယောက်က





ကေသရီကို အတင်းတားထားတာ၊ ညားခါစ လင်မယား လွတ်လွတ်လပ်လပ်နေနေတာ၊ နှင်သွားမရှုပ်နဲ့တဲ့"

အသံလာရာသို့ ပန် လှည့်ကြည့်မိသည်။ ခပ်မိုက်မိုက် ဒီဇိုင်းနဲ့ မိန်းကလေးတစ်ယောက်။ ရယ်မောပြုံးရွှင်စွာ ပန့်တို့ဆီ လျှောက်လာနေသည်။ အသားဖြူဖြူ၊ ဆံပင်ကို အလယ်မှခွဲကာ ဆားတစ်ဖက် တစ်ချက်မှ တတိတည်းချထားသည်။ အရပ်က ငါးပေ ခုနစ်လက်မလောက် ရှိမလားမသိ။ ...ပွင့်ဆောင်ဘီ အနက်နှင့် အနီရဲရဲ စပို့ရှပ် လက်ပြတ် အကျပ်...ကလေးကို ဝတ်ထားသည်။

ဖွံ့ထွားလှပလွန်းသော ခန္ဓာကိုယ်က အဝေးမှကြည့်ရုံနှင့် ထင်းနေအောင် ပေါ်လွင်နေသည်။ လည်ပင်းပေါက်ကျယ်ကျယ်၊ ချိုင်းပေါက်ကျယ်ကျယ်၊ စပို့ရှပ်အောက်မှ အသား...ဝင်းဝင်းအိအိတွေ ဖိတ်လျှံနေသည်။

သေနတ်ကိုထမ်းကာ ခြေလှမ်းဖြောင့်ဖြောင့် လှမ်း...လာနေတာမို့ အသားစိုင်တွေက ဟန်ချက်ညီညီ လှုပ်ရှား...နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါ…အစ်ကိုနဲ့လာတဲ့ နမရဲ့ပုံတဲ့လား။ ဝတ်စားထားတာ လွတ်လပ်လွန်းသည်။ အပြောအဆိုက ပွင့်လင်းသည်၊ နားကွင်းကြီး တလှုပ်လှုပ်နှင့်။ သူမရဲ့နှုတ်ခမ်းကြီးကြီးကို အညိုရင်ရောင် ခပ်ခြောက်ခြောက်နှုတ်ခမ်းနီဆိုးထားသည်၊ မြန်မာနဲ့လုံးဝမတူသော အလှမျိုးပါ။

ပန် မြင်မြင်ချင်းပင် မျက်စိနောက်သွားမိသည်၊ မောင်နမနှစ်ယောက်က လိုက်ဖက်တော့ ညီသည်။ ကိုမင်းထင့်ပုံကလည်း ဂျင်းဘောင်ဘီနှင့်၊ ကမ်းထရီးရှပ်ပေါ်မှာ သားရေပြောင် လက်ပြတ်ဇာကုတ် ထပ်ဝတ်ထားသည်။ ခြေထောက်မှာ ကမ်းထရီးဖိနပ်ရှည်။ ကမ်းထရီး ဦးထုပ်အပြန့်ကြီးကိုလည်း ဆောင်းထားသေးသည်။ ကြည့်ရတာ မြောက်ကြွကြွနိုင်သလိုပဲ၊ ပန်စိတ်ထဲမှ ဝေဖန်နေမိသည်။

"ပန်…သူက ကေသရီမေထင်တဲ့၊ ဘို့ ငယ်သူငယ်ချင်းပေါ့၊ ဆယ်တန်းအောင်မှ ကျောင်းချင်းကွဲသွားတာ၊ သူက ရန်ကုန်မှာ ကျောင်းသွားတက်နေတာလေ"

"ကေသရီ…ဒါ ငါ့အမျိုးသမီး ပန်တဲ့"





"ဟုတ်ကဲ့…တွေ့ရတာ အရမ်းဝမ်းသာပါတယ်ရှင့်၊ ပန်က သိပ်လှတာပဲနော်၊ ခုမှ တွေ့ဖူးတယ်၊ ပန်တို့ မင်္ဂလာဆောင်တုန်းက လေယာဉ်လက်မှတ်မရတာနဲ့ ကေသရီ မလာဖြစ်တော့တာ၊ လက်ဖွဲ့ပဲပေးလိုက်ရတာ အားနာပါတယ်ရှင်"

"ရပါတယ် ကေသရီ…"

"ဘို…ခြံအတွက် လချုပ်ငွေစာရင်းတွေ မင်းကို ရှင်းစရာရှိသေးတယ်၊ မနက်ဖြန် မင်းအိမ်ကိုပဲ ငါလိုက်လာမယ်နော်၊ လာလို့ရပြီမဟုတ်လား"

"အေးကောင်…ဘာလို့ မရရမှာလဲ"

"မသိဘူးလေကွာ…မင်းက ငါ့ကို နှင်ထားတော့ ငါလည်း ဝေးဝေးရှောင်နေရတာပေါ့"

"ဘို…ကေသရီလည်း အလည်လိုက်လာခဲ့မယ်နော်"

"လာခဲ့ပါ ကေသရီရာ၊ နှင်နဲ့ငါက ပြောနေစရာလူတွေမှ မဟုတ်တာ၊ ငါ့အိမ်ကို ဝင်ပါထွက်ပါ၊ ပန်လည်း အဖော်ရတာပေါ့၊ ဟိုကောင်က ပေါက်ကရတွေ လျှောက်ပြောထားတာ မယုံနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်...ဘာပေါက်ကရလဲ၊ ငါ့ကို နှင်ထားလား မထားဘူးလား...ကဲ...ပြော"

"မင်းကိုပဲ နှင်တာ၊ ကေသရီကို နှင်တာမှ မဟုတ်တာ"

"ခွေးကောင်"

စကားစမြည်ပြောပြီးတော့ မိုးချုပ်ခါနီးပြီမို့ ပြန်ဖို့ နှုတ်ဆက်မိကြသည်။

"မင်းတို့ ဘာနဲ့ပြန်မှာလဲ မင်းထင်"

"လမ်းလျှောက်ပြန်မယ်လေ၊ အိမ်က သိပ်မှ မဝေးတာ မင်းတို့ကော"

"ကား ပါတယ်ကွ၊ အပြင်မှာ ရပ်ထားခဲ့တယ်"

"မင်း လင့်ရိုဗာကြီးက မမိုက်ပါဘူးကွာ၊ မော်ဒယ်လှလှ နံပါတ်မြင့်မြင့်ကားလေးဘာလေး ပြောင်းစီးစမ်းပါ"

"လင့်ရိုဗာက အကြမ်းခံတယ်ကွ"

"ပန်က လှလှပပ ကားလေးပဲ စီးချင်ရှာမှာပေါ့"

"မစီးချင်ပါဘူး ကိုမင်းထင်ရဲ့၊ ပန်လည်း ဒီကားပဲ ကြိုက်တာ"





"မင်းတို့လင်မယားကတော့ လိုက်ဖက်ညီပါ့ကွာ"

မင်းထင်တို့ မောင်နှမက လမ်းလျှောက်ပြန်သွားသည်။ မင်းထင်ရဲ့ ဘန်ဂလိုပုံသစ်သားအိမ်လေးက သေနတ်ပစ်ကွင်းရဲ့ ဟိုမှာဘက်အဆုံး မြို့ပြင်နားမှာရှိသည်။ မင်းထင်က ခြံထဲမှာ မနေ။ ခြံထဲမှာက ခြံစောင့် သပ်သပ်ရှိသည်။ မင်းထင်တို့ မောင်နှမမှာ မိဘတွေမရှိတော့။ မောင်နှမနှစ်ယောက်တည်းပဲ ကျန်ခဲ့သည်။ မောင်နှမနှစ်ယောက်က တစ်နှစ်ပဲကွာသည်။

မင်းထင်က စာသင်တော့ ကေသရီနှင့် အတန်းတူ၊ ဘိုနှင့် အတန်းတူ။ သုံးယောက်သား တစ်တွဲတည်းဖြစ်သွားခြင်းပါ။ မင်းထင် ဆယ်တန်းမအောင်၊ ကေသရီဆယ်တန်းအောင်ပြီး ရန်ကုန်မှာ ကျောင်းသွားတက်သည်။ အိမ်မှာ မင်းထင်တစ်ယောက်တည်း အနေများသည်။ မင်းထင်အိမ်ကလေးက သေးပေမယ့် ချစ်စရာကောင်းသည်။ ပိုက်ဆံစုပြီး မင်းထင်စိတ်ကူးကောင်းကောင်းနှင့် ဆောက်ထားခြင်းပါ။

မင်းထင်အိမ်ကို အလည်သွားတိုင်း ဘိုက သူ့အိမ်ပုလေးကို သဘောကျမိသည်။ အိမ်ကလေးက ကဗျာဆန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မျက်နှာစာမှာ မှန်တွေချည်း တပ်ဆင်ထားသည်။ မှန်ပြတင်းပေါက်တွေကလည်း သေသပ်လှပသည်။ ညှော်ခန်းကျဉ်းကျဉ်းလေးကို မှန်တွေနှင့်ကာရံထားတာမို့ အလင်းရောင် ကောင်းစွာရသည်။ အပြင်ဘက်ကို တိုးလျှိုးပေါက် မြင်သာသည်။

ခေါင်းမိုးမှာလည်း သွပ်မိုးကို သုံးပေပတ်လည်လောက် လေးထောင့်ကွက်ထွင်းကာ မှန်ထည့်ထားသည်။ အမိုးလေးက ပြန့်ပြန့်နိမ့်နိမ့်လေး။ အိမ်ထဲမှာ တယ်လီဖုန်း၊ ကက်ဆက်၊ တီဗီ အားလုံး သူ့နေရာနှင့်သူ သပ်ရပ်နေသည်။ မင်းထင်က ဘိုလိုတော့ ရှုပ်ရှုပ်ပွေပွေ မနေတတ်။ ဘို့အိမ်ကို အလည်လာတိုင်း အမြင်မတော်သူ မင်းထင်ကပဲ ရှင်းပေးသွားနေကျပါ။

ဘိုက လေတချွန်ချွန်နှင့် ကားလေးကို ခပ်မှန်မှန်မောင်းနှင်လာခဲ့သည်။ ပန်ကတော့ ကားမောင်းနေသော ဘို့ကို မသိမသာအကဲခတ်ရင်း သံသယဝင်နေပါပြီ။ ကေသရီက ဘို့သူငယ်ချင်းတဲ့။ သူငယ်ချင်းတောင်မှ ရိုးရိုးသူငယ်ချင်းမဟုတ်။ ငယ်သူငယ်ချင်းတဲ့။ ဘယ်လောက် ရင်းနှီးနီးစပ်လိုက်မလဲ။ ပန် ဘို့ကို မယုံတော့ပါ။

“ကေသရီဟာ ဘို့ရည်းစားဟောင်းပဲဖြစ်ရမယ်”

“ဒါကြောင့် မင်္ဂလာဆောင် မလာတာနေမှာပေါ့”

“ဒီလောက် လှပြီး ဒီလောက်ပွင့်လင်း သွက်လက်တဲ့ မိန်းကလေးမျိုးနဲ့ နှစ်ရှည်လများ နီးစပ်ပတ်သက်နေရမှတော့ ဘို့ဘက်က ရိုးသားနိုင်ဦးမှာတဲ့လား”

“ဘိုက ရည်းစားထားတဲ့ အလုပ်ကို ထမင်းစားရေသောက်လုပ်လာတဲ့သူပဲ”

“ပြီးတော့ ကိုမင်းထင်က ဘို့သူငယ်ချင်း”

“သူ့အိမ်ကိုယ့်အိမ် အသွားအလာ ရှိကြမှာပဲ”

“အဲဒီတော့ ကေသရီနဲ့ပိုပြီး နီးစပ်တော့တာပေါ့”

“သေချာပါတယ်”

“ကေသရီမေထင်ဟာ ဘို့ရည်းစားဟောင်းပဲ ဖြစ်မှာပါ”

ပန်က တစ်ဖက်သတ်တွေးထင်ယူဆကာ ဘို့ကို သံသယဝင်ခဲ့ပါပြီ။ ချစ်သူနှစ်ဦးအတွက် ကြားဝင်နှောင့်ယှက်နိုင်သော အင်မတန် ကြောက်မက်ဖွယ်...

“သံသယ ...”







www.burmeseclassic.com

www.burmeseclassic.com



ထိုသံသယအစပျိုးသည့်နေ့မှစ၍ ပန်နှင့် ဘိုတို့ရဲ့ ပြောင့်ဖြူးသာယာသော ဘဝလမ်းခရီး၌ ကြေကွဲမှုယ် ဖြစ်ရပ်များ ဖြစ်ပွား ပေါ်ပေါက်ခဲ့ရတော့သည်။

● ● ●



## အခန်း (၉)

♥ ♥ ♥

"အရင်ကနဲ့ တခြားစီပဲကွာ"

"အိမ်ထဲ ဝင်လိုက်တာနဲ့ စိတ်ထဲကြည်သွားတာပဲနော် ကိုကိုထင်"

"မင်း မိန်းမရ ကံကောင်းတယ်၊ အိမ်ထဲဝင်လိုက်တာနဲ့ ဒီအိမ်က အိမ်ရှင်မက မိန်းမပီသ စည်းစနစ်ကြီးမှန်း သိသာတယ်"

မင်းထင်တို့ မောင်နှမ ဘိုတို့အိမ် ဧည့်ခန်းထဲဝင်လာသည်နှင့် တအံ့တသြ ချီးကျူးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးစိစိ ဖြစ်နေကြသည်။ မေနီ့အစွမ်းဆိုတာ မင်းထင် မသိသေး။ အထင်နှင့် စွတ်တင်နေသည်။ မင်းထင်ကတော့ တကယ်ပဲ အံ့သြနေမိခြင်းပါ။

ဘိုတို့ တစ်အိမ်လုံးက မွေးပျံ့သန့်ရှင်းနေသည် မဟုတ်ပါလား။ ဒေလီယာပန်းပွင့်ကြီးတွေ လှလှပပထိုးထားသော ပန်းအိုးတွေ ဟိုနားတစ်အိုး ဒီနားတစ်အိုး။ ပန်းတွေကို မြင်တော့ မိန်းကလေးတစ်ယောက်ကို ဖျတ်ခနဲသတိရသွားသည်။ ဘို့ရဲ့မိန်းကလေး။

"နန်းဒေလီယာ"

ဒီကောင် ဒေလီယာကိုများ သတိရနေသလား။ မဖြစ်နိုင်ပါ။ ဘိုက ဒေလီယာကို ချစ်ခဲ့တာမှမဟုတ်ဘဲ။ သူကသာ ဒေလီယာ့အလှကို ယစ်မူးခဲ့တာ။

"သောက်လိုက်ဦး မင်းထင်၊ ကေသရီ စားနော်၊ ဒါတို့အိမ်က အိမ်ထောင်ထိန်းသိမ်းသူရဲ့ လက်ရာ"

နန်းမေနီက ကော်ဖီနဲ့ မုန့်တွေ စားပွဲပေါ် လာချပေး၏။





"သူက နန်းမေနီတဲ့ ကိုမင်းထင်၊ ပန်တို့အိမ်က အလှအပတွေ အားလုံး သူ့လက်ရာတွေချည်းပဲလေ"

ပန်က ပြုံးစိစိပုံကလေးနှင့် မိတ်ဆက်ပေးသည်။

"မသိပါဘူးကွာ…ငါက ပန့်လက်ရာတွေပဲထင်နေတာ"

မင်းထင်က မေနီ့ကို အသေအချာကြည့်မိသည်။ မေနီက သူ့ကိုမကြည့်။ ဘိုတို့က စကားလှအောင် အိမ်ထောင်ထိန်းသိမ်းသူလို့ပြောပေမယ့် ဒါ အိမ်ဖော်ပဲပေါ့။

မေနီ့ပုံစံက ထူးဆန်းနေသည်။ မလှပေမယ့် ယောကျ်ားတွေကို ညှို့ငင်နိုင်မယ့်ပုံမျိုး။ မင်းထင်က မိန်းမကျွမ်းကျင်သည်။ လှတာရော မလှတာရော ချမ်းသာမပေး။ ကြုံရာဖမ်းကြိုက်တတ်သည်။ နီးစပ်ရာနှင့် သာယာမှုရှာသည်။

မင်းထင်မျက်လုံးတွေက ထွားကျိုင်းပြည့်ဖြိုးနေသော မေနီ့ကိုယ်ပေါ်မှာ ရစ်ဝဲနေသည်။

"မေနီဟာ ခပ်ဆန်းဆန်း မိန်းမမျိုးပဲ"

ချက်ချင်းပင် မှတ်ချက်ချမိသည်။ သူ သိပ်တော့ မပြောတတ်။ မေနီ့ဆီမှာ ညှို့အားတစ်မျိုးရှိနေသည်။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေပဲ သိသည်။ မိန်းမချင်း မသိနိုင်။ မိန်းမချင်း မျက်စိထဲမှာတော့...

"မလှဘူး"

ဟုပဲ ထင်မည်။

"တွေ့ရတာဝမ်းသာပါတယ် မမေနီ၊ မမေနီကတော့ အိမ်ထောင်ထိန်းသိမ်းတဲ့နေရာမှာ အိပ်စ်ပတ်ပဲ၊ သိပ်တော်တာပဲဗျာ၊ အိမ်ကလေး မြင်လိုက်တာနဲ့ နေချင့်စဖွယ်ပဲ"

မင်းထင်က စကားရောဖောရော လုပ်နေသည်။

"ကျေးဇူးတင်ပါတယ်"

မေနီက အေးစက်စက်ပြောပြီး အိမ်ထဲပြန်ဝင်သွားသည်။ မျက်လွှာတစ်ချက် ပင့်ကြည့်သွားသည်။ မျက်ဝန်းညိုတွေက နက်ရှိုင်းနေသည်။ မင်းထင် ရင်ထဲထိထိုးဖောက်သွားသည်။

"ဒီမိန်းမကို ငါ ရအောင်ကြံမယ်"

မင်းထင် ဆုံးဖြတ်ချက်ချမိသည်။ မင်းထင်က လိုချင်တာဆို ရအောင်ယူရမှ...။ ရာသက်ပန် ပိုင်ဆိုင်ရဖို့ မလိုပါ။ ခဏလေး ရလိုက်လျှင်လည်း ကျေနပ်သည်။





"စာရင်းတွေ ပါလာတယ်မဟုတ်လား မင်းထင်"

"ဪ... အေး... ပါတယ်"

မင်းထင်က လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဘိုဖြူးမိသည်။ မင်းထင်အကျင့်ကို သိပြီးသားပါ။

"တွေ့မရှောင် မင်းထင်"

ဘိုက မင်းထင်ကို မကြာခဏ စ,နောက်နေကျ။ မင်းထင်နဲ့ ဘိုက လိုင်းချင်းမတူ၊ ဘို့လိုင်းက သန့်သည်။ အပျော်ပဲ။ မင်းထင်က ဒီလိုမဟုတ်။ လူတိုင်းမှာ ကောင်းကွက်ချည်းမဟုတ် ဆိုးကွက်တစ်ခုစီတော့ ရှိတတ်သည်လို့ ပြောကြသည်။ လူကောင်းတစ်ယောက်မှာလည်း ဆိုးတာတစ်ခုတော့ ရှိနိုင်သည်။ လူဆိုးတစ်ယောက်မှာလည်း အကျင့်ကောင်းတစ်ခုတော့ ရှိနိုင်သည်။

မင်းထင်က လူကောင်းပါ။ စိတ်ဓာတ် သိပ်မဆိုးလှ။ သို့သော် မိန်းကလေးတွေနှင့် ပတ်သက်လျှင်တော့ ဆိုးရွားလွန်းပါသည်။ ခုလည်း မမေနီကိုကြည့်သည့် အကြည့်တွေက ရိုင်းလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘိုတို့အိမ်လေးက သိပ်ချစ်ဖို့ကောင်းတာပဲနော်၊ အိမ်နောက်မှာလည်း မီးခိုးခေါင်းတိုင်လေးနဲ့၊ ဥရောပအိမ်ပုံစံလေး"

ကေသရီကတော့ အိမ်လေးကို သဘောကျနေသည်။

"ကေသရီတို့အိမ်လေးလည်း လှပါတယ်ကွာ၊ သိလား ပန်၊ မင်းထင်တို့အိမ်လေးက ဘန်ဂလိုပုံစံ အမိုးပြားပြားလေးနဲ့၊ မှန်တွေအများကြီး တပ်ထားတာ၊ ပန် တွေ့ရင် သဘောကျမှာပဲ၊ တစ်ခါလောက် ပန့်ကို အလည်ခေါ်သွားရမယ်"

ဘိုက ပန့်ကို လှည့်ပြောနေသည်။ ပန်က စိတ်မပါဘဲ နားထောင်နေရသည်။

"ဘိုရေ... ကေသရီ အိမ်ထဲအထိ လျှောက်ကြည့်မယ်လေ"

"ကြည့်လေ ကေသရီ၊ ပန် လိုက်ပြလိမ့်မယ်"

ပန့်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ အစကတည်း





က သံသယဝင်နေရတဲ့ကြားထဲမှာ ကေသရီက ခုလို ရဲတင်းနေတော့ ပိုပြီး ကြည့်မရတော့။ လိုက်ပြရပေမယ့် စိတ်မပါ။

ဘိုနဲ့မင်းထင်ကတော့ ဧည့်ခန်းထဲမှာ ခေါင်းချင်းဆိုင်ပြီး စာရင်းဇယားတွေနှင့် အလုပ်ရှုပ်နေသည်။

"ဟယ်... ပန့်တို့အိပ်ခန်းကြီးက လှလိုက်တာ၊ ခုတင်ကြီးကလည်း ရှယ်ပဲ၊ အား... မွေ့ရာကြီးကလည်း အိနေတာပဲတော့"

ကေသရီက အိပ်ခန်းထဲအထိ ဝင်ကြည့်ပြီး မွေ့ရာပေါ် အိခနဲပစ်လှဲချလိုက်သည်။

အဲဒါတွေမကြိုက်တာပေါ့။ သူများလင်မယားအိပ်တဲ့ ခုတင်ပေါ်မှာ သူ ဝင်အိပ်စရာလား။ ခက်တယ်။ နွဲ့ကလေးကိုက ရဲတင်းလိုက်တာ လွန်းပါရော။

"အိမ်နောက်ဘက်မှာလေ မမေနီစိုက်ထားတဲ့ ပန်းပင်တွေ အများကြီးပဲသိလား၊ ပန်းတွေပွင့်နေတာ သိပ်လှတာပဲ၊ လာ ကေသရီ၊ လိုက်ကြည့်လေ"

ပန်က တမင်ခေါ်ထုတ်လိုက်သည်။ ပန့်တို့ခုတင်ပေါ်မှာ အိပ်ကြည့်နေတာကို မရှုဆိတ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခဏနေပါဦး ပန်ရဲ့၊ ဒီမှာ ကေသရီဇိမ်ကျနေတာ"

ကေသရီက ဖွင့်ပေးနေသည်။ နည်းနည်းလေး၊ အလိုက်မသိ။

"ကေသရီ ခဏနေဦးနော်၊ ပန် အပေါ့သွားချင်လာလို့"

"သွား...သွား ရတယ်...ကေသရီ နေခဲ့မယ်"

ပန် အိပ်ခန်းထဲမှ ထွက်လာခဲ့သည်။ ကြာရင် ပန့် ဒေါသတွေ ပေါက်ကွဲတော့မှာ။ ထမင်းစားခန်းထဲမှာ မေနီကို အဆင်သင့်တွေ့ရသည်။

"မမေနီ...ပန်တို့အိပ်ခန်းထဲက ကေသရီ့ကို ပန်းပင်တွေ လိုက်ပြမယ်ပြောပြီး သွားခေါ်ထုတ်လိုက်ပါဦး၊ သူ့နားမှာ ပန် ကြာကြာနေရင် သူ့ကိုသတ်ပစ်မိလိမ့်မယ်"

ကလေးဆန်သော ပန်။ ဒေါသတကြီးပြောချပ လိုက်သည်။ သဝန်တိုစိတ်ကို ထိန်းမရ။

"ဘို့ ရည်းစားဟောင်းပဲ"

စိတ်ထဲမှာ စွဲနေသည်။ သံသယကို ဖျောက်မရ မေနီ ပန်တို့အခန်းထဲ ဝင်လာခဲ့သည်။ ကေသရီက မွေ့ရာပေါ် မှာ ဇိမ်ကျနေသည်။ မေနီက ကေသရီနားကပ်သွားသည်။





"ညီမလေးနာမည်က ကေသရီဟုတ်လား၊ နာမည်လေးကလည်း လှလိုပဲ သိပ်လှတယ်၊ ကြည့်စမ်းပါဦး ဆံပင်လေးတွေဆို ပျော့စင်းနေတာပဲ၊ မမကိုင်ကြည့်မယ်နော်"

"ကိုင်ကြည့်...ကိုင်ကြည့်"

ကေသရီ သဘောကျသွားသည်။

တကယ်တော့ ကေသရီက ကလေးဆန်ပြီး မသိတတ်တာပါ။ ချိုချိုသာသာပြောလျှင် သဘောကျသည်။ သူ့ကို မြှောက်လျှင် ပို၍သဘောကျသည်။ မမေနီက လှတယ်ပြောတော့ ကေသရီသဘောခွေ့သွားသည်။ ကေသရီက လူတန်းစား မခွဲခြားတတ်တာပါ။ မမေနီ့ကို အိမ်ဖော်ဆိုပြီး အပေါ်စီးက ဆက်ဆံပါ။

ခေါင်းလေးငဲ့ပေးပြီး ဆံပင်တွေကို အကိုင်ခံနေသည်။ မေနီ့အပြောတွေကလည်း ထူးဆန်းနေပါ၏။ ပန်တို့ရှေ့မှာ အပိုစကားတွေမပြောခဲ့သလောက် ကေသရီ့ကိုတော့ စကားတွေ ဝေဝေဆာဆာပြောနေသည်။

မေနီ့မှာလည်း အကြံနှင့်ပါ။ ဘိုတို့အိမ်ထောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြိုကွဲအောင် ကေသရီ့ကို အသုံးချရင် ချရမည်။ ခုကတည်းက စည်းရုံးထားလိုက်သည်။ ဒီလိုဆတ်စလူးပုံမျိုးက အသုံးချရ လွယ်ကူပါသည်။

"လာ...ကေသရီ...ခြံထဲသွားရအောင်၊ မမေနီစိုက်ထား တဲ့ ပန်းပင်တွေ ကေသရီ့ကို လိုက်ပြမယ်လေ၊ ပန်းပွင့် တွေကြားမှာဆို ကေသရီက သိပ်လှနေမှာပဲကွယ်၊ ဓာတ်ပုံ ရိုက်ထားဖို့တောင် ကောင်းတယ်"

"ဟုတ်တယ်နော်၊ မမေနီ့အကြံ မဆိုးဘူး၊ နောက်နေ့မှ ကင်မရာ ယူလာရမယ်"

ကေသရီက ပန်းတွေကို စိတ်ဝင်စားသွားသည်။ အခန်းထဲမှထွက်လာသည်။ ကေသရီ အခန်းထဲကထွက်လာတာ မြင်တော့ ပန် ကျေနပ်သွားသည်။ ပန် ကျေနပ်အောင်လည်း မေနီ အယုံသွင်းရပါသေးသည်။ ပန်ကလည်း မေနီ့ကို ယုံ၊ ကေသရီကလည်း မေနီ့ကို သဘောကျ။ ဒါဆို မေနီ့အကြံတွေ အကောင်အထည်ဖော်ဖို့ မခက်တော့ပါ။

ပန်ကတော့ ကေသရီ့ကို အိမ်လာလည်ဖို့ စိတ်ဆော်ခဲ့သည့် ဘို့ကိုပဲ ဒေါသထွက်နေသည်။





"ကေသရီ့ကို သံယောဇဉ်မပြတ်တိုင်း နီးစပ်အောင် ဖန်တီးနေတာပဲ ဖြစ်မှာပေါ့"

ဘို့ကို စိတ်ကောက်နေမိသည်။

မင်းထင်တို့မောင်နှမ ပြန်သွားတဲ့အထိ ပန် စိတ် လောက် မပြေသေးပါ။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

❤ ❤ ❤

"ပန်…"

"ကဲ…ကဲ"

"ဟ…ဟ…ဘယ်လိုဖြစ်တာလဲ"

ဘို အခန်းထဲဝင်လာတော့ မိတ်ကပ်ဘူး၊ ဆပ်ပြာ ဘူး၊ ဘီး၊ ရေမွှေးပုလင်း စုံစီနဖာပစ္စည်းတွေ ဘို့ဆီ ပလုံ လာသည်။ ဟိုယိမ်းဒီနွဲ့နှင့် မနည်းရှောင်လိုက်ရသည်။

"ပန် ဘာဖြစ်နေတာလဲ၊ ဘို ဘာလုပ်မိလို့လဲ"





ပန့်ကို နားမလည်နိုင်။ တအံ့တသြမေးမိသည်။

"ကိုယ့်အပြစ်ကို ကိုယ်မသိဘူးလား"

"အား…နားကို အူသွားတာပဲကွာ"

ပန့်အော်သံက စူးစူးဝါးဝါး။ ဘို တကယ်ပဲ နား အူသွားရတာပါ။ နားထဲကို လက်ညှိုးထည့်၍လှုပ်ယမ်းရင်း ဘို့ မျက်နှာ ရှုံ့တွသွားရသည်။

"ဘို ဘာလုပ်မိလို့လဲ"

ပြန်စဉ်းစားကြည့်သည်။ ပန် စိတ်ကောက်အောင် ဘို ဘာမှမလုပ်ခဲ့မိ။ မင်းထင်တို့ ပြန်သွားတော့ ရေချိုးသည်။ ရေချိုးပြီး အခန်းထဲ ပြန်ဝင်လာတော့ ပန်က စိတ်ကောက် နေပြီ။

"ပန်…ဘိုလည်း ဘာမှမလုပ်ရပါလားကွာ၊ ဘို့မှာ ဘာ အပြစ်ရှိလို့လဲ"

ဘို ရှေ့တိုးသွားသည်။

"အွန့်"

ခေါင်းအုံးတွေ၊ ဖက်လုံးတွေ ဘို့ရင်ခွင်ထဲ ပြေး



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်လာသည်။ အသက်ရှုတောင် ကျပ်ချင်သွားသည်။

"ရှင်အပြစ် ရှင်မသိဘူးလား၊ ရည်းစားဟောင်းကို သံယောဇဉ်မပြတ်နိုင်လို့ နီးစပ်အောင် ဖန်တီးနေတာ ရှင့်အပြစ်မဟုတ်ဘူးလား...ဟင်"

"ဘယ်က ရည်းစားဟောင်းလဲ"

ဘို ဦးနှောက်ကို ဖုစ်ညစ်စဉ်းစားလိုက်သည်။ ပန်နဲ့ လက်ထပ်ပြီးကတည်းက ဘယ်ရည်းစားဟောင်းနဲ့မှ အဆက်အသွယ် မလုပ်မိပါ။ အိမ်ထောင်မကျခင်က ဇာတ်လမ်းတွေ အားလုံးကို ဘို တကယ်ပဲ မေ့ထားခဲ့တာပါ။ ဘယ်ရည်းစားကိုမှ မတမ်းတမိ။ သတိလည်း မရ။ အိမ်ထောင်သည်ဘဝမှာ ပန့်ကိုပဲ သစ္စာရှိရှိ ချစ်နေသည်။ ပန် ဘာကို အထင်မှားနေတာပါလိမ့်။

"ပန်...ဘာတွေကို သံသယဝင်နေတာလဲ၊ ဘို့ကိုပွင့်ပွင့်လင်းလင်းပြော၊ ဘို ရှင်းပြမယ်၊ ခုလိုတော့ ဘာမသိ ဘာမသိ မစွပ်စွဲပါနဲ့ အချစ်ရယ်"

"ရှင် မသိချင်ယောင်ဆောင်မနေနဲ့၊ ကေသရီမထင်ဟာ





ရှင့်ရည်းစားဟောင်း မဟုတ်လား၊ ခုမှ ပြန်တွေ့ရတော့ သံယောဇဉ်တွေနှောင်ပြီး အိမ်လည်ခေါ်ရတာနဲ့၊ တရင်းတနှီးပြောရဆိုရတာနဲ့...."

"ဟာ...ပန် အထင်မှားနေပြီ၊ ကေသရီနဲ့ ဘိုက ရိုးရိုးသားသား ခင်ရုံပဲခင်ခဲ့တာပါကွာ၊ တကယ်ပါ၊ ဘို ကျိန်ပြောရဲပါတယ်၊ ကေသရီနဲ့ဘို ရည်းစားမဖြစ်ခဲ့ကြပါဘူး"

ဘိုက ပျာပျာသလဲ ရှင်းပြမိသည်။ ပန်က တလွဲတွေ ထင်နေတာ။ ကေသရီနဲ့ဘိုက ငယ်သူငယ်ချင်း သူငယ်တန်းကတည်းက လည်ပင်းဖက်ပေါင်းလာတာ။ အရွယ်ရောက်လာတော့ ဘိုက တခြားမိန်းကလေးတွေနဲ့တွဲ။ ကေသရီက တခြားယောကျ်ားလေးတွေနဲ့တွဲ။ ဘိုနဲ့ ကေသရီက မောင်နှမအရင်းလို ခင်နေတာမို့ မရိုးမသားစိတ် မွေးလို့မရ။

တစ်ယောက်နဲ့တစ်ယောက် ရင်ခုန်စိတ်လှုပ်ရှားတာမျိုးမရှိ။ ရင်းနှီးနီးစပ်လွန်းလို့ ရိုးသွားတာလားတော့ မသိပါ။ တစ်ယောက်နဲ့တစ်ယောက် ပြောမနာ ဆိုမနာ။ ကေသရီ အိမ်လည်လာတိုင်း ဘို့အခန်းထဲအထိ ဝင်ချလာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘို့ပစ္စည်းတွေ မွှေနှောက်ရှာဖွေပြီး သူလိုချင်တာရှိရင် ယူသည်။

ဘိုကလည်း ဒီလိုပဲ။ ကေသရီ့အခန်းထဲထိဝင်၊ အိပ်နေရင် ဆွဲထူပြီး နှောင့်ယှက်။ စကြ နောက်ကြ ထုကြ ရိုက်ကြ။ သူတို့ မောင်နှမနဲ့ ဘိုနဲ့က ထွေးလုံးရစ်ပတ် တရင်းတနှီးနေခဲ့ကြတာပါ။ တစ်ခါတစ်ရံမှတောင် မရိုးသားစိတ် မဝင်ခဲ့ကြ။ ဒါကို ပန်က တစ်ဖက်သတ် အထင်လွဲနေသည်။

"ညာမနေနဲ့ဘို... ရှင့်ဟာမလေးက ဘယ်လောက်ရဲတင်းသလဲဆို... ယောက်ဒီ့အခန်းထဲထိဝင်ပြီး ယောဒီခုတင်ပေါ်မှာတောင် အိပ်သွားသေးတာ... သိရဲ့လား"

ပန်က ဒေါသတကြီးအော်ပြီး မွေ့ရာကို ထုရိုက်နေသည်။

"ငယ်ငယ်လေးကတည်းက ဘို့အခန်းထဲ သူဒီလိုပဲဝင်နေကျမို့လို့ပါ ပန်ရယ်"

"ဘာ... ဘာ... ဝင်နေကျဟုတ်လား၊ ကဲ... ကဲ... အဲဒါ ဝင်နေကျဦး... ဝင်နေကျဦး"

"ပန်... ပန်ရယ်"

ရှင်းပြမိကာမှ ပိုဆိုးသွားသည်။ ပန်က ဘို့ဆီ





ဒေါသတကြီး ပြေးဝင်လာကာ ထုရိုက်ကုတ်ဆွဲတော့သည်။

"အား... နာလိုက်တာ ပန်ရယ်"

ပန့်လက်သည်းရှည်ကြီးက ဘို့လက်ဖျံထဲ နစ်သွားသည်။ သွေးတွေစိမ့်ထွက်လာသည်။ ဘို နာကျင်စွာ ညည်းညူမိသည်။ ပန် နည်းနည်းတော့ ဒေါသအရှိန်လျော့သွားသည်။

"ဘို တကယ်ပြောတာပါ ပန်ရယ်၊ ရိုးရိုးသားသားရင်းနှီးလို့ အမှန်အတိုင်းပြောတာပါ... ကျွတ်... ကျွတ်"

ဘိုက ခပ်တိုးတိုးဖြေရှင်းရင်း စုပ်သပ် ညည်းတွားမိသည်။ ပန့်လက်ကလေးကိုလည်း ဖွဖွဆုပ်ကိုင်ထားသည်။ ဘို့ကိုကြည့်ပြီး ပန့်ရင်ထဲ တလှိုက်လှိုက် ဝမ်းနည်းလာရသည်။ ဘို့ကို ဆက်မလုပ်ရက်တော့။ သို့သော် ချက်ချင်းတော့ မလျှော့ချင်သေးပါ။

"ရှင့်ဟာမ အိပ်သွားတဲ့ခုတင်မှာ ရှင်တစ်ယောက်တည်းအိပ်၊ ပန် အပြင်ထွက်အိပ်မယ်၊ အဲဒီမှာ ကေသရီ့ကိုယ်က ရေမွှေးနံ့တွေ စွဲကျန်ခဲ့တယ်၊ မွှေးတာမှ မူးအီနေအောင်ပဲ၊ ကေသရီရှိနေတယ်လို့တောင် ထင်ရတယ်၊ စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ယဥ်အိပ်မက်တွေမက်ပြီး အိပ်ပေါ့"

ပန်က လက်ကိုဆောင့်ရုန်းလိုက်ပြီး အခန်းထဲမှ ထွက်ဖို့ ပြင်သည်။

"ပန်"

ဘိုက ပန့် ကိုယ်လုံးလေးကို ဖျတ်ခနဲဖမ်းချုပ်ထားလိုက်သည်။

"ပန် မသွားရဘူး"

"လွှတ်...လွှတ်...သူများတကာ ကိုယ်နဲ့ကြီးစွဲနေတဲ့ အိပ်ရာမှာ ပန် မအိပ်ဘူး...ရှင်ပဲအိပ်"

"မမေနီရေ...အိပ်ရာခင်း...ခေါင်းအုံးစွပ်တွေ အသစ်တစ်စုံ ထုတ်ထားပေးပါ"

ဘိုက အသံကျယ်ကျယ်နှင့် လှမ်းအော်လိုက်သည်။ ပန် သိပ်မရုန်းတော့။ ငြိမ်သွားသည်။

"သံသယဆိုတာ ချစ်သူနှစ်ဦးရဲ့ရန်သူပါ ပန်ရယ်၊ ဘိုပြောတာ ယုံပါ"

"မယုံပါဘူး"



BURMESE CLASSIC .com



အသံက မာသည်။ သို့သော် အသေအချာနားထောင်ကြည့်လျှင် ကနွဲ့ကလျသံလေး စွက်နေသည်။ ပန်စိတ်ပြေစ ပြုနေပါပြီ။

"ယုံအောင်..."

"အိုး...ဖယ်...ဖယ်"

ဘိုက စူထော်နေသော ပန့်ခမ်းလေးကို ဖျတ်ခနဲငုံနမ်းလိုက်သည်။ ပန်က ရုန်းထွက်သွားသည်။

"ရှင် ပန့်ကို လာချွဲမနေနဲ့ သိလား"

"ရှင်...ရှင်နဲ့ မပြောစမ်းပါနဲ့ ချစ်ရယ်"

"ပြောရမှာပဲ၊ ရှင်ကို ကျုပ်က ပြောရမှာပဲ၊ ရှင်ကြီးကရည်းစားများတာကိုး၊ ကျုပ် မကျေနပ်ပါဘူး"

ပန်က ရှင်တွေကျုပ်တွေသုံးကာ ဘို့ကို ငေါ့ပြောရင်း တစ်ဖက်လှည့်ကာ ပြုံးစိစိလေး ဖြစ်နေသည်။

"ရပါတယ်...ပန်ကြိုက်သလိုသာပြောပါ၊ အား...ကျွတ်ကျွတ်"

ဘိုက အလျှော့ပေးစကားဆိုရင်း နာကျင်စွာ



www.burmeseclassic.com

www.burmeseclassic.com



ညည်းမိသည်။ ပန်မျက်လုံးတွေ ဝိုင်းသွားရပါ၏။ မသိမသာ လှည့်ကြည့်လိုက်သည်။ ဘိုက သူ့ဒဏ်ရာပေါ်က သွေးတွေကို သုတ်ပစ်နေသည်။

"ဘို..."

စိတ်မထိန်းနိုင်တော့။ မျက်ရည်တွေ ကျလာသည်။ ဘို့ရင်ခွင်ထဲ တိုးဝင်လိုက်မိသည်။

"ဘို...ပန် လက်လွန်သွားတယ်၊ သိပ်နာနေလား ဟင်..."

"မနာပါဘူးကွာ"

"ဘိုရယ်..."

ပန်က တိုးဖွဖွလေးညည်းရင်း ဘို့လက်မှ လက်သည်းရာလေးကို နှုတ်ခမ်းလေးဖြင့် ဖိကပ်ထားလိုက်မိလေသည်။ ထိုအချိန်တွင် အိပ်ရာခင်း တစ်စုံကိုင်လျက် အခန်းအပြင်ဘက် နံရံတွင် ကပ်၍ ရပ်တန့်နေသော နန်းမေနီမှာ ဘို့နဲ့ပန်တို့ရဲ့ အစပျိုးလာပြီဖြစ်သော အနှောင့်အယှက်တစ်ခုအတွက် ကျေနပ်ပီတိဖြင့် မဲ့ပြုံးပြုံးလိုက်ပါလေသည်။





ခုလိုအချိန်မျိုးမှာ အစပျိုးထားတဲ့ သံသယတစ်ခုဟာ နောင်တစ်ချိန်မှာ ဒါ့ထက် ကြီးထွားခိုင်မာလာတဲ့အခါ ပန်ဟာ ဘို့ကို ခွင့်လွှတ်နိုင်ပါဦးမည်လား။ တစ်နေ့နေ့တော့...

"မေနီ့အကြံ အောင်မှာပါ ယာယာရယ်..."

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဘိုရေ...ပန်ရေ...မမေနီရေ..."

ကေသရီက အိမ်ဝမှာရပ်ကာ လှမ်းတကျက်စုံ ခေါ်ကြည့်လိုက်ပါသည်။ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ပြန်ထူးသံ မကြားရ။

"ဘယ်သွားနေကြပါလိမ့်"

ကေသရီ စိတ်ညစ်သွားရပါ၏။ အိမ်မှာနေရတာ ပျင်းလို့ သူတို့ဆီ အလည်လာကာမှပဲ...

"ဗျို့....အိမ်ကြီးရှင်တို့"





ကေသရီက အသံကလေး ပြာအက်သွားအောင် အော်ခေါ်လိုက်ပါ၏။

"လာပြီ...လာပြီ၊ သြော်...ကေသရီပါလား၊ လာ...လာ ညီမလေး"

မမေနီက ပျာပျာသလဲထွက်လာသည်။

"ကေသရီဖြင့် ခေါ်နေတာကြာလှပြီ"

"မမေနီက ရေချိုးခန်းထဲမှာ အဝတ်လျှော်နေလို့ မကြားမိတာပါကွယ်"

"ဘိုတို့ရော"

"မရှိကြဘူး ညီမလေးရဲ့၊ ပြင်ဦးလွင်ကို သွားကြတယ်"

"ဘာသွားလုပ်ကြတာလဲ"

"အလည်အပတ်ပေါ့၊ ပန်သွားချင်တယ်ဆိုလို့ လိုက်ပို့ရတာလေ"

"ဘယ်တော့ ပြန်လာမှာလဲ မမေနီ"

"မနက်ဖြန်လောက်တော့ ပြန်ရောက်မှာပါ"

"ဟီဟိ...သူတို့မရှိတာနဲ့ အတော်ပဲ၊ သူတို့အိပ်ရာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ အားရပါးရ အိပ်ပစ်လိုက်မယ်၊ မမေနီ ကေသရီ ညနေမှ ပြန်မယ်နော်၊ ဒီမှာ ထမင်းစားမယ်၊ ကေသရီ ဖို့ပါ ပိုချက်လိုက်”

ကေသရီက မသိတတ်သူပါ။ ဘိုနဲ့က မောင်နှမ တွေလို ရင်းနှီးနေတာ။ ဘိုတို့အိပ်ရာကို ဝင်အိပ်တာလည်း မရိုးမသားစိတ်မျိုးနဲ့ မဟုတ်ပါ။ အိပ်ရာကြီးက လှလွန်းလို့ ဇိမ်ယူချင်တာ၊ မအိပ်ဖူးလို့ အိပ်ကြည့်ချင်တာပါ။

မိုင်းသာ ပြန်ရောက်ကတည်းက ဘို့ကို တွေ့ချင် နေမိတာ။ ကိုကိုထင်က တားထားလို့သာ မလာရတာ။ အခု ဘိုက ဝင်ဖို့ထွက်ဖို့ ဖိတ်ခေါ်ထားပြီ။ ကေသရီက ပျင်းပျင်း ရှိတိုင်း ဘိုတို့အိမ်ပဲ လာလည်ဖို့ စိတ်ကူးမိခြင်းပါ။

မမေနီကတော့ စိတ်ထဲမှ ကျိတ်၍ပျော်နေသည်။ ကေသရီနဲ့ ရင်းနှီးမှုရဖို့ လိုအပ်နေသည်မဟုတ်ပါလား။ ခုလို အချိန်မျိုးမှာ မေနီ့အကြံတွေ အကောင်အထည်ဖော်နိုင်ပြီ။ စားရက်ကြံ့လို့ မှတ်ဆိတ်ပျားစွဲတဲ့။ ဆိုင်သလား မဆိုင်သလား တော့ မသိပါ။ မေနီ့အကြံတွေဖြစ်မြောက်ဖို့ ကေသရီ ရောက် လာတာပါ။





ကေသရီနဲ့မတွေ့ခင်ကတော့ အကြံသာရှိနေပေ မယ့် ဘာက ဘယ်လိုစရမည်မသိ။ ဆတ်စလူးလေး ကေသရီ အိမ်လည်ရောက်လာတော့မှ မေနီ့အကြံဉာဏ်တွေ ထွက်လာ ခြင်းပါ။ ပန်က သဝန်တိုတတ်လွန်းသည်။ ကေသရီ့အပေါ် မကြည်လင်။ ဘို့ကို စိတ်ကောက်သည်။ အထင်လွဲသည်။ ဒါတွေကို သိရတော့ မေနီ ကျေနပ်သည်။ ဒီလိုအခြေအနေမျိုးမှာ လင်မယားကြားမှာ ခြေထိုးလို့ အကောင်းဆုံး။

ပန့်စိတ်က နုလွန်းသည်။ သဝန်တိုချင်တာပဲ သိသူ ပါ။ အဲဒီတော့ မေနီ့ဘက်က အခွင့်အရေး အများကြီး ရနိုင် ပါသည်။

“မမေနီရေ…ဟင်းကောင်းကောင်းလေး ချက်နော်”

ကေသရီက မေနီ့ကို လှမ်းအော်ပြောသည်။ သူက တော့ ပန်တို့အိပ်ရာပေါ်မှာ ဇိမ်ကျနေသည်။ မေနီက ကေသရီ့ စကားကို နာခံပြလိုက်သည်။ ဟင်းကောင်းတွေချက်ကျွေးလိုက် သည်။ ထမင်းစားပြီးတော့ စကားစမြည်ပြောရင်း မေနီက သိချင်တာတွေ မေးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကေသရီ...ညီမလေးကိုယ်က ရေမွှေးနံ့လေးက သိပ်

မွှေးတာပဲနော်၊ ဘာရေမွှေးသုံးလဲဟင်"

"Blue lady သုံးတယ် မမနီ"

"နှုတ်ခမ်းနီအရောင်လေးကလည်း ချစ်စရာလေးကွယ်၊

ကေသရီနဲ့ သိပ်လိုက်တာပဲ"

"နှုတ်ခမ်းနီက Revlon 135 လေ၊ ကေသရီက

ဒီအရောင်တစ်မျိုးပဲ ဆိုးတာ"

မေနီ သိချင်တာလေးတွေ သိလိုက်ရသည်။

ကေသရီက ညနေမိုးချုပ်ကာနီးမှ ပြန်သွားသည်။ နောက်တစ်နေ့

မနက် ဘိုနဲ့ပန် ပြန်ရောက်လာသည်။

"ကားစီးရတာ တညောင်းကြီးပဲ ဘိုရယ်၊ ပန် အညောင်း

ဆန့်လိုက်ဦးမယ်"

ပန်က အိပ်ရာထဲ တန်းဝင်သွားသည်။ ဘိုက

ကားဂိုဒေါင်ထဲ ကားမောင်းသွင်းနေသည်။ ခဏကြာတော့ ပန်

အခန်းထဲက တဝုန်းဝုန်းတဒိုင်းဒိုင်းအသံတွေကြားလိုက်ရသည်။

"ဒီရေမွှေးနံ့က ဘယ်ကဘယ်လိုရောက်လာရပြန်တာလဲ

မမေနီ...မမေနီ"

ပန်က အခန်းထဲမှ ဒေါသတကြီး ပြေးထွက်လာ

သည်။

"ပန်တို့သွားနေတုန်း အိမ်ကို ဘယ်သူလာလဲ"

"ကေသရီ လာသွားပါတယ်"

"အိပ်ရာထဲ ဝင်အိပ်သွားတယ် မဟုတ်လား"

"ဟုတ်..."

"တောက်"

ပန် ဒေါသကြီးပြီ။ ပန့်ဒေါသတွေ အိမ်ထဲဝင်လာ

သော ဘို့ဆီရောက်သွားသည်။

"ဘို..."

"ပန်...ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲ...ဘို့ဟာမပေါ့၊ ပန်တို့မရှိတုန်း အိမ်

လာပြီး အိပ်ရာထဲဝင်အိပ်သွားတာ ရေမွှေးနံ့ကို မွှန်နေ

တာပဲ"

ဘို သက်ပြင်းချမိသည်။ ပန်တစ်ယောက်ကတော့







www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စနဲ့ပဲ ဘိုကိုရန်လုပ်ဦးတော့မှာ မဟုတ်လား။ ကေသရီကို ပြောင်ပြောင်တင်းတင်း တားမြစ်လို့လည်း မကောင်းပါ။ မင်းထင်ကို ပြောလို့လည်းမဖြစ်။ ဘိုအခက်ကြုံနေရသည်။

"အဲဒါ ဘိုစတဲ့ပြဿနာပဲသိလား၊ ဘိုကစပြီး အရော တဝင်လုပ်လို့၊ ဖိတ်ခေါ်လို့ ကေသရီ ဒီလောက်ရဲတင်း နေတာ"

"ဘိုက ရိုးရိုးသားသား အလည်လာဖို့ ပြောမိတာပဲကွာ"

"အို...မသိဘူး...မသိဘူး၊ ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ ဘို စတဲ့ကိစ္စ၊ ကေသရီဟာ ဘို့ရည်းစားဟောင်းပဲ၊ ပန့်ကို မညာနဲ့၊ ပန် လုံးဝမယုံတော့ဘူး သိလား"

ပန်က ချာခနဲလှည့်ကာ အခန်းထဲပြေးဝင်သွားသည်။ ခဏကြာတော့ အိပ်ရာခင်းတွေ မွေ့ရာတွေကို မနိုင့် တနိုင် သယ်ထုတ်လာသည်။

"ကဲဟယ်...ကဲဟယ်"

"ဗြဲ...ဗြဲ"

"ဟာ...ပန်...မလုပ်နဲ့လေ"





"ဘာလဲ...ဘိုက ကေသရီ့ကိုယ်ရနံ့လေး တသင်းသင်း နဲ့ အိပ်ချင်သေးလို့လား"

ဘို တားတော့မှ ပိုဆိုးလာသည်။ ပန်က မွေ့ရာတွေ အိပ်ရာခင်းတွေအားလုံးကို ကတ်ကြေးနဲ့ကိုက်ဖြတ်ပြီး ခြေထောက်နဲ့ နင်းခြေနေခြင်းပါ။

"ကဲ...လုပ်ချင်ရာ လုပ်ပေတော့"

ဘို လက်လျှော့လိုက်ရသည်။ လမ်းခရီး တစ်လျှောက်လုံး ကြည်နူးခဲ့ရတဲ့အပျော်တွေ ဘယ်ဆီရောက်သွားပြီ မသိ စိတ်ကောက်ပြေသွားတာ ကြာမှမကြာသေးဘဲ။ ဟိုတစ်ခါ ထုရိုက်ကုတ်ဆွဲစိတ်ကောက်ပြီး ပြန်တည့်သွားတော့ ဘိုနဲ့ပန် အရင်ကထက် ပို၍ကြင်နာယုယလာသည်။ ဘိုက ပန့်အလိုကို လိုက်သည်။ အရာရာ ပန့်သဘော။

ပန် အထင်မလွဲရအောင် ဘယ်ကိုမှ တစ်ယောက်တည်း မသွား။ အိမ်မြဲနေသည်။ သွားစရာရှိရင် ပန့်ကိုပါ ခေါ်သွားသည်။

"ဘို...ပန်တို့ ခရီးထွက်ကြရအောင် ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ပန်က ပူဆာသည်။ ဘိုက ပန့်အလိုကိုဖြည့်ဆည်းပေးသည်။ ပြင်ဦးလွင်ကို အလည်သွားရတာ ပျော်စရာကောင်းလှသည်။ ဟန်နီးမွန်းခရီး။ လက်ထပ်ပြီးအတော်ကြာမှ ထွက်ခဲ့ခြင်းပါ။ အိမ်ပြန်ရောက်တော့ အပျော်တွေ ပျောက်သွားရသည်။

"ပန်က သဝန်တိုလွန်းတယ်ကွာ"

ဘို စိတ်ညစ်လာမိသည်။ ထိုညက ပန်က မီးလင်းဖိုနားမှာအိပ်သည်။ ဘိုက မီးလင်းဖိုရဲ့ ဟိုမှာဘက်ခြမ်းမှာအိပ်သည်။ ဘိုတို့နှစ်ယောက်ရဲ့ကြားမှာ မီးလင်းဖိုလေး ခြားနေသည်။ မီးလင်းဖိုက မီးတရဲရဲ။ ဘို့ရင်ထဲမှာလည်း မီးတောက်နေသည်။

"အချစ်ရယ်...မင်းကို ဘို ဘယ်တော့မှ သစ္စာမဖောက်ပါဘူး"

"ယုံပါ ပန့်ရယ်"

"ဘိုရယ်...ကောသရီနဲ့ပတ်သက်လာတိုင်း ပန့်စိတ်တွေ မွှန်ထူနေတာယ်"

"သဝန်တိုမိမှာ [illegible]"





"ဘို့ကို မုန်းလို့တော့ မဟုတ်ရပါဘူးကွယ်"

နှစ်ဦးသားရင်ထဲမှာတော့ စကားသံတွေမြည်ဟည်းနေရပါလေသည်။

အိပ်မပျော်နိုင်ဘဲ တစ်ညကုန်ဆုံးသွားသည်။

မေနီကတော့ ဘိုတို့နှစ်ယောက်ရဲ့ အခြေအနေကို အကဲခတ်ရင်း ပျော်နေမိပါသည်။ တကယ်တော့ နန်းမေနီသည် သူမရဲ့ ညီမလေးကို ချစ်သည့်စေတနာဖြင့် ဘိုနဲ့ပန်ကို ခွဲထုတ်ပြီး ဘို့ကို ဖမ်းဆီးခေါ်ဆောင်သွားရန်သာ ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့သော် ကံကြမ္မာက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသော အခါတွင်ကား...။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ခွေးလည်ပတ် ရှိလား"

"ရှိပါတယ်ရှင်"

"သုံးခုပေးပါ၊ အနက်ရောင်ပဲပေး၊ ဟိုအစွန်က သုံးခု"

ကုန်ပဒေသာဆိုင် တစ်ဆိုင်မှာ ခွေးလည်ပတ် သုံးခုဝယ်လိုက်သည်။ မေနီ့အချစ်တော် ခွေးကြီးသုံးကောင် အတွက်ပါ။ မိုင်းသာမှာက ခွေးမျိုးကောင်းကောင်းတွေ အများကြီးရှိသည်။ သူဌေးတွေက လုလုပပခွေးကြီးတွေကို တယုတယ မွေးတတ်ကြတာပါ။ ခွေးများအတွက် သီးသန့်ပစ္စည်းတွေရောင်းသည့်ဆိုင်ရှိသည်။

ဝုညခင် စာအုပ်တိုက်,



ဒီနေ့ မေနီအိမ်ပြန်ခွင့်ရသည့်နေ့။ အိမ်မပြန်ခင် မိုင်းသာဈေးထဲဝင်ကာ လိုချင်တာတွေ ဝယ်မိသည်။ ညီမလေး အတွက် စားစရာသောက်စရာနှင့် ကလစ်၊ သနပ်ခါးတုံးတွေ ဝယ်လိုက်သည်။ အဝတ်အထည်တချို့ဝယ်သည်။ ဘလူးလေဒီ ရေမွှေးပုလင်းနှင့် ရယ်ဗလွန် နှုတ်ခမ်းနီကိုတော့ သီးသန့် ထုပ်၍ သိမ်းသည်။ ဒါက ညီမလေးအတွက် မဟုတ်ပါ။

ဝယ်ခြမ်းပြီးတော့ မေနီ ဈေးထဲမှသွက်သွက်ထွက်လာခဲ့သည်။ မေနီ ဒီနေ့ ပိုပြီးစိတ်စောနေသည်။ ယာယာ့ကို ပိုပြီးသတိရနေသည်။ ယာယာ့အတွက် စိတ်ပူသည်။ ညကလည်း ခဏခဏလန့်နိုးသည်။ ကောင်းကောင်း အိပ်လို့မရ။

"ယာယာ နေမကောင်းရဲ့လား"

"ဘာများဖြစ်နေလို့လဲ"

စိတ်ထဲမှာ ထင့်နေသည်။ အိမ်ကထွက်လာတော့လည်း ရင်ထဲမှာ လေးနေသည်။

"မြင်းလှည်း အားလား"

"အားပါတယ်ခင်ဗျ"

ဝုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတစ်စီးငှားပြီး မိုင်းသာမြို့ပြင်သို့ ထွက်လာခဲ့သည်။

"ဒီမှာပဲရပ် ..."

လမ်းဘေးတစ်နေရာမှာရပ်ခိုင်းပြီး ဆင်းလျှောက်လာခဲ့သည်။ ကောင်းကင်က အုံ့ပျပျကြီး ဖြစ်နေသည်။ လေတွေ တဟူးဟူး တိုက်နေသည်။ သစ်ပင်တွေက အသံတရှဲရှဲ မြည်နေသည်။ အတော်ကြာကြာလျှောက်လာမိတော့ ခွေးဟောင်သံသဲ့သဲ့ ကြားရသည်။

"ဝုတ်...ဝုတ်..."

"ဝူ...အီ...ဝူ...ဝူ..."

ခွေးသုံးကောင် မေနီ့ဆီပြေးလာကြသည်။

"ရော့ဟော့"

မေနီက ထုံးစံအတိုင်း ဆိတ်သားခြောက်တွေ ပစ်ကျွေးလိုက်သည်။

"ဝုတ်...ဝုတ်"

ခွေးသုံးကောင်စလုံးက မေနီ့ဆိတ်သားခြောက်ကို အရေးမစိုက်။ မေနီ့နံဘေးမှာပဲ ဝိုင်းနေသည်။





"ဘာဖြစ်နေကြတာလဲ"

မေနီ အံ့ဩနေမိသည်။ ခွေးသုံးကောင်က အရင်လို မေနီ့ကို ဝမ်းပန်းတသာ ကြိုဆိုတာမျိုးမဟုတ်။

"ဝူ...ဝူ...ဝူး..."

ယက္ခက အိမ်ဘက်သို့ပြေးပြကာ ဆွဲဆွဲငင်ငင် အူလိုက်သည်။ သက္ကနှင့် စက္ကက မေနီ့ကို လက်နှင့်ပုတ်ကာ တအီအီ အော်နေသည်။

တစ်ခုခုတော့ တစ်ခုခုပဲ။ မေနီ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ယာယာ ဘာများဖြစ်လို့လဲ။ သံသယဝင်လာသည်။

"ယာယာရေ..."

ညီမလေးကို အော်ခေါ်လိုက်သည်။ ပဲ့တင်သံတွေ မြည်ဟည်းသွားသည်။ ယာယာ့ ထူးသံ မကြားရ။ ခွေးဟောင်သံတွေ ဆူညံနေပါလျက် ယာယာထွက်မလာ။ အရင်ကဆို မေနီ့ကို ဝမ်းသာအားရကြိုနေကျပါ။ ခွေးသုံးကောင်ကလည်း အိမ်ဘက်ကို ပြန်ပြေးပြီး သတင်းမပို့ကြ။



www.burmeseclassic.com

www.burmeseclassic.com



မေနီ ခြေလှမ်းတွေကို သွက်ပစ်လိုက်သည်။ အိမ်ကြီးကို လှမ်းမြင်နေရပါပြီ။ မေနီ ချုံတွေကိုတိုးကာ တစ်ဟုန်ထိုးပြေးလာခဲ့သည်။ ခွေးသုံးကောင်က မေနီ့နောက်မှာ တဝုတ်ဝုတ်ဟောင်ကာ ပြေးလိုက်လာကြသည်။

"ယာယာရေ..."

မေနီ အော်ခေါ်လိုက်သည်။ အိမ်ကြီးက တိတ်ဆိတ်နေမြဲ။ မေနီ အိမ်ထဲဝင်လာခဲ့သည်။ ယာယာ့ကို မတွေ့ရ။

"စက္က...မင်းတို့ သခင်မရော"

မေနီက စက္ကခေါင်းကိုပွတ်သပ်ပြီး မေးမိသည်။

"ဝုတ်...ဝုတ်"

ခွေးသုံးကောင်က ဂနာမငြိမ်။ တဝုတ်ဝုတ် ဟောင်နေသည်။ မေနီ့နံဘေးမှာပတ်ပြီး လမ်းသလားနေသည်။

"ဝု...ဝူး"

သက္ကက အိမ်ပြင်ဘက် ပြေးထွက်သွားသည်။ မေနီ သက္ကနောက်မှ လိုက်လာခဲ့သည်။ သက္ကက အိမ်နောက်ဘက် စမ်းချောင်းလေးဆီ ဦးတည်သွားသည်။ မေနီ စမ်းချောင်းဘေးကို လှမ်းကြည့်မိသည်။

"ဟင်..."

ရင်ထဲက နှလုံးသားတွေ ထွက်ကျသွားသလိုပင်။

"ယာယာ..."

မေနီ အာခေါင်ခြစ်၍ အော်လိုက်သည်။ စမ်းချောင်းဘေး သစ်ပင်ကို မှီထိုင်ကာ မျက်လုံးအပြူးသားနှင့် အသက် ပျောက်နေသော ယာယာ့ကိုတွေ့လိုက်ရသည် မဟုတ်ပါလား။

"ယာယာ...ယာယာရေ..."

မေနီ ယာယာ့ဆီ တအားပြေးလာခဲ့သည်။

"ညီမလေး...ယာယာ..."

မေနီ ယာယာ့ကိုယ်လုံးလေးကို သိမ်းကျုံးဖက်ကာ ပါးနှင့် အပ်ထားလိုက်သည်။ ယာယာ့တစ်ကိုယ်လုံးက အေးစက်တောင့်တင်းနေပါပြီ။ လက်တစ်ဖက်မှာ ဓားချွန်တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။ သားငါးလှီးချွတ်ရန်ထားသော ဓားပါ။






www.burmeseclassic.com

www.burmeseclassic.com



သွေးတွေက ဆေးထန်းခြောက်ကပ်နေသည်။ ရင်ဘတ်မှာ ဓား ဒဏ်ရာနက်နက်တစ်ခု။ သွေးစေးတွေ ပိတ်နေသည်။ ညီမလေး ကိုယ်မှာ ပရွက်ဆိတ်တွေတောင် တက်နေပါပြီ။

"ယာယာရယ်..."

မေနီ မျက်ရည်မဆည်နိုင်။ မေနီ့အပြစ်ပါ။ မေနီ ကိုယ်တိုင်က ယာယာ့ကို ယုံခဲ့မိတာ။ တခြားစားတွေ ဖွက်ထား ပေမယ့် သားငါးလှီးချွတ်သည့်ဓားကိုတော့ အမှုမဲ့အမှတ်မဲ့ ထားလိုက်မိသည်။ ဒီဓားရှိမှ ယာယာချက်ပြုတ်စားသောက်လို့ ရမှာ။

"ဟင်..."

ယာယာ့ဆားမှာ စာရွက်ကလေးတစ်ရွက် ခဲလုံး နှင့် ဖိထားသည်။ မေနီ ကောက်ယူမိသည်။

*မမ...*

*ကိုကိုနဲ့ ဝေးနေရတဲ့ဘဝမှာ*

*ယာယာ မနေချင်တော့ပါဘူး။*

*ယာယာ*





"ကဲ..."

မေနီက စာရွက်ကို လုံးခြေပစ်ပေါက်လိုက်သည်။ မေနီ့မေးရိုးတွေ တင်းသွားသည်။ မျက်ရည်တွေ ကျနေပေမယ့် မေနီ့မျက်လုံးတွေက ရူးရဲတောက်ပနေသည်။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။

"အဓိကတရားခံက ဘယ်သူလဲ"

"ယာယာ့ဘဝကို ဖျက်ခဲ့တာ ဘယ်သူလဲ"

"မေနီတို့ညီအစ်မကို သေကွဲကွဲအောင် ဘယ်သူဖန်တီးခဲ့တာလဲ"

"ဘို...ဘို...ဘို...ဘို..."

"မင်း တရားခံပဲ"

"မင်း တရားခံပဲ"

"မင်းကို ငါသတ်မယ်"

"ယာယာ့လိုပဲ မင်းလည်း ချစ်သူနဲ့ကွေကွင်းတဲ့ ဒုက္ခမျိုးကို ခံစားပြီးမှ သေစေရမယ်"

"မင်းကို ငါသတ်မယ် ဘို...သတ်မယ်ဘို..."



www.burmeseclassic.com

www.burmeseclassic.com



ကွဲအက်သော မေနီ့အသံတွေ တစ်တောလုံးသို့ ပျံ့တင်ရိုက်ခတ်သွားသည်။ ယာယာ့ကိုယ်လုံးလေးကို မေနီ ပွေ့ယူလိုက်သည်။ စမ်းချောင်းလေးရဲ့ ဟိုဘက်ကမ်း တောစပ် မယ်မယ်တို့ အုတ်ဂူအောက်မှာ မြှုပ်နှံလိုက်သည်။

မိုက်မဲသည်ဟုပဲဆိုဆို မေနီကတော့ ဘိုဆိုတဲ့ ယောကျ်ားယုတ်တစ်ယောက်ကို ရက်ရက်စက်စက် သတ်ပစ်ပြီး ကြိုးရှယ်သည်အထိ မုန်းမျက်ငြိုးတေးမိချေပြီ။

မုန်းသည်။ ထိုလူယုတ်မာကို မေနီ မိုက်မိုက်မဲမဲ ပင် မုန်းလိုက်မိပြီ။ ငါ့အမုန်းကြောင့်...

"မင်း...သေရမယ် ဘို"

"မင်း...သေရမယ်"

● ● ●



အခန်း (၁၃)

♥ ♥ ♥

"ပန်...ကိုယ် ဟင်းတွေအားလုံး နွှေးထားပြီးပြီ၊ စားကြ ရအောင်"

ဘိုက ပန့်ပခုံးလေးကို ဆုပ်ကိုင်ထူမ ပေးလိုက် သည်။ ပန်က မလှုပ်မယှက်ပုံမျိုးနှင့် ထရပ်လိုက်သည်။ ဘိုက ပန့်မျက်နှာကို အရိပ်ကြည့်နေရသည်။ ပန် စိတ်ပြေအောင် ချော့မော့ရသည်။ ပြုစုရသည်။ စကားပြန်ပြောအောင် ဖျောင်းဖျ ရသည်။ ပန့်ကို ဘို ပျော်နေအောင် ဂရုစိုက်နေရခြင်းပါ။

ကေသရီလာသွားသည့် ကိစ္စအတွက် ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးကတည်းက ပန်က ဘိုကို စကားမပြောဘဲနေခဲ့တာပါ။ ညဘက်တွေဆို မီးလင်းဖိုအလယ်မှာခြားပြီး ခေါက်ခုတင် ကိုယ်စီချ၍ အိပ်ကြသည်။ ဘိုက ချော့နိုင်လွန်းလို့သာ ပန် စိတ်ပြေလာခြင်းပါ။

အိပ်ရာခမ်းနား ပစ္စည်းအသစ်တွေ ထပ်ဝယ်ပြီး အခန်းထဲမှာ ပြန်အိပ်ကြသည်။ သို့ပေမယ့် ပန်က သိသိသာသာ စကားနည်းနေသည်။ အရင်လို တွတ်တီးတွတ်တာတွေ သိပ်မပြောတော့။ တစ်ယောက်တည်း ငိုင်တွေနေသည်။ တစ်ခါတလေ မျက်ရည်ကျနေသည်။ ပန့်ကို ဘို သနားလို့မဆုံးတော့ပါ။ ဘို့အတွက် ပန်စိတ်ဆင်းရဲနေရတာ။

ဘို ရည်းစားများခဲ့လို့ ပန် သဝန်တိုစိတ်နဲ့ ပူလောင်နေရရှာတာ။ ဘို ပန့်အနားက မခွာတော့။ ထွေးထွေးပိုက်ပိုက် နေသည်။ ပန့်မျက်နှာဖောင်းဖောင်းလေးကို ဖွဖွလေးနမ်းရင်း ချော့မြူသည်။

သို့သော် ပန့်ကိုယ်လုံးအိအိလေးက အရင်လို ပျော့ပျောင်းမသွား။ တောင့်တင်း ငြိမ်သက်နေသည်။ ဘို့အနမ်းတွေထဲမှာ ပျော်ဝင်ခြင်းမရှိတာ ဘို ရိပ်မိပါသည်။





"ပန်ရယ်..."

ပြောင်းလဲသွားသော ပန့်ကိုကြည့်ရင်း ဘို့ရင်ထဲမှာ နာလာသည်။

"ပန်...ဘို အဆင်သင့်ပြင်ထားပြီးပြီ၊ စားကြရအောင်နော်"

ဘိုက ပန့်ခါးလေးကို ဆွဲဖက်၍ ခေါ်မိသည်။ မမေနီ နှစ်ရက်စာချက်ထားခဲ့တဲ့ဟင်းတွေ စားခါနီးရင် နွှေးပြီးစားရသည်၊ ဒီနေ့ဆို ဟင်းတွေ ကုန်ပြီ။ မမေနီလည်း ညနေလောက် ပြန်ရောက်လာလိမ့်မည်။

"ပန် မဆာသေးဘူး ဘို"

ပန်က ဘို့ရင်ဘတ်ကို တွန်းထုတ်လိုက်မိသည်။

ခုတင်ပေါ်မှာ ပြန်ထိုင်နေလိုက်သည်။

"ပန် မစားသေးရင် ဘိုလည်း မစားသေးဘူး၊ ပန်နဲ့မှ အတူတူ စားမယ်"

ဘိုက ပန့်ဘေးနားမှာ ဝင်ထိုင်သည်။ ပန့်လက်ကလေးကို ဆုပ်ကိုင်ထားသည်။ ဘို့ကိုကြည့်ပြီး ပန်ငိုချင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပန့်ကို အောက်ကျနောက်ကျလိုက်ချော့နေရှာတဲ့ ဘို။ ပန်စကားနည်းနေလျှင် ဘို့မျက်နှာ ညှိုးနေသည်။ ဘို့ကို ပန် သနားနေမိသည်။

သို့သော် ရင်ထဲမှာ သဝန်တိုစိတ်က မပျောက် ချင်သေး။ အတွေးမျိုးစုံ တွေးကြည့်မိသည်။

"ဘို့အရင်ရည်းစားတွေတုန်းကလည်း ဘို ဒီလိုပဲ ယုယ ခဲ့မှာပေါ့"

"ပန့်ကို နမ်းသလို နမ်းခဲ့မှာပေါ့"

အမျိုးမျိုးတွေးနေမိသည်။ ရင်ထဲမှာပူလောင်မိ သည်။ ကေသရီက စခဲ့တဲ့ပြဿနာ။ ကေသရီနဲ့ ပတ်သက်ပြီး စကားများရကတည်းက ဒီလိုအတွေးမျိုးတွေ ဝင်လာခဲ့မိခြင်း ပါ။

"ပန် ဘို့ကို စိတ်ဆိုးတုန်းပဲလားကွာ"

ဘိုက ပန့်မျက်နှာကိုစိုက်ကြည့်နေသည်။ အသနား ခံ မျက်ဝန်းတွေနှင့်ပါ။

"ဘိုရယ်..."





ပန် စိတ်မတင်းနိုင်တော့။ ဘို့အကြည့်အောက်မှာ ရည်ပျော်သွားသည်။ ဘို့လည်တိုင်ကို လက်ချောင်းကလေး တွယက်၍ ဖက်တွယ်လိုက်မိသည်။

ပန် ချစ်၍လက်ထပ်ထားသော ယောကျ်ားပါ။ ဘယ်လို စိတ်ပြတ်နိုင်ပါ့မလဲ။ ပန်ကနဲ့တော့ ဘို့မျက်နှာ ွှသွားသည်။

"အို...အင့်"

ဘိုက ပန့်ကိုယ်လုံးလေးကို တင်းတင်းကျပ်ကျပ် စ်သွစ်ဖက်လိုက်သောကြောင့်ပါ။ ပန့်ကိုယ်လုံးလေးက ဘို့ ခွင်ထဲမှာ ပျော့ခွေငြိမ်သက်သွားရပါလေသည်။ ဘိုက ပန့် ည်တိုင်လေးတစ်လျှောက် ရှူရှူလေးနမ်းသည်။ လက်မောင်း ား ဝင်းဝင်းလေးတွေကို မချင့်မရဲ ဆုပ်နယ်နေမိသည်။ ပန် ာတော့ မိန်းမောသွားသည်။ သို့ပေမယ့် သိပ်မကြာခင် ပန့် ေါင်းထဲ အတွေးဆိုးတွေ ဝင်လာသည်။

"သူ ကေသရီ့လည်း ဒီလိုပဲနမ်းခဲ့မှာ"

"တခြားမိန်းကလေးတွေကိုလည်း အခါခါနမ်းခဲ့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလကား...ဘို မာယာများနေတာ"

"မယုံနဲ့ပန်...မယုံနဲ့"

"ဘိုက ဒီပြင်မိန်းမတွေကို နမ်းလို့အားရတော့မှ နင့်ကို လာပြီး ပြုစားနေတာ"

"သူ့အနမ်းတွေက မသန့်စင်ဘူး"

သိစိတ်...မသိစိတ် လွန်ဆွဲနေသည်။

တဖြည်းဖြည်းနှင့် ပန့်ကိုယ်လုံးလေးက တောင့် တင်းလာရသည်။ ထိုအခိုက်...

"ပန်ရယ်..."

ဘိုက ပန့်နှုတ်ခမ်းလေးကို ဖွဖွလေး ငုံလာခဲ့ပါ သည်။

"အင်...အင်...ဖယ်"

ဘိုက ခေါင်းကို ခါယမ်းကာ ရုန်းကန်လိုက်မိ သည်။

"ပန် ဘာဖြစ်သွားတာလဲကွာ"

ဘို အံ့သြသွားမိသည်။ နှစ်ကိုယ်တူ သာယာနေ





ရင်းက ရုတ်တရက် ငြင်းဆန်ရုန်းကန်လာတာ၊ ပန့်ကို နား မလည်သလို ကြည့်မိသည်။

"ဘို...ဘို့ အရင်ရည်းစားတွေတုန်းကလည်း ဒီလိုပဲ နမ်းခဲ့တယ် မဟုတ်လား"

"ဟာ...ပန်ကလည်းကွာ..."

ဘို ဖီးလ်ပျက်သွားသည်။ သက်ပြင်းချရင်း ပန့် ကိုယ်လုံးလေးကို လွှတ်ပေးလိုက်မိသည်။ ပန်က ရုတ်တရက် သူ့နားမှ ထထွက်သွားသည်။ ခြံထဲဆင်းထိုင်နေလိုက်သည်။ ဘို့ကို စကားမပြောတော့။ တမင်ရှောင်ဖယ်၍ နေသည်။

ညနေကျတော့ မမေနီ ပြန်ရောက်လာသည်။ ပန်က မမေနီနားပဲကပ်နေသည်။ ဘို့ကို အကပ်မခံ။ ဘို စိတ် ညစ်ညစ်နှင့် လီမွှော်ခြံတွေဘက်ထွက်လာခဲ့သည်။ ဘို့လင့်ရိုဗာ ကားကို လှမ်းကြည့်ရင်း ပန် ဒေါသဖြစ် ကျန်ခဲ့သည်။

"ဘို ဘယ်သွားတာလဲ ပန်ပန်"

မမေနီက မေးသည်။

"ကောသရီ့ဆီသွားတာပဲ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်က ဆောင့်ဆောင့်အောင့်အောင့် ဖြေမိသည်။ အခန်းထဲဝင်ကာ ကျိတ်ငိုမိသည်။ ဘို ညဥ့်နက်မှ ပြန်လာသည်။ ပန် အိပ်ချင်ယောင်ဆောင်နေလိုက်သည်။ ဘိုက ပန့်ကို နောက်ခိုင်းပြီး ဝင်အိပ်သည်။

မနက်ကျတော့ ပန် အစောကြီးထပြီး သေနတ်ပစ်ကွင်းဘက် ထွက်လာခဲ့သည်။ တစ်နေကုန် သေနတ်ပစ်နေရာမှ ကေသရီ့မျက်နှာကို မြင်ယောင်ပြီး ပစ်မိနေသည်။ ပစ်မှတ်တွေထဲ ကျည်ဆန်တွေ ဖောက်ဝင်သွားသည်။

"ကဲ ... မှတ်ပြီလား"

ပန် ကျေနပ်နေမိသည်။ ဗိုက်ဆာတာကို သတိမရ။ ညနေစောင်းမှ အိမ်ပြန်လာသည်။ အိမ်ရောက်တော့ ဘိုကို မတွေ့ရ။

"မမေနီ ... ဘိုရော"

"ပန်ပန် သွားပြီး သိပ်မကြာခင် ဘိုလည်း ထွက်သွားပါတယ်"

ခံပြင်းသွားမိသည်။ ပန်က စိတ်ကောက်ပြီး အိမ်





ကပ်ချင်ပေမယ့် ဘို့ကိုတော့ အိမ်မြဲစေချင်သည်။ ပန်ပြန်အလာကို စိုးရိမ်တကြီး စောင့်မျှော်နေစေချင်တာပါ။ ပန်က ခြေကိုဆောင့်ကာ အခန်းထဲ ဝင်လာခဲ့သည်။

"ဟင် ..."

ပန့်ရင်ထဲ ဒိန်းခနဲ ခုန်သွားသည်။ ရေမွှေးနံ့ကို ရှူရှိုက်လိုက်ရလို့ပါ။ ပန် မှတ်မိနေတဲ့ ရေမွှေးနံ့။ ကေသရီ့ကိုယ်က ရှူးတဲ့ ရနံ့။ ပန်က အိပ်ရာနားသို့ တိုးသွားလိုက်သည်။ အိပ်ရာပေါ်မှာ ဘို ညကဝတ်ခဲ့တဲ့အင်္ကျီကို ပုံလျက်သား တွေ့ရသည်။ ပန်က ဘို့အင်္ကျီကို ဖျတ်ခနဲ ကောက်ယူနမ်းကြည့်လိုက်မိသည်။

"အစစ်ပေါ့ ..."

သေချာသွားသည်။ ရေမွှေးမသုံးတတ်တဲ့ ဘို့ရဲ့အင်္ကျီက ရေမွှေးနံ့။ ညက အပြင်ကိုဝတ်သွားတဲ့အင်္ကျီမှာစွဲနေတဲ့ ရေမွှေးနံ့။ ဒါ ရိုးရိုးသားသား မဖြစ်နိုင်ပါ။

"ဘို ညက ကေသရီ့ဆီသွားခဲ့တာ"

"တစ်နေရာရာမှာ သွားချိန်းတွေ့ကြတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညက ပန် အိပ်ချင်မူးတူးနှင့်မို့ ရေမွေးနံ့ကို သတိမပြုမိတာ။ မနက်ကျတော့လည်း ညကဝတ်ထားသည့်အွယ်တာနှင့် ဘောင်းဘီကိုမလဲဘဲ သေနတ်ဆွဲပြီး ထွက်သွားခဲ့မိတာ။ ဒါကြောင့် ရေမွေးနံ့ကို သတိမပြုမိခဲ့တာပါ။

"တောက်"

"ကဲဟယ်...ကဲဟယ်"

ပန်က ဘို့အင်္ကျီကို ဆုတ်ဖြဲလိုက်သည်။

"ဘို သစ္စာဖောက်"

မျက်ရည်တွေ ကျလာသည်။ နှလုံးသားတွေ ပဲ့ကြွေကျလာသလိုပါ။

"သွားမယ်...သစ္စာဖောက်မျက်နှာကို မကြည့်ချင်ဘူး"

ပန်က မျက်ရည်ကျရင်း အင်္ကျီအဝတ်အစားတွေကို ဆွဲထုတ်လိုက်သည်။ အဝတ်အစားတွေကို ခရီးဆောင်အိတ်ထဲ ထိုးသိပ်ထည့်သည်။ တောင်ကြီးက ဦးလေးတို့ဆီပဲ သွားမည်။ ပန်ဆုံးဖြတ်လိုက်သည်။

"ဠူး...ဠူး...ဣျိ"





ပန် အခန်းထဲကအထွက် ကားရပ်သံကို ကြားရသည်။ ဘို ပြန်လာပြီ။ ခရီးဆောင်ကျောပိုးအိတ်ကိုလွယ်ပြီး အိမ်ထဲက ထွက်လာသော ပန့်ကိုမြင်တော့ ဘို အံ့ဩစိုးရိမ်သွားသည်။

"ပန် ဘယ်သွားမလို့လဲ"

"ဘယ်သွားသွား ရှင့်အပူမပါဘူး...ဖယ်"

"အွန့်..."

ပန်က ဘို့ရင်ဝကို ဆောင့်တွန်းပစ်ခဲ့ပြီး ကားကို ထောင်ထဲမှာ ရှိနေသော ဆိုင်ကယ်ကို ထုတ်ယူကာ အပြင်းမောင်းထွက်လာခဲ့လေသည်။

"ပန်..."

ဘိုက စိုးရိမ်တကြီးလှမ်းခေါ်ပြီး ကားပေါ်တက်ကာ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့သည်။ ပန့်နောက်ကမျက်ခြည်မပြတ်အောင် လိုက်လာခဲ့ရတာပါ။

"အဟင်း...ဟင်း...ဟင်း"

ရယ်ခဲ ပြုံးခဲလှသော မေနီ။ အသံထွက်၍ပင်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်မိသည်။ မေနီ့အကြံအောင်ပြီ။ သူတို့နှစ်ယောက်ကွဲကွာသွားဖို့ သိပ်အရေးကြီးသည်။

"ပန့်လို သဘောထားနုပ်မျိုးနဲ့တော့ ဘို ဘယ်လိုချော့ချော့ရမယ် မထင်ပါဘူး"

ကျေနပ်စွာ ရေရွတ်လိုက်မိသည်။ ဒီနေ့မနက် ပန်အပြင်ထွက်သွားတော့ မေနီ့အကြံအောင်ဖို့ အခွင့်အရေးရလာသည်။ ဘိုက ပန် သွားပြီးသိပ်မကြာခင် အပြင်ထွက်သွားတာမဟုတ်ပါ။ တစ်နေ့လုံး ထမင်းမစားဘဲ ပန့်ကိုမျှော်နေပြီး ညနေပန်ပြန်လာခါနီးတော့မှ အပြင်ထွက်သွားခြင်းပါ။

"ကျွန်တော် ပန့်ကိုသွားရှာဦးမယ် မမေနီ"

မေနီ့ကို မှာထားခဲ့သည်။ ဒါကို မေနီဖုံးကွယ်လိမ်ညာလိုက်သည်။ ရေမွှေးနံ့ကလည်း မေနီ့လက်ချက်ပဲ။ အသင့်ဝယ်ထားသည့် ရေမွှေးနဲ့ ဘိုချွတ်ပစ်ခဲ့သောအင်္ကျီမှာဖျန်းထားလိုက်သည်။ မေနီထင်သည့်အတိုင်း ပန်က အထင်လွဲသွားသည်။ ခုတော့ အိမ်ကထွက်သွားပြီ။

ဘိုလိုက်ခေါ်သေမယ့် စိတ်ကောက်ပြေမည်မထင်





တော့ပါ။ သူတို့နှစ်ယောက်ကွဲမှ ဘို့ကို မေနီသတ်လို့ရမည်။ နှစ်ယောက်စလုံးကို အစာထဲ အဆိပ်ခတ်သတ်လိုက်ချင်သည်။ သို့သော် ဒီအိမ်ရဲ့ စားရေးသောက်ရေးကို မေနီပဲစီစဉ်ရတာ။ မေနီသတ်ကြောင်း ရဲက သိသွားနိုင်သည်။

ဘိုတစ်ယောက်တည်းကျန်မှ မေနီတို့ရဲ့အိမ်နီကြီးဆီ မျှားခေါ်ပြီး အေးအေးဆေးဆေး ညှဉ်းဈသတ်ပစ်မည်။

"မင်း သေရတော့မှာပါ ဘိုရယ်"

မေနီ့မျက်ဝန်းညိုတွေ ခက်ထန်ရိုင်းပျလာသည်။ မေနီ အံတင်းတင်းကြိတ်ထားသည်။

"ယာယာ့အတွက် မမကလဲ့စားချေမယ် ယာယာ"

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘိုရေ...ဟောကောင်...ဘို"

မင်းထင်က လှုခေါ်ဘဲလ်ကိုနှိပ်ရင်းက ဘို့ကို အော်ခေါ်လိုက်သည်။ မမေနီက အိမ်ရှေ့ပြေးထွက်လာပြီး...

"နှစ်ယောက်စလုံး မရှိကြဘူးရှင့်"

"ဘယ်သွားကြလဲ"

"ပန်ပန် စိတ်ဆိုးပြီးထွက်သွားလို့ ဘို လိုက်ခေါ်နေတာပါ"

"ဖြစ်ရမယ်...ဒီနှစ်ကောင်ကတော့"





မေနီက တံခါးဖွင့်မပေး။ သို့သော် မင်းထင်က ပြန်ဖို့ စိတ်မကူးပါ။

"စားရက်ကြုံတော့ မုတ်ဆိတ်ပျားစွဲတာပဲ"

တိုက်ဆိုင်မှုအတွက် ကျေနပ်သည်။ ဘိုတို့ နှစ်ယောက် ရှိမနေတာ ကံကောင်းခြင်းတစ်ပါးပဲ။ အရက်ကလေး ထွေထွေနှင့် မင်းထင် စိတ်ရိုင်းတွေ ဝင်လာသည်။

"ကျွန်တော့်မှာ ဘို့ကိုပေးဖို့ စာရင်းတွေပါလာတယ် မမေနီ၊ ကျွန်တော့်ကို တံခါးဖွင့်ပေးပါဦး"

မေနီက တံခါးသော့ကို ဖွင့်ပေးလိုက်သည်။ မင်းထင်လို ပိန်ရှည်ကောင်ကို မေနီမကြောက်ပါ။ တစ်အိမ်လုံးမှာ မေနီတစ်ယောက်တည်း ရှိနေတာသိလျက်နှင့် အိမ်ထဲဝင်ချင်နေတာ။

မေနီ သတိနှင့်နေလိုက်သည်။ ဘိုတော့ ပန့်ကို ဘယ်အထိလိုက်ခေါ်နေသည်မသိ။ ပြန်မလာတာ နှစ်ရက်လောက်ရှိပြီ။ တောင်ပတ်လမ်းမှာပဲ ကားမှောက်သေပြီလား၊ ဒီလိုတော့ မဖြစ်စေချင်။ မေနီက ကိုယ်တိုင်ပဲ သတ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေနိဖွင့်ပေးသောတံခါးဝမှ မင်းထင်ဝင်လာသည်။ မေနိက မင်းထင်ရှေ့မှာရပ်နေသည်။ မင်းထင် သွေးဆူလာသည်။ မေနို့တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်သည်။

"ခပ်ဆန်းဆန်း မိန်းမ"

ဒီမိန်းမကို အလွယ်တကူရလိမ့်မည်ဟု မင်းထင် ထင်ထားသည်။ အိမ်ဖော်ဆိုတာ အဆင့်သိပ်နိမ့်တဲ့ အစား။ ဒီမိန်းမက သိပ်လှနေတာလည်းမဟုတ်။ မင်းထင်ကို ငြင်းမည် မထင်။

မင်းထင်လိုလူမျိုးက လက်ကမ်းလာတာကို ဝမ်းသာအားရ ကြိုဆိုသင့်သည်။

မင်းထင်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသည်။ တစ်ယောက်တည်းရှိနေပါလျက် မင်းထင်ကို တံခါးဖွင့်ပေးတာဟာ ဖိတ်ခေါ်လိုက်တာပဲ မဟုတ်လား။

"မမေနိကို ကျွန်တော် ချစ်ချင်တယ်"

"ဘာ..."

မင်းထင်က စကားစတော့ မေနိအော်သံကျယ်ကြီး





ထွက်လာသည်။ မင်းထင် လန့်သွားရသည်။ အမူးရှိန်တောင် ပြယ်ချင်သည်။ သို့ပေမယ့် မင်းထင် နောက်မဆုတ်။

"အလကားပါ...မှုနေတာ"

ဟု တွေးရင်း ရှေ့တိုးသွားလိုက်သည်။

"ကျွန်တော့်ကို လက်ခံပါ မမေနိ"

"အဲဒါ လက်ခံတာပဲဟော့"

"ဖြောင်း ..."

"အား ..."

မေနိ လက်ဖဝါးစောင်းက မင်းထင်ရဲ့ လည်ကုပ်ဆီ ပြေးဝင်သွားသည်။ ကိုယ့်လက်ဆကို ကိုယ်သိသည်။ မင်းထင် ခွေခနဲလဲကျသွားသည်။ ပြန်ထဖို့မနည်းကြိုးစားနေရသည်။

မေနိကတော့ အသားတွေတဆတ်ဆတ်တုန်နေသည်။ ဒေါသဖြစ်လွန်းလို့ပါ။ မေနိကို ရမလားလို့လာစမ်းတာ။ အိမ်ဖော်ဆိုပြီး စော်ကားချင်တာ။ မေနိ မျက်ဝန်းညိုညိုတွေ မင်းထင်မျက်နှာကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ငြိုး...။

မေနီ့ မျက်ဝန်းထဲမှာ ရန်ငြိုး အရိပ်အယောင်တွေ...။

"မင်းလို မိန်းမကများကွာ..."

မင်းထင်က ဇက်ပိုးကိုအုပ်ကိုင်ပြီး ကယိုင်ကထိုးထလာသည်။

"တောက်"

တောက်ခတ်ပေမယ့် ရှေ့တော့ မတိုးရဲ။ နောက်ကိုပဲ ဆုတ်သွားသည်။

မေနီ့ကို အံကြိတ်၍ စိုက်ကြည့်သည်။

"ရာဇဝင်ရိုင်းလိုက်တာ"

"မင်းလို မိန်းမမျိုးရဲ့ ပိုးစိုးပက်စက်ငြင်းပယ်ခံရတာ ငါဘယ်တော့မှ မမေ့ဘူး မေနီ"

"နင့်ထက်လှတဲ့ မိန်းမတွေကိုတောင် ငါ ရအောင်ယူခဲ့တာ"

"နင်...တစ်နေ့ ငါ့အကြောင်း ကောင်းကောင်းသိမယ်"





မင်းထင်စိတ်ထဲကသာ ကြုံးဝါးရဲခြင်းပါ။ မင်းထင်က လည်ပင်း စောင်းငဲ့ငဲ့ကြီးနှင့်ပင် တောက်ခတ်လိုက်ရင်း မေနီ့ ရှေ့မှ ချာခနဲ လှည့်ထွက်သွားလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

♥ ♥ ♥

"ကျို..."

"တီ...တီ"

"မမေနီ တံခါးဖွင့်ပါဦး"

ကားရပ်သံ ခေါ်သံတွေကြောင့် မေနီ ပြေးထွက်လာခဲ့သည်။

"ဟင်..."

ဘိုနဲ့ပန့်ကို တွေ့တော့ မေနီအံ့သြသွားသည်။ မေနီက ဘိုတစ်ယောက်တည်း ပြန်လာတယ်ထင်နေတာပါ။





ခုတော့ နှစ်ယောက်သား ပူးပူးကပ်ကပ်ဖက်တွယ်ကာ တံခါးဝမှာ ရပ်နေသည်။

"တောင်ကြီးအထိ လိုက်သွားရတာ မမေနီရေ၊ ဟိုက ဦးလေးတွေကလည်း နားချ၊ ကျွန်တော်ကလည်း ချော့နိုင်လွန်းလို့ ပြန်ပါလာတာ"

ဘို့အသံက မြူးနေသည်။ ပန့်ပခုံးလေးကို ဖက်ထားသည်။ ပန်က ရှက်ပြုံးဖြင့်တင်ဖက်လှည့်နေသည်။ မေနီ့ရင်ထဲ မခံချိမခံသာ ဖြစ်သွားရပါလေသည်။

"အလကား မိန်းမ"

"နှာခေါင်းမပါရင် ချေးစားမှာ"

"သင်းမို့လို့ ခွင့်လွှတ်နိုင်တယ်"

"ငါ ဒီလောက် အထင်မလွဲလွဲအောင် လုပ်ထားရက်နဲ့"

မေနီ မသိမသာ အံကြိတ်မိသည်။

ဘိုကတော့ မေနီ့ပုံကို မရိပ်မိပါ။

အပျော်တွေပဲ ပြည့်နေပုံရသည်။ အရင်ကထက် ပိုပြီးကြင်နာပုံပြနေသည်။ ခုမှ ညားခါစဇနီးမောင်နှံလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘိုမှာ ပန့်ကို ခက်ခက်ခဲခဲ လိုက်ခေါ်လာရခြင်းပါ။ ဆိုင်ကယ် တစ်ရှိန်ထိုးမောင်း၍ ထွက်သွားသော ပန့်နောက်ကို ဘိုက မျက်ခြည်မပြတ်အောင် လိုက်ခဲ့ရသည်။

ပန်က တောင်ကြီးဘက်ကို ဦးတည်၍ မောင်းသွားသည်။ တောင်ပတ်လမ်းတွေက အများကြီး။ တစ်ဖက်မှာ တောင်ကမ်းပါးယံ။ ချောက်တွေက နက်စောက်လွန်းသည်။ တောင်ပတ်လမ်းတွေကိုရောက်တော့ ဘိုက ကားအရှိန်လျှော့ရသည်။

"ပန်ရေ... အရမ်းမမောင်းနဲ့နော်၊ အရှိန်လျှော့... အရှိန်လျှော့"

ပန့်ကိုလည်း အော်ဟစ်သတိပေးရသေးသည်။

"ဟာ... ဟာ... ဒုက္ခပါပဲကွာ"

ပန်က ဘို့ပြောစကားကို နားမထောင်ပါ။ တောင်ပတ်လမ်းအတိုင်း ဝေါခနဲမောင်းချသွားသည်။ ပန့်ဆိုင်ကယ်ကို လှမ်းကြည့်ရင်း ဘို ရင်မနေခဲ့ရတာပါ။ အချိန်က မှောင်ရိပျိုးစ။ ရှေ့မီးကြီးကိုဖွင့်ကာ ပန့်ဆိုင်ကယ်ကိုထိုးထားပြီး မောင်းနှင်





နေရသည်။ ည ၁၀ နာရီလောက်မှ တောင်ကြီးမြို့ထဲဝင်လာသည်။ ဘိုထင်တဲ့အတိုင်းပင် ပန်က ဦးလေးဦးအောင်ကိုး အိမ်ကို တန်းသွားသည်။

"အဟင့်... ဟင့်... ဦးဦးရေ... တီတီရေ"

ပန်က ငိုပြီး အော်ခေါ်သည်။

"ဟင်... ပန်ပန်... သမီး၊ ညကြီးသန်းခေါင် ဘာဖြစ်လာတာလဲ၊ ဘိုရော..."

"ကျွန်တော် ဒီမှာပါ ဦး"

"ဪ... ဘိုပါသားပဲ"

"သွား... သွား၊ မလာနဲ့... ရှင်မလာနဲ့၊ သူ့ကို အိမ်ထဲမဝင်ခိုင်းနဲ့ ဦးဦး၊ ပန်ပန်က ပန်ပန့်ဘာသာ သပ်သပ်လာတာ၊ သူက သပ်သပ်၊ ပန်ပန်တို့ အတူလာကြတာမဟုတ်ဘူး"

ပန်က ဂျစ်တိုက်နေသည်။ ပန့်ဦးလေးက ပထမတော့ စိုးရိမ်တကြီးဖြစ်သွားပုံရသည်။ ပန်က ငိုရှိုက်နေသည် မဟုတ်ပါလား။ နောက်မှာရပ်နေသော ဘို့ကိုမြင်မှ စိတ်အေးသွားကာ တံခါးကိုဆွဲဖွင့်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အပေါင်း"

အန်တီက ပြုံးနေသည်။

ပန်ပန် ကလေးဆန်တာကို သိပြီးသားပင်။

"ပန်ပန် စိတ်ကောက်လာတာကိုး၊ စိတ်ကောက်တာများ ညကြီးမင်းကြီး ဒီခရီးနဲ့ဒီခရီးထွက်လာရတယ်လို့ကွယ်"

"အိုး…စိတ်ကောက်ရုံမဟုတ်ဘူး တီတီရဲ့"

"ကဲ…ဂျစ်မတိုက်စမ်းပါနဲ့ ပန်ပန်ရယ်၊ ညည်း သိပ်ပင်ပန်းနေပြီ၊ လာ…နားလိုက်ဦး၊ အဲဒါသာကြည့်တော့ ဘိုရေ…အန်တီတူမက တကယ့်ကို ကလေးစိတ်"

ဒေါ်အေမီက ပန်ပန့်စကားကို အရာမသွင်း။

ပန် မခံချိမခံသာ ဖြစ်သွားရသည်။

"ခုကိစ္စက သူဖောက်ပြန်လို့ဖြစ်ရတဲ့ကိစ္စပဲ တီတီရဲ့၊ ပန်ပန် ကလေးဆန်လို့ ဖြစ်ရတာမှ မဟုတ်တာ"

"ဘိုက ဘာတွေများ ဖောက်ပြန်နေလို့လဲ"

"သူ ကျွန်တော့်ကို အထင်မှားနေတာပါ အန်တီ"

"ရှင် မညာနဲ့နော်"





"ကဲ…ကဲ…အေးအေးဆေးဆေးမှ စကားပြောကြပါ ကွာ၊ အေမီ…မင်းတူမကို ခေါ်သွား…၊ သူတို့အတွက် အခန်းစီစဉ်ပေးလိုက်ဦး"

"ပန် ဒီမှာနေတုန်းက အိပ်တဲ့အခန်းထဲမှာပဲ အိပ်ကြပေါ့"

"ပန့်အတွက် တစ်ခန်းသပ်သပ်ပြင်ပေး တီတီ၊ ပန် သူနဲ့ တစ်ခန်းတည်းမအိပ်ဘူး"

"ဩော်…ဒီကောင်မလေးဟာ"

ဦးအောင်ကိုးက မျက်နှာပူလာပုံနှင့် ရှောင်ဖယ်သွားသည်။ ပန်က အန်တီအေမီ့ကို တတွတ်တွတ် တိုင်တည်ပြီးမှ အိပ်ရာဝင်သွားသည်။ ဘို ဦးဦးတို့ကို အားလုံးရှင်းပြမိသည်။ အားလုံးက ဘို့မှာအပြစ်မရှိတာကို လက်ခံသည်။ ပန့်ကို ဖျောင်းဖျသည်။ ဒီလိုနှင့် ရက်တွေကြာသွားသည်။ ကြာတော့ ပန် စိတ်ပြေလာသည်။ ပန်အထင်လွဲသွားသည့်ရေမွှေးကိစ္စကို ဘိုလည်း နားမလည်နိုင်။

ဘို အဲဒီရေမွှေးကို မဆွတ်မိ။ ဘို့မှာလည်း မရှိ။ အနံ့ကူးသည်ဆိုရအောင် ရေမွှေးသုံးသည့် မိန်းကလေးနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖက်လှဲတကင်း မနေမိပါ။ ဦးဦးတို့ကတော့ ငနဲ့ကိုပဲ နားချကြသည်။

"အိမ်ထောင်သည်ဆိုတာ သဘောထားနုလို့မရဘူး ပန်ပန်၊ ကိုယ့်လင်ကိုယ့်သားကို နားလည်မှုရှိရတယ်၊ ထစ်ခနဲရှိ စိတ်ကောက်ထွက်လာတာမျိုးကို ဦးဦးမကြိုက်ဘူး၊ ဒီနေ့ ဘိုပြန်မယ်၊ ပန်ပန်လိုက်သွားပါ"

ဦးဦးက တစ်ချက်လွှတ် အမိန့်ထုတ်သည်။ ပန့်မငြင်းသာတော့။ ဘိုနဲ့ ပြန်လိုက်ခဲ့ရသည်။ ပန်က ရှေ့က ဆိုင်ကယ်နှင့်၊ ဘိုက နောက်မှ လင့်ရိုဗာနှင့်။ လမ်းကွေ့တစ်ခုမှာ ဘိုကားက ပန့်ဆိုင်ကယ်ကို မီလုမီခင်။ ရှေ့မှာ ကုန်တင်ကား တစ်စီး ဘွားခနဲပေါ်လာသည်။

ဘိုမျက်စိတွေ ပြာသွားသည်။ ပန်က ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်။ တစ်ဖက်ကို ကွေ့ချလိုက်လျှင်လည်း ချောက်ထဲလွင့်ကျသွားနိုင်သည်။ ဘိုက မိုက်မိုက်မဲမဲပင် ပန့်ဆိုင်ကယ်ကိုကျော်တက်ကာ ဆိုင်ကယ်ရှေ့မှ ကန့်လန့်ဖြတ်ရပ်လိုက်သည်။ ပန့်ဆိုင်ကယ်က ဘိုကားနှင့်တိုက်[illegible] ရပ်သွားသည်။





"ကျွီ...အီ...အီ..."

ကုန်တင်ကားကြီးကလည်း အချိန်မီ ဘရိတ်အုပ်လိုက်သည်။ ဘိုကား ခေါင်းပိုင်းကြေမွသွားသည်။ စက်ပစ္စည်းမချွတ်ယွင်း။ လူကိုလည်း မထိခိုက်။

"ဘို...ဘို...ဘာဖြစ်သွားသေးလဲဟင်"

ပန်က ဘို့ဆီ ပြေးလာသည်။ ဘိုက ဘာမှမဖြစ်။ တော်ယာရင်နှင့် ရင်ဘတ်ဆောင့်ကာ နည်းနည်းပါးပါး အောင့်သွားရုံပင်။ သို့သော် ဘိုက မာယာများလိုက်သည်။

"အား...ကျွတ်...ကျွတ်၊ ရင်ထဲက အောင့်လိုက်တာ ပန်ရာ၊ အသည်းနှလုံးကိုများ ထိသွားသလား မသိဘူး"

"ဒုက္ခပါပဲဘိုရယ်...ပန့်ကြောင့် ဖြစ်ရတာ"

ဘို ရယ်ချင်သွားသည်။ ထုံးစံအတိုင်း မယ်မင်းကြီးမက သူ့ကိုယ်သူ အပြစ်ပုံချကာ မျက်ရည်ဖြိုင်ဖြိုင်ကျလာပြီ မဟုတ်ပါလား။

ပန် ဘယ်လောက်ပဲ စိတ်ကောက်ကောက် ဘို့ကို မမုန်းနိုင်တာတော့ ဘို ရိပ်မိပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



"တီ...တီ..."

"ရှေ့က ရှိမိယိုနဲ့ ဂျူးလီယက်...လမ်းဖယ်ပေးပါဦးဗျို့"

"အဟင်း...ဟင်း"

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ရယ်မိကြသည်။ ပန်က ဘို့ရင်ဘတ်ကို မှီထားသည်။ ဘိုက ပန့်ခါးလေးကို ဖက်ထားပြီး အလွမ်းသယ်နေကြတာကို ကုန်တင်ကားပေါ်က ကားသမားတွေ သဘောကျနေကြခြင်းပါ။

"ဆိုင်ကယ်ကို ကားပေါ်တင်သွားပြီး အတူတူသာ သွားကြပါတော့ဗျို့"

"သွားမယ်...သွားမယ်...ခင်ဗျားတို့အကြံကို လက်ခံတယ်၊ ဆိုင်ကယ်ကိုတော့ နှစ်ယောက်တည်း မနိုင်ဘူးဗျို့၊ ခင်ဗျားတို့ လာကူလှည့်"

"ဟေး...ဟေး...ဟေး"

ဘိုက အားကျမခံ ပြန်အော်သည်။ ကားသမားတွေက သဘောတကျအော်ကာ ကားပေါ်မှ ဆင်းလာကြသည်။ ပန့်ဆိုင်ကယ်ကို မ,ကာ ဘို့ကားပေါ်တင်ပေးကြသည်။





"ဘို နာသေးလားဟင်"

"ပန် မှီပေးတာနဲ့ မနာတော့ဘူး"

"အိုး...သွား...ဟိုမှာ...လူတွေနဲ့"

ဘိုက ပန့်ပါးပြင်လေးကို လှစ်ခနဲနမ်းလိုက်ခြင်းပါ။

"ဟေး...နိုင်ငံခြားအချစ်ကား ကြည့်နေရသလိုပဲကွာ"

"အဲဒါ...ဘို့ကြောင့်..."

"အားကျလို့ပြောတာ ပြောကြပါစေကွာ"

ကားသမားတွေက ရယ်မောကောင်းချီးပေးကာ ကားပေါ် ပြန်တက်သွားကြသည်။

"ပွတ်ဘိုင်ဗျို့"

"ပွတ်ဘိုင်...ပွတ်ဘိုင်...ကြည့်လည်း မောင်းဦးနော်၊ လူကိုပဲ ဂရုစိုက်မနေနဲ့၊ လမ်းကိုလည်း ဂရုစိုက်ကြဦး"

ဘိုတို့ ကားလေးကို ပျော်ရွှင်စွာမောင်းထွက်ခဲ့ကြသည်။ ပန်က ဘို့ရင်ခွင်မှာ မှီထားသည်။ တွတ်တီးတွတ်တာ စကားတွေပြောသည်။ ညားခါစကလိုပဲ ယုယလို့မဆုံးနိုင်ကြတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ပန် ညောင်းနေပြီမဟုတ်လား၊ လာ... ကိုယ် ပွေ့သွားမယ်"

ဘိုက အိမ်ထဲလှမ်းဝင်လိုက်ရင်းက ပန့်ကို ဖွေ့ခနဲပွေ့ချီလိုက်သည်။

"မမေနီ... အိမ်ကို စောင့်ရှောက်ထားတာ ကျေးဇူးပဲဗျာ၊ ခင်ဗျားလည်း အနားယူချင့်ယူဦး၊ ခင်ဗျားအတွက် ခွင့် ၂ ရက်ထပ်ပေးမယ်၊ အိမ်ပြန်ချင်ပြန်ပေါ့၊ ကျွန်တော်တို့ ဟိုတယ်မှာပဲ သွားစားလိုက်မယ်"

ဘိုက မမေနီကို ပ,ထုတ်လိုက်ခြင်းပါ။ ခုလို အလွမ်းသယ်လို့ကောင်းချိန်မှာ နှစ်ယောက်တည်းပဲ ရှိနေချင်သည်။ ဦးဦးတို့အိမ်မှာတုန်းက ဘို့မှာ ပန်နဲ့အတူ တစ်ခန်းတည်း မနေရ။ ကိန္နရီချောင်းခြားနေသလိုပင်။ ခုမှပဲ အတိုးချကြင်နာ ယုယမှာပါ။

မေနီ့မှာတော့ အချစ်ပလူးနေသူနှစ်ဦးကိုကြည့်ရင်း ဒေါသတွေအုံကြွလာသည်။ မေနီ့အကြံက မထိရောက်ဘူး မဟုတ်ပါလား။ ပြန်ဆိုတော့လည်း ပြန်ရုံပေါ့။ အတင်း ကျိတ်





ကတ်နေလို့ မကောင်းပါ။ မေနီသည် အံတကြိတ်ကြိတ်နှင့်ပင် ပြန်ဖို့ပြင်ဆင်ရလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

♥ ♥ ♥

"ဟာ…မေနီပါလား"

မင်းထင် တအံ့တသြ ရေရွတ်မိခြင်းပင်။ အမဲပစ်ဖို့ ထွက်လာခဲ့သော မင်းထင်။ ခြုံကွယ်တောလမ်းမှ လှစ်ခနဲဖြစ်သွားသောအရိပ်ကို အတွေ….သေနတ်နှင့် ထိုးချိန်လိုက်မိသည်။ ခြုံကွယ်မှာကပ်ကာ ချောင်းကြည့်မိတော့မှ မေနီမှန်းသိလိုက်ရသည်။

"ဒီမိန်းမ ဒီကို ဘာလာလုပ်တာလဲ"

မင်းထင် စိတ်ဝင်စားသွားသည်။ နောက်မှ တိတ်





ဆိတ် လိုက်လာခဲ့သည်။ တောအုပ်ကိုလွန်တော့ မေနီကန်းဆိုးမြေကို ဖြတ်နေသည်။

"ရှဲ…ရှဲ…"

"ဝေါ…"

လေတွေ တဟူးဟူး တိုက်နေသည်။ သစ်ပင်တွေပြင်းအထန်လှုပ်ရှားနေသည်။ ရှေ့တူရူကိုသာကြည့်နေသောမိ။ မျက်ဝန်းတွေက ကြောက်စရာ။ ဆံပင်ပွပွကြီးက လွင့်နေည်။ ရှမ်းဘောင်းဘီပွပွနှင့် အင်္ကျီက တဖျပ်ဖျပ်လှုပ်နေသည်။

ခြေလှမ်းကျဲဖြင့် အားမာန်ပါပါ လျှောက်နေသောနီ့ပုံက ဝိညာဉ်တစ်ခုနှင့် တူနေသည်။

မင်းထင်ပင် မေနီ့ကို ကြည့်ရင်း ကျောထဲ စိမ့်လာည်။

"ဘယ်လို မိန်းမလဲ"

"တောထဲကို ဘာလာလုပ်တာလဲ"

"လူတောင် ဟုတ်ရဲ့လား"

"ဥစ္စာစောင့်များလား"



www.burmeseclassic.com

www.burmeseclassic.com



တောင်ထင်မြောက်ထင် ထင်လာမိသည်။ တော
နက်လာလေ ချောက်ချားလာလေ။

"အိုကွာ...ဘာဖြစ်ဖြစ် ငါ့မှာ သေနတ်ပါတာပဲ"

သေနတ်ကို တင်းတင်းဆုပ်ထားမိသည်။ သစ်ပင်
ကြီးတွေကိုကွယ်ကာ မျက်ခြည်မပြတ်အောင် လိုက်လာခဲ့သည်။

"ဟာ..."

အိမ်နီကြီးကို ဘွားခနဲတွေ့လိုက်ရတော့ မင်းထင်
ပါးစပ်ဟောင်းလောင်း ပွင့်သွားရသည်။ မင်းထင်ရဲ့ မူလ
ရည်ရွယ်ချက်က မေနီကို ရအောင်ယူဖို့။ သူခံခဲ့ရတာအတွက်
လက်စားချေဖို့။ ယုတ်မာသောအကြံနှင့် လိုက်လာခဲ့ခြင်းပါ။

သို့သော် မေနီ့ပုံစံက စိတ်ဝင်စားစရာ ကောင်း
နေတာမို့ မေနီ့အကြောင်း သိရအောင် နောက်ယောင်ခံလိုက်
ဖို့ပဲ ဆုံးဖြတ်လိုက်ရခြင်းပင်။

မေနီက အိမ်ကြီးထဲ ဝင်သွားသည်။ ခဏကြာ
တော့ ဓားတစ်ချောင်းကို ဆုပ်ကိုင်ကာပြန်ထွက်လာသည်။ မေနီ
ခြေလှမ်းတွေ အိမ်နောက်ဘက် စမ်းချောင်းလေးဆီ ဦးတည်
နေသည်။





မင်းထင် လှမ်းကြည့်နေဆဲ မေနီက စမ်းချောင်း
ဲ ဆင်းသွားသည်။ တစ်ဖက်ကမ်းကို တရွေ့ရွေ့ ကူးသွား
သည်။ မင်းထင်က စမ်းချောင်းရဲ့ ဒီဘက်ခြမ်းမှ သစ်ပင်တစ်ပင်
ို ပြေးကပ်လိုက်သည်။ အမှတ်တမဲ့ ပင်စည်ကို ကြည့်မိသည်။

"ဘို–ပန်"

မင်းထင် ဦးနှောက်စားနေရသည်။ ဒီစာလုံးတွေ
ဘာကြောင့် ထွင်းထားရတာလဲ...။ စာလုံးတွေက သိပ်
ကောင်း မပီတော့။ ဓားပေါက်ရာတွေ မွစာကြဲနေသည်။

"ဒီမိန်းမ ဘာအကြံနဲ့ ဘိုတို့အိမ်မှာ အိမ်ဖော်လာလုပ်
နေတာလဲ"

"ရိုးရိုးသားသား လာလုပ်တာတော့ လုံးဝမဖြစ်နိုင်ဘူး"

မင်းထင် သံသယဝင်လာသည်။

ဟိုဘက်ကမ်းကို ကူးသွားသော မေနီ့မြေပုံရှေ့
ရပ်သွားသည်။ မြေပုံပေါ်မှာ ကျွန်းသားကို ထွင်းထားသော
ကိုင်တစ်ခု။ စမ်းချောင်းက ကျဉ်းကျဉ်းလေးမို့ အသေအချာ
မ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



## နန်းဒေလီယာ

## အသက် (၁၉) နှစ်

"ဟာ...ဟာ...နန်းဒေလီယာ ဘယ်တုန်းက သေသွား တာလဲ"

"ဒါ...ဒါဖြင့် နန်းမေနီဟာ ဒေလီယာ့ အစ်မပေါ့"

မင်းထင် အကြီးအကျယ် တုန်လှုပ်သွားသည်။

"နန်းဒေလီယာ"

သိပ်လှတဲ့ မိန်းမငယ်လေး...။ လှသလောက် သွက်သည်။ ရဲတင်းသည်။ ဘို့ကို သူမကပဲ စ,ကြိုက်ခဲ့သည်။ ခြံထဲမှာ လိမ္မော်သီးတွေလာဝယ်ရင်း ဘိုနဲ့တွေ့ကြသည်။

ဘိုကလည်း ရုပ်ချော အပြောကောင်း။ ဒေလီယာ တစ်ခါတည်း ကြွေသွားသည်။ နောက်ပိုင်း ခြံထဲကို ခဏခဏ ရောက်လာတတ်သည်။

"ကိုမင်းထင်ကြီး...ကိုကိုရောဟင်၊ ကိုကို ဘယ်သွား လဲ၊ ယာယာက ကိုကို့ကို တွေ့ချင်လို့လာတာ သိလား" ကျောင်းလစ်ပြီး ပြေး ပြေးလာတတ်ခြင်းပင်။





"ကောင်မလေး...နင်တော့ မရှိုးတော့ဘူးနော်"

"မရှိုးဘူး...ဘာဖြစ်လဲ၊ ကိုကိုဘို့ကို ယာယာ ချစ်နေ တာရှင့်"

"အားပါး...မလွယ်ပါလား"

ယာယာက ပွင့်လင်းလွန်းသည်။ အပြောအဆို မတတ်။ အနေအထိုင် မတတ်။

"ဒီလောက် လွယ်နေတာ...တွဲကွာ၊ မင်း ကြင်နာမှ ကောင်မလေး စိတ်ချမ်းသာမှာ"

မင်းထင်က မြှောက်ပေးသည်။ ဘိုကလည်း အလိုက်သင့် ဆက်ဆံသည်။

"ကိုကိုရေ...ယာယာ ကျောင်းလစ်လာတာသိလား၊ ယာယာတို့ လျှောက်လည်ကြရအောင်နော်...ကိုကို... နော်"

"အေးပါကွာ...လည်တာပေါ့"

ဘိုက လိုက်လျောလိုက်သည်။ ယာယာက ဘို့ကို သိပ်ချစ်သည်။ ဘိုက ခပ်ပေါ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးပျော်ပါစေကွာ၊ သူ့ခမျာ သနားပါတယ်"

ယာယာ့ကိုသနား၍ အလိုလိုက်နေရခြင်းပင်။

ဘို အခွင့်အရေးမယူတတ်တာကိုတော့ မင်းထင် သိသည်။ တွဲရုံသာတွဲသည်။ အပိုင်မကြံ။

"ယာယာ မပြန်ချင်တော့ဘူး သိလား၊ ကိုကိုနဲ့ပဲနေချင်တယ်"

ကောင်မလေးက ဆတ်စလူး။ ရေလာအောင် မြှောင်းပေးသည်။

"ကိုကိုရေ... ယာယာ ကိုကို့အိမ် လိုက်လည်မယ်လေ၊ ကိုကိုနဲ့ ယာယာ အေးအေးဆေးဆေး နေချင်တယ်ကွာ"

"အိမ်မှာက ကိုယ်တစ်ယောက်တည်းနေတာ၊ ယာယာ လိုက်လို့ မကောင်းဘူး"

"ဟွန့်... ဘာလို့ မကောင်းရမှာလဲလို့၊ လိုက်မှာပဲ"

ယာယာက ဇွတ်။ ဘို အကြံအိုက်နေသည်။ အိမ်ခေါ်သွားပြီး ယာယာက သိပ်ကဲလာလျှင် သူ့ စိတ်ထိန်းနိုင်မှာ မဟုတ်။





"သူများသမီးပျိုကို မယူနိုင်ဘဲ မဖျက်ဆီးချင်ဘူးကွာ"

ဘိုက အဲဒီလို ယောက်ျား။

ယာယာ ဘယ်လောက် ပူဆာပူဆာ အိမ်ကိုတော့ ခေါ်မသွား။

"ယာယာ... ကိုယ့်ကို တွေ့ချင်တာတစ်ခုအတွက်တော့ ကျောင်းခဏခဏမလစ်ပါနဲ့ကွာ၊ စာမေးပွဲ မအောင်ဘဲ နေပါဦးမယ်"

ဘိုက ယာယာ့ကို တားသည်။ မရ။ နောက်တော့ ယာယာ ကျောင်းမလစ်အောင် ဘိုက ရှောင်နေတတ်သည်။

အဲဒီတော့ ယာယာမှာ ဘိုနှင့်မတွေ့ဘဲ မင်းထင်နှင့်ပဲ ခဏခဏတွေ့နေရသည်။ မင်းထင်ကလည်း ယာယာ့အလှကို ယစ်မူးနေသည်။ သိမ်းပိုက်ချင်နေသည်။

"ကိုမင်းထင်ကြီး... ကိုမင်းထင်ကြီး သူငယ်ချင်းကလေ ယာယာ့ကို ရှောင်နေတယ် သိလား... ဟွန့်..."

ယာယာက တဟင့်ဟင့် အသံပြုကာ ခြေဆောင့်သည်။ ဝတ်တာစားတာက လျှော့ရှိလျှော့ရဲ။ နေပုံထိုင်ပုံက ကလဲ့တကင်း။ ယာယာ့ကို မင်းထင် အထင်သေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးက လွယ်တာပဲ"

စိတ်ထဲမှ မရိုးမရွဖြစ်လာသည်။

"ဘိုက ကိုယ့်ကို မှာထားခဲ့တယ် ယာယာ၊ မနက်ဖြန် ညနေ ခြောက်နာရီလောက် သူ့အိမ်ကို လာခဲ့ပါတဲ့"

"တကယ်လားဟင်"

"တကယ်ပေါ့ကွ"

"ယာယာ ဝမ်းသာလိုက်တာရှင်၊ ကိုကို့ကို ယာယာ လွမ်းလှပါပြီ"

အမှန်က ဘိုက တောင်ကြီးကို သွားနေသည်။

ဘိုနဲ့ပန် မင်္ဂလာကိစ္စအတွက် စီစဉ်နေသည်။ ပန်နဲ့ ကြိုက်ကတည်းက ဘို ကောင်မလေးတွေအားလုံးကို အဆက် အသွယ် ဖြတ်လိုက်ခြင်းပါ။

မင်းထင်က ကိုယ့်အကြံနှင့်ကိုယ် ကျေနပ်နေသည်။ ဘိုက မင်းထင်ကို သူ့အိမ်သော့ အပ်ထားခဲ့သည်။

နောက်တစ်နေ့ည...မင်းထင်က ဘို့အိမ်မှာ သွားစောင့်နေသည်။ မင်းထင် ကိုယ်ပေါ်မှာ ဘို့အဝတ်အစားတွေ။





မင်းထင်က ဘို့ထက် ပိန်သေမယ့် အရပ်အမောင်းနှင့် ကိုယ်ဟန်က ခပ်ဆင်ဆင်။

"ကိုကိုရေ...ကိုကို..."

မိုးချုပ်ခါနီးလောက်မှာ ယာယာ ရောက်လာသည်။

"မှောင်လိုက်တာ...မီးပျက်နေတယ်ထင်တယ်"

မင်းထင်က မီးမဖွင့်ဘဲ ထားတာပါ။ အလင်းရောင်က အနည်းအပါးတော့ ရှိနေသေးသည်။ လုံးဝမှောင်နေတာမျိုးတော့ မဟုတ်ပါ။

ခပ်မှောင်မှောင်ပတ်ဝန်းကျင်မှာ ဘို့အဝတ်အစားတွေ ဝတ်ထားသော မင်းထင်ကို ယာယာက ဘိုဟုပဲ ထင်နေသည်။

"ဟော့...ကိုကို..."

အသင့်ဖွင့်ထားသော တံခါးမှ ဝင်လာပြီး... ဧည့်ခန်းဆက်တီရှည်ပေါ်မှာ နောက်ခိုင်းထိုင်နေသော မင်းထင်ကို နောက်မှ သိုင်းဖက်လိုက်သည်။

"အို...ကိုကို..."



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်က တဖြည်းဖြည်း ပိန်းပိတ်အောင် မှောင်သွားသည်။ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

ခဏကြာတော့ ယာယာက မင်းထင်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်ပြီး တရှိုက်ရှိုက်ငိုရင်း အိမ်ထဲမှ ပြေးထွက်သွားသည်။ မင်းထင် ကျေနပ်ဖွာပြုံးနေမိသည်။ သူ စကားတစ်ခွန်းမှ မပြောလိုက်။ ယာယာက ဘိုဟုပဲထင်ကာ အသာတကြည် လိုက်လျောကြည်ဖြူခဲ့ခြင်းပင်။

အဲဒီနောက်ပိုင်း ယာယာက ဘိုကိုလာရှာသည်။ ဘိုက အိမ်သိပ်မကပ်။ ပန်ရှိသည့် တောင်ကြီးမှာပဲ အချိန်ဖြုန်းနေသည်။ မင်္ဂလာရက်က နီးလာပြီ။ သိပ်မကြာခင်မှာပဲ ယာယာ တစ်ယောက် မိုင်းသာမြို့မှ ပျောက်ချင်းမလှ ပျောက်သွားသည်။

"ယာယာက တောမှာနေတာ၊ ယာယာ့အစ်မက ယာယာ့ကို သိပ်ချစ်တာပဲသိလား၊ ယာယာ ပညာတတ်ကြီး ဖြစ်အောင်လို့ မိုင်းသာမှာ ကျောင်းလာထားတာ"

ယာယာပြောဖူး၍ မင်းထင် သိနေသည်။ သူ့ အစ်မက မိုင်းသာမှာ အိမ်တစ်လုံးဝယ်ပေးပြီး ယာယာ့ကို





ကျောင်းထားခြင်းပင်။ အိမ်ဖော်တစ်ယောက်လည်း ရှာထားပေးသည်။ သူကတော့ သွားချည်ပြန်လှည့်။

"ခြံကိစ္စတွေရှိနေတော့ မမက ယာယာနဲ့ အမြဲလာမနေနိုင်ဘူးလေ"

ယာယာပြောပြဖူးသော အစ်မကို မင်းထင် တစ်ခါမှ မမြင်ဖူးခဲ့ပါ။

"မမက မလှဘူး၊ ဒါပေမယ့် ယာယာ့ကိုတော့ ချစ်ပါတယ်"

ယာယာ့ပြောစကားတွေကို ကြားယောင်မိသည်။ ဘို့သူငယ်ချင်းအဖြစ် သူ့ကိုခင်မင်သော ယာယာ။ သူ့ရဲ့ ယုတ်မာမှုကို မရိပ်မိခဲ့ရှာပါ။ ယာယာပျောက်သွားတာ ကြာလာတော့ မင်းထင်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားသည်။

ယာယာ့ နေရပ်ကိုလည်း အတိအကျ မသိရ။ မိုင်းသာက အိမ်ကိုတော့ ဒီအတိုင်းပိတ်ထားတာတွေ့ရသည်။ ဘိုကတော့ ယာယာ့ကို လုံးဝမေ့နေတာပါ။ သူကတော့ တစ်ခါတလေ တိုက်ဆိုင်မှုရှိလျှင် သတိရသည်။ ဘို့ကို ခုတုံးလုပ်ပြီး

ရုညဝင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အတွက် တစ်ခါတစ်ခါ လိပ်ပြာမလုံ ဖြစ်ခဲ့မိသည်။ ကြာတော့လည်း အားလုံးဟာ မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။

ခုမှ မထင်မှတ်ဘဲ အံ့သြစရာတွေ ကြုံတွေ့နေရသည်။

"ယာယာ ဘာဖြစ်လို့ သေသွားတာလဲ"

မင်းထင် စဉ်းစားနေဆဲ အသံတစ်ခုက တောစပ်ကို ပဲ့တင်ရိုက်၍ ထွက်ပေါ်လာသည်။

"ညီမလေး...နင့်အတွက် ငါ ကလဲ့စားချေမယ်၊ နင့်ဘ၀ကိုဖျက်ဆီးခဲ့တဲ့ ဘိုဟာ နင့်လိုပဲ စိတ်ဆင်းရဲပြီး သေစေရမယ်၊ ဘို့ကို ငါသတ်မယ်၊ ငါ သစ္စာပြုတယ် ယာယာ...ငါ သစ္စာပြုတယ်..."

"ဟာ..."

မေနီက သူ့လက်မောင်းကို ဓားချွန်နှင့် ဖောက်လိုက်သည်။ သွေးစက်တွေ မြေပုံပေါ်ကို တစ်စက်စက်ကျနေသည်။

မင်းထင် ချောက်ချားလာရသည်။





မေနီ့ကို စိုက်ကြည့်နေရင်းက ကြောက်လာမိသည်။

"ဘိုတော့ ငါ့ကြောင့် ဒုက္ခရောက်တော့မယ်"

"ဒီမိန်းမက အကြံနဲ့ ဘိုတို့အိမ်မှာ အိမ်ဖော်လာလုပ်နေတာပါလား..."

"အခုနေ ငါ ကိုယ်တိုင် သေနတ်နဲ့ပစ်သတ်လိုက်ရင် ကောင်းမလား..."

"အင်မတန် ရိုင်းစိုင်းကြမ်းတမ်းတဲ့ မိန်းမ..."

"ခုနေ ငါသတ်ပစ်လိုက်ရင် ဘယ်သူမှ မသိနိုင်ပါဘူး..."

"သူ့ဘာသာ တောထဲမှာ ပုပ်ပွပြီး အရိုးဆွေးသွားမှာ..."

"ငါ့ကို ကြောထားတဲ့ မိန်းမ..."

"ဘို့ကို ဒုက္ခပေးမယ့် မိန်းမ..."

"ငါ သတ်ပစ်လိုက်မှဖြစ်မယ်...၊ ဒီမိန်းမကို ငါ သတ်မယ်..."

"ချောက်..."

မင်းထင်က သေနတ်ကို မောင်းတင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်...

"ဝုတ်...ဝုတ်..."

"ဂီး...ဝုတ်..."

"ဟာ...ခွေးတွေပါလား"

တောစပ်မှ ခွေးကြီးသုံးကောင် မေနီ့ဆီပြေးလာကြသည်။ အစွယ်တွေက ကြောက်စရာ။ ဒီကောင်တွေ အကိုက်ခံလိုက်ရလို့ကတော့...

"ဘုရားသခင်..."

မင်းထင် ဖြန်းခနဲ ကြက်သီးထသွားသည်။

"မင်းတို့ ဘယ်သွားနေကြတာလဲ၊ ငါ ပြန်လာတာတောင် လာကြိုဖော်မရဘူး"

"ဝုစ်..."

"ဒေါက်..."

"ဟာ..."

မေနီ့ကို သေနတ်နှင့်ချိန်နေသော မင်းထင်မှာ မီထားမိသော သစ်ပင်ဆီပြေးဝင်လာသောစားကြောင့် ပျာပျာသလဲ ခေါင်းငုံ့ရှောင်လိုက်ရသည်။





မေနီက စမ်းချောင်းဒီဘက်ကသစ်ပင်ကို လှမ်းမကြည့်ဘဲ စားနှင့်ပစ်ပေါက်လိုက်ပြီး သူ့ခွေးတွေကို ပွတ်သပ်ပေးနေသည်။

"ဟာကွာ..."

မေနီက ထိုင်ချလိုက်တာမို့ ပစ်ကွင်းလွဲသွားသည်။

ထိုအခိုက်...

"ဝု...အိ...အိ..."

"ဝူ...ဝူး..."

ခွေးသုံးကောင် တအိအိအော်ကာ ခေါင်းမော့ အနံ့ခံနေသည်။

"ဘာဖြစ်ကြတာလဲ...ဘာနံ့ရလို့လဲ"

"ဝုတ်...ဝုတ်...ဝု..."

ခွေးသုံးကောင်က စမ်းချောင်းကိုဖြတ်ကာ ဒီဘက်ကမ်းကို ကူးလာနေကြသည်။ မင်းထင်ဆီက အနံ့ရသွားပြီ။ ဒီအတိုင်းငြိမ်နေလိုက်လျှင် မကြာခင် မင်းထင်ကို ဝိုင်းခဲကြမှာ သေချာသည်။ မင်းထင် ပစ်ကွင်းပြောင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ်...ဂီး..."

"ဂဲ...ဂဲ..."

"ဒိုင်း..."

"ဂီး..."

ကျည်ဆန်က ရှေ့ဆုံးမှ တစ်ဟုန်ထိုးပြေးလာနေသော စက္ကူကိုယ်ကို ထွင်းဖောက်သွားသည်။ စက္ကူဘိုင်းခနဲ လဲကျသွားသည်။

"ဟင်...ရှင်...မင်းထင်..."

မေနီ့မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။

"သက္က...ယက္ခ...သွားစမ်း...ကိုက်စမ်း...ဟေး...ဟေး"

မေနီက ခွေးတွေကို တပ်လှန့်ရင်း စမ်းချောင်းရဲ့ ဒီဘက်ကို ကူးလာသည်။

"ဂီး...ဂဲ..."

"အား..."

မင်းထင် အလူးအလဲခံနေရသည်။ သက္က ခုန်အုပ်လိုက်တာမို့ လက်ထဲမှ သေနတ် လွင့်ထွက်သွားသည်။ သက္ကက မင်းထင် ကိုယ်ပေါ်ကို ခုန်အုပ်လိုက်သည်။





"အား...အား..."

လက်မောင်းသားတွေ သက္ကပါးစပ်ထဲပါသွားသည်။ မင်းထင် ဖျတ်ခနဲကုန်းထကာ တစ်ဟုန်ထိုးပြေးလေသည်။

"ဝုတ်...ဝေါင်း..."

"ဟေး...ဟေး..."

တောလမ်းတစ်လျှောက် ပွဲတင်သံတွေ မြည်ဟည်းနေသည်။

ခွေးဟောင်သံတွေ...

မေနီ့ရဲ့ တပ်လှန့်သံတွေ...

သူ့နောက်မှာ ကပ်ပါလာသည်။ နီးနီးလေး။

တောစပ်ကိုလွန်တော့ မြို့စွန်ဘက်က သူ့အိမ်လေးဆီ ပြေးလာခဲ့သည်။ မေနီ့အသံမကြားရ။ ခွေးဟောင်သံလည်း မကြားရတော့။ သူသက်ပြင်းချမိသည်။

"ကေသရီ...ကေသရီ..."

အိမ်မှာ ကေသရီမရှိ။ သူ အိမ်ကို သော့ဖွင့်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ သူ့ခြေလှမ်းတွေ ယိုင်နေသည်။ မျက်လုံးတွေ ပြာနေသည်။ လက်မောင်းက အသည်းခိုက်အောင် နာနေသည်။

သူလက်မောင်းကိုဖိကာ တယ်လီဖုန်းစင်လေးဆီ လျှောက်သွားလိုက်သည်။ ဘိုကို ဖုန်းဆက်ပြီး သတိပေးထားမှ ဖြစ်မည်။

"ဟဲလို...ဟဲလို...ဘို..."

တစ်ဖက်မှ ဖုန်းလာမကိုင်။ တတူတူသံတွေပဲ ကြားနေရသည်။

"ဟဲလို...ဟဲလို...ဟာ..."

မင်းထင် ဆတ်ခနဲ တုန်သွားသည်။ မေနို့ရဲ့ခွေးကြီးတစ်ကောင်ကို တွေ့လိုက်ရလို့ပါ။ ခွေးကြီးက အိမ်အပြင်မှန်သား အကာအရံတွေကို ကုတ်ခြစ်နေသည်။

သူဖုန်းခွက်ကိုပြန်ချပြီး တံခါးကို ပြေးပိတ်လိုက်သည်။

"ဂိး...ဂိး..."

"ဝေါင်း..."





"ဟာ...ဟာ...အမိုးပေါ်မှာ တစ်ကောင်ပါလား"

မှန်ထည့်ထားသော အမိုးပေါ်မှာ လျှောက်သွားနေသော ခွေးတစ်ကောင်ကို မှန်ပေါက်မှတစ်ဆင့် မြင်နေရသည်။ မင်းထင် အသက်ရှုရပ်မတတ် ကြောက်ရွံ့နေသည်။ အပြင်ကိုလည်း မထွက်ရဲ။ ခုချိန် အပြင်ထွက်လို့ကတော့ အရိုးနဲ့အသား တခြားစီဖြစ်သွားမည်။ ခုခံစရာ သေနတ်လည်း မရှိတော့။

ပတ်ဝန်းကျင်ကို အကူအညီတောင်းရအောင်ကလည်း မင်းထင် နေတာက မြို့စွန်မှာ။ ဟိုဘက်မှာ သေနတ်ဝစ်ကွင်းပဲ ရှိသည်။ တော်ရုံလူ မသိနိုင်သော နေရာ။

"ဂျစ်..."

"ဂျစ်..."

ခွေးတွေက အိမ်နံရံကို သဲကြီးမဲကြီး ကုတ်ခြစ်နေသည်။ မင်းထင် တယ်လီဖုန်းဆီ ပြန်ပြေးသွားသည်။

"ဟဲလို...ဟဲလို...ဘို...ငါ...ငါ...ဒုက္ခရောက်တော့မယ်၊ မင်းလည်း ငါ့ကြောင့် ဒုက္ခရောက်ရတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခွမ်း..."

"ဝေါင်း..."

"အား..."

ရုတ်တရက် မှန်ပြတင်းတစ်ခုကွဲကြေကာ ဖွေး တစ်ကောင် တိုးလာဝင်ပြီး မင်းထင်ကို ခုန်အုပ်လိုက်လေသည်။ မင်းထင်လက်ထဲမှ တယ်လီဖုန်းလေး ပြုတ်ကျသွားသည်။

မကြာခင် အသံများအားလုံး တိတ်ဆိတ်သွား သည်။ တယ်လီဖုန်းလေးကတော့ စင်ပေါ်မှ တန်းလန်းကျကာ လှုပ်ယမ်းနေဆဲပါတည်း။

● ● ●



## အခန်း (၁၇)

♥ ♥ ♥

စိတ်ကောက်ပြေသော ညချမ်းလေး...

ဘိုနဲ့ပန်တို့အတွက် လှပနေသည်။

"ဘို သိပ်ကဲတာပဲသိလား...မမေနီကို ဘာဖြစ်လို့ ပြန် လွှတ်လိုက်ရတာလဲ"

"သူမရှိတော့ ဘိုတို့ ပိုပြီး လွတ်လပ်တာပေါ့"

ဘိုက ပန့်ကိုယ်လုံးလေးကို တင်းကျပ်စွာဖက် ထားသည်။ ပန့်မျက်နှာလေးကို ဖွဖွရှိုက်နမ်းနေဆဲ...

"တူတူ...တူတူ...တူ"



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းသံ မြည်လာသည်။

ပန်က ဘို့မျက်နှာကို တွန်းဖယ်လိုက်ရင်း…

"ဘို…တယ်လီဖုန်း ကိုင်လိုက်လေ"

"ထားလိုက်ပါကွာ…သူ့ဘာသာ စပီကာထဲဝင်သွားလိမ့်မယ်၊ မနက်ကျမှဖွင့်ကြည့်တာပေါ့"

"ဟွန်း…ကဲကိုကဲတယ်"

ဘိုတို့ဖုန်းမှာ စပီကာ တပ်ထားသည်။

အိမ်မှာ လူမရှိတုန်း ဖုန်းလာလျှင်လည်း စပီကာထဲမှာ အသံဝင်နေသည်။ နောက်မှ စပီကာကို ပြန်ဖွင့်ကြည့်ပြီး နားထောင်လို့ရတဲ့ဖုန်းမျိုးပါ။

မနက်ကျတော့ ဘို အိပ်ရာမှ အရင်နိုးလာသည်။

ပန်က တရှူးရှူးနှင့် အိပ်ကောင်းနေဆဲ…။

ဘိုက ညဝတ်အင်္ကျီခါးကြိုးကိုဆွဲပတ်ကာ ပန့်နံဘေးမှ ထလာခဲ့သည်။ အခန်းထောင့်မှ တယ်လီဖုန်းလေးကို မြင်တော့ ညက ဖုန်းလာတာကို သတိရသွားသည်။

ဘို တယ်လီဖုန်းရှိရာသို့ လျှောက်သွားသည်။ စပီကာ ခလုတ်ကို ဖွင့်ကြည့်လိုက်သည်။





"ဟဲလို…ဟဲလို…ဘို…"

"ဟဲလို…ဟဲလို…ဟာ…"

အသက်ရှူသံတွေနှင့် ရောထွေးနေသော မင်းထင်အသံ။ လွန်စွာမောပန်းနေသော အသံ။

'ဟာ' ဆိုသော ထိတ်လန့်သံကြီးကြားရပြီး အသံတိတ်သွားသည်။

ခဏကြာတော့ မင်းထင်အသံ ပြန်ပေါ်လာသည်။

"ဟဲလို…ဟဲလို…ဘို…ငါ…ငါ…ဒုက္ခရောက်တော့မယ်၊ မင်းလည်း ငါ့ကြောင့် ဒုက္ခရောက်ရတော့မယ်"

"ခွမ်း…"

"ဝေါင်း…"

"အား…"

မင်းထင်အသံကို ပီပီသသကြားရပြီး မုန်ကွဲသံ၊ ခွေးတွေ၏ မာန်ဖီကိုက်ခဲသံ၊ မင်းထင်ရဲ့အော်သံတွေ ကြားလိုက်ရသည်။

"မင်းထင် အန္တရာယ်တစ်ခုခုနဲ့ ကြုံခဲ့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘို စိုးရိမ်သွားရသည်။ ပန်းကို မန္တီးတော့ဘဲ အိမ်တံခါးကို အပြင်မှပိတ်ကာ လင့်ရှိမှာကို မောင်းထွက်လာခဲ့သည်။

မင်းထင်တို့ အိမ်ရှေ့မှာ ကားရပ်မိတော့ ရဲကားတွေ ရောက်နှင့်နေတာကိုတွေ့ရသည်။ အိမ်တံခါးဝမှာ ကေသရီ တသိမ့်သိမ့် ငိုကြွေးနေသည်။

"ဘို...ကိုကိုထင့်ကိုကြည့်ပါဦး ဘိုရယ်..."

မင်းထင်က ရုပ်ပျက်ဆင်းပျက် သေဆုံးနေခြင်းပါ။ လက်မောင်းမှာ ဒဏ်ရာတစ်ခု။ လည်ပင်းမှာ ဒဏ်ရာတစ်ခု။ လည်မျိုကို သတ္တဝါတစ်ကောင် ကိုက်သတ်ထားပုံရပါသည်။ ကုတ်ရာခြစ်ရာတွေလည်း တစ်ကိုယ်လုံးမှာ ပွနေသည်။

"ညက ကေသရီ အိမ်မှာမရှိဘူး ဘို၊ သူငယ်ချင်းအိမ်မှာ သွားအိပ်နေတာ၊ မနက်စောစောပြန်လာတော့မှ ကိုကို့ကို ဒီလိုပုံမျိုးနဲ့ တွေ့ခဲ့ရတာပါ ဘိုရယ်၊ အဟင့်...ဟီး"

ကေသရီက ဘို့လက်မောင်းကိုဆွဲခါ၍ ပြောရင်း ငိုနေသည်။ ရဲတွေက စစ်ချက်ယူနေဆဲ...။

ကြုံတွေ့နေရသောအဖြစ်တွေကို ဘို မယုံချင်။





ကြောင်နေမိသည်။ ကေသရီ့ကိုလည်း မနှစ်သိမ့်မိ။ ညက ဖုန်းမကိုင်မိခြင်းအတွက် ယူကျုံးမရဖြစ်နေမိသည်။

"မင်းထင် သေရတာဟာ သတ္တဝါတစ်ကောင်ကောင်ရဲ့ ကိုက်သတ်ခြင်းကိုခံခဲ့ရတာပဲ ဘို"

"အဲဒီသတ္တဝါက ခွေးပဲဖြစ်ဖို့များတယ်၊ ခွေးတောင်မှ သာမန်ခွေးမျိုးမဟုတ်ဘူး၊ သိပ်ကြီးတဲ့ ခွေးဘီလူးမျိုးတွေပဲ၊ သူတို့က လူတစ်ယောက်ကို အသာလေး ကိုက်သတ်ပစ်နိုင်တယ်"

"အိမ်လေးကလည်း ပုပုပြားပြား၊ မှန်တွေကလည်းများ၊ ခိုင်ခံ့ဖို့ထက် လှဖို့ကို ပိုဦးစားပေးပြီး ဆောက်ထားတော့ ဒီခွေးတွေ အလွယ်တကူ ဝင်လာနိုင်တာပေါ့"

စခန်းမှူးက ဘို့ကို ရှင်းပြနေသည်။

"အဲဒီ ခွေးတွေက ဘယ်က ရောက်လာနိုင်သလဲ အန်ကယ်လ်"

"ဟိုဘက်နား တောစပ်ကတစ်ဆင့် ရောက်လာနိုင်တယ်လို့ ယူဆထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘိုက သက်ပြင်းချမိရင်း...

"ညက သူ ကျွန်တော့်ဆီ ဖုန်းဆက်သေးတယ် အန်ကယ်လ်"

ဘိုက စခန်းမှူးကို အကြောင်းစုံပြောပြလိုက်သည်။

"ဒါဆို မင်းထင် ညက မင်းဆီဖုန်းဆက်ရင်း အကိုက်ခံသွားရတာဖြစ်မယ်၊ ဟိုမှာလေ...တယ်လီဖုန်းက အဲဒီပုံစံနဲ့ တန်းလန်းကျနေတာ"

တယ်လီဖုန်းလေးကို ဘိုလှမ်းကြည့်မိသည်။

မင်းထင်အလောင်းကိုတော့ မကြည့်ရက်တော့ပါ။

"ဖြစ်ရလေကွာ..."

မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲမှောက်ချကာ ခေါင်းငုံ့ငြိမ်သက်နေမိသည်။

"စခန်းမှူး...ဒီမှာ ချွေးလည်ပတ်အပြတ်တစ်ခု တွေ့ပါတယ်"

"အေး...အေး...ရှာဖွေပုံစံနဲ့ သိမ်းလိုက်ကွာ"

ဘို ဆတ်ခနဲခေါင်းထောင်ကာ ချွေးလည်ပတ်ကို





လှမ်းကြည့်လိုက်သည်။ ချွေးလည်ပတ်က အနက်ရောင်မှာ ငွေရောင်ဖုသီးကလေးတွဲလွဲနှင့်။

"ဒါဆို ပိုင်ရှင်ရှိတဲ့ ချွေးပဲဖြစ်ဖို့များတယ်၊ ကိုမင်းထင်သေရတာ ချွေးပိုင်ရှင်ရဲ့လုပ်ကြံမှုပဲဆိုတာ အကြမ်းဖျင်းကောက်ချက်ဆွဲလို့ ရပြီပေါ့ကွာ"

မင်းထင်အလောင်းကို သယ်ထုတ်သွားကြပြီ။

"ကိုကိုထင်...အဟင့်...ဟီး..."

ကေသရီက သူ့အစ်ကိုကိုအော်ခေါ်ရင်း အသံပျောက်သွားသည်။

"ကောင်မလေးစိတ်တွေ သိပ်ချောက်ချားနေတယ် ဘို၊ ဒီအိမ်မှာ တစ်ယောက်တည်းထားခဲ့လို့မဖြစ်ဘူး၊ မင်းအိမ်ကိုပဲ ခေါ်သွားလိုက်ပါကွာ၊ မင်းဇနီးအနေနဲ့လည်း သူ့ကို ဖျောင်းဖျနှစ်သိမ့်ပေးလို့ ရတာပေါ့"

"ဟုတ်ကဲ့ အန်ကယ်လ်၊ ကျွန်တော့်အိမ်ကိုပဲ ခေါ်သွားလိုက်ပါမယ်"

ခုလိုအချိန်မျိုးမှာ ပန်သဝန်တိုမှာတွေ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘိုမတွေးမိတော့ပါ။ ဘို့ရဲ့သူငယ်ချင်း ကေသရီ။ မင်းထင်ရဲ့ နှမကေသရီ။ ခုလိုဒုက္ခရောက် သောကပွေနေတဲ့အချိန်မျိုးမှာ သူ ဘယ်လိုဥပေက္ခာပြုနိုင်ပါမည်နည်း။

"ကေသရီ...ကေသရီ"

ကေသရီ့ကိုယ်လေးက နုံးခွေကာ အင်အားမဲ့နေသည်။

"ကေသရီ ငါ့အိမ်ကိုလိုက်ခဲ့နော်"

ကေသရီက ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်ပြသည်။

"လာ...ကေသရီ သွားကြရအောင်"

ကေသရီ့ကိုတွဲကာ ကားဆီသို့ခေါ်လာခဲ့သည်။

ကားကို မောင်းထွက်လာတော့ ကေသရီ့က ဘို့ပခုံးကိုမှီကာ မျက်ရည်ကျရင်း ပါလာသည်။



## အခန်း (၁၈)

"ဟင်...ဒါက ဘယ်လိုဖြစ်လာကြတာလဲ"

အော်ဟစ်မေးလိုက်ချင်စိတ်ကို ပန် မနည်း ထိန်းချုပ်ထားလိုက်ရတာပါ။ ဘို့ပခုံးကိုမှီကာ ပျော့ပျော့ခွေခွေပုံမျိုးနှင့် ကားပေါ်မှဆင်းလာသော ကေသရီ့ကို မီးဝင်းဝင်းတောက်နေသော မျက်ဝန်းများဖြင့် စိုက်ကြည့်လိုက်မိသည်။

ဘို့ကိုလည်း ပန် အံ့ဩပါရဲ့။ ပန် ဒီလောက်သဝန်တိုနေတာကိုသိလျက်နှင့် ဘို တမင်အရွဲ့တိုက်နေတာလား။ ပန်တို့နှစ်ယောက် ပြန်တည့်သွားကြတာဖြင့် သိပ်မကြာသေး။ အခု အဖျက်က ဝင်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပန်က နှုတ်ခမ်းလေးကို ဖိကိုက်ကာ မျက်ရည်တွေ ဝဲလာသည်။

"ဒီလိုမှန်းသာသိရင် ပန် ပြန်လိုက်မလာခဲ့ပါဘူး"

"ဘို သစ္စာမဲ့တာ"

ညဘက်ကျတော့ ပန့်ကို ဟန်ဆောင်ယုယ။ မနက်ကျတော့ ကေသရီ့ဆီကိုသွား။ ပန် မနိုးခင် တိတ်တိတ်ကလေး ထသွားတဲ့ ဘို။ ဘိုမရိုးသားဘူး။ ပန်က ဘိုတို့စုံတွဲကို ဆက်မကြည့်ချင်တော့။ ချာခနဲ လှည့်ထွက်လိုက်မိသည်။

"ပန်..."

"အဟင့်...အင့်...ပန်၊ ပန်ရယ်..."

ဘုရားသခင်...

ပန် ရင်ထိတ်သွားရပါလေသည်။ တံခါးပွင့်သွားသည်နှင့် ကေသရီက ပန့်ကိုပြေးဖက်၍ငိုရှိုက်လိုက်ခြင်းကြောင့်ပါ။

သဝန်တိုဖို့သာ စိတ်ကူးနေသော ပန်...ဘို့ကို ဒေါသတကြီး လှမ်းကြည့်သည်။ ဘို တစ်ခုခုလုပ်လိုက်လို့...ဘို့နဲ့





လွန်ကျူးသွားလို့...ပန့်ကို နောက်ဆုတ်ပေးဖို့ လာတောင်းပန်နေတာလားဟု တွေးမိသွားရသည်။

"မင်းထင် ဆုံးပြီ ပန်"

"အို..."

မျှော်လင့်မထားသော စကားပါ။ ကိုမင်းထင်ကိုတော့ ပန် ခင်ပါသည်။ ပန်က ရင်ဘတ်ကလေးကို ဖိမိရင်း...

"ဘာ...ဘာဖြစ်လို့ ဆုံးတာလဲ ဘို"

"လုပ်ကြံမှုတစ်ခုကြောင့်ပဲလို့ ယူဆရတယ် ပန်၊ သိပ်ကြီးတဲ့ ခွေးမျိုးရဲ့ ကိုက်သတ်တာကို ခံလိုက်ရတာ"

"အို...ဖြစ်ရလေ၊ ကိုမင်းထင်မှာ ဘာရန်ငြိုးရန်ကြွေးများ ရှိလို့ပါလိမ့်နော်"

ကိုမင်းထင်အတွက် ပန်တကယ်ပဲ စိတ်မကောင်းဖြစ်မိတာပါ။ ဘို့ကိုအထင်မှားစိတ်တွေကတော့ ပျောက်ကွယ်သွားပါပြီ။

"သူ့အိမ်မှာ ကေသရီတစ်ယောက်တည်းဖြစ်နေလို့ ဘို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာခဲ့တာပဲ ပန်၊ ခုလောလောဆယ် သူ ဒီမှာပဲ နေရလိမ့်ဦးမယ်၊ မမေနီလည်း ခုညနေလောက် ပြန်ရောက်မှာပဲ၊ ကေသရီ့အတွက် မမေနီ့ကို အခန်းလွတ်တစ်ခု ရှင်းခိုင်းလိုက်မယ်"

ပန်က သက်ပြင်းခိုးရှိုက်မိသည်။ ကေသရီ့ကို သနားမိပေမယ့် ဒီအိမ်မှာ ခေါ်ထားဖို့ကိုတော့ မကြည်ဖြူချင်။ ကေသရီ့ကို ပန်ပဲ သနားချင်သည်။ ဘို့ကိုတော့ မသနားစေချင်ပါ။ သနားရာကနေ သံယောဇဉ်တွေ ဖြစ်သွားတတ်တာ။

"ကဲ...ကေသရီ၊ မငိုနဲ့တော့လေ...ခေါင်းတွေကိုက်နေဦးမယ်၊ အနားယူလိုက်တော့နော်"

[illegible]က ချော့ချော့မော့မော့ ပြောနေသည်။ သိပ်ကိုကြင်[illegible] ပန့်မှာ အောင့်သက်သက်နှင့်ပင် ငြိမ်နေရတာပါ။ ပန့် မျက်နှာမကောင်းလှတာကို ဘိုသိပါသည်။

သို့သော် မတတ်နိုင်။ ပန့်စိတ်ဆိုးလည်း ဆိုးစေတော့။ ကေသရီ့ကိုတော့ ပစ်မထားနိုင်ပါ။

"ဟား..."





ဘို ခေါင်းတွေ နောက်နေသည်။ မင်းထင်ကိစ္စ ခေါင်းထဲကို အပြည့်အဝ ရောက်နေသည်။

"မင်းထင်ကို ဘယ်သူသတ်တာလဲ"

"ခွေးတွေက သူ့ဘာသာ လာတာမဖြစ်နိုင်ဘူး"

"ခွေးပိုင်ရှင်ရဲ့ ပယောဂ ပါပါမလား"

ခွေးတစ်ကောင်တည်း မဖြစ်နိုင်။ အနည်းဆုံး ကောင်လောက်ဖြစ်မည်ဟု စခန်းမှူးပြောနေတာ ကြားခဲ့ရသည်။ ဩော်...သေနတ်...သေနတ်...။

"မင်းထင် သေနတ် ဘယ်ရောက်နေလဲ"

ဘိုက ဆတ်ခနဲ ထရပ်လိုက်သည်။ မိုင်းသာ ခန်းကို ဖုန်းခေါ်လိုက်သည်။

"ဟဲလို...စခန်းမှူးနဲ့ ပြောပါရစေ"

"ဩော်...ဘို ထင်တယ်"

"ဟုတ်ပါတယ် အန်ကယ်လ်၊ ကျွန်တော် အန်ကယ့်လ်ကို မေးချင်တာလေးတစ်ခုရှိလို့ပါ"

"အေး...မေးလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



“အန်ကယ်လ်တို့ မင်းထင်အိမ်မှာ ရှာဖွေကြတော့ သူ့ရိုင်ဖယ်သေနတ် တွေ့မိပါသလားခင်ဗျ”

“မတွေ့မိဘူး ဘို၊ ကေသရီပြောတော့ အဲဒီညနေက ကိုမင်းထင် အမဲလိုက်သွားတာတဲ့၊ တောထဲမှာ ကျန်နေခဲ့ပုံရပါတယ်၊ အန္တရာယ်တစ်ခုခုကြုံလို့ပဲ ဖြစ်ဖြစ်ပေါ့”

“သြော်...ဟုတ်ကဲ့၊ ကျေးဇူးပါပဲ အန်ကယ်လ်”

ဘို ဖုန်းပြန်ချလိုက်သည်။ အိမ်ရှေ့အိမ်နောက် လမ်းလျှောက်နေမိသည်။ စိတ်တွေ မတည်ငြိမ်။

*“ဟဲလို...ဟဲလို...ဘို...ငါ...ငါ...ဒုက္ခရောက်တော့မယ် မင်းလည်း ငါ့ကြောင့် ဒုက္ခရောက်ရတော့မယ်”*

မင်းထင်ရဲ့ တုန်လှုပ်ချောက်ချားသံတွေကို ကြား ယောင်နေသည်။ နားထဲက ဖျောက်လို့မရ။

ဘိုက မင်းထင်ကြောင့် ဒုက္ခရောက်ရတော့မယ် တဲ့။

“မင်းထင် ဘာတွေလုပ်ထားလို့လဲ”

“ဒီကိစ္စနဲ့ ငါနဲ့ ဘယ်လိုပတ်သက်နေလို့လဲ”





စဉ်းစားကြည့်မိသည်။ မိန်းကလေးကိစ္စတော့ ဖြစ်ဖို့များသည်။ မင်းထင်က မိန်းကလေးတွေကို အပျော်ကြံ တတ်သည်။ မိန်းကလေးမိဘတွေကပဲ မကျေနပ်လို့ သတ်ပစ် လိုက်တာလား...။

စဉ်းစားရင်း ဦးနှောက်ခြောက်လာသည်။ ပန် ကတော့ ကေသရီ့ကို ချော့မော့နေရပါသည်။ ညနေစောင်း တော့ မမေနီ ပြန်လာသည်။

“မမေနီရေ...ခရီးရောက်မဆိုက် ခိုင်းတယ်လို့တော့ မထင်ပါနဲ့နော်၊ ပန်တို့အခန်းဘေးက အခန်းလွတ်ကို ရှင်းပြီး အိပ်ရာပြင်ပေးပါ”

“ဘယ်သူလာနေမှာမို့လို့လဲ ပန်ပန်”

“ကေသရီနေမှာလေ...၊ ကိုမင်းထင် ဆုံးသွားပြီတဲ့ မမေနီရယ်၊ အဲဒါကြောင့် ကေသရီတစ်ယောက်တည်း ဖြစ်နေလို့ ဘိုက ခေါ်လာတာ”

“သြော်...သြော်...”

မမေနီက ပန့်ကို အဓိပ္ပာယ်ပါပါ လှမ်းကြည့်ပြီးမှ လှည့်ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန့်ရင်ထဲ လေးသွားရပါလေသည်။ ကေသရီကို ပန်တို့အခန်းရောက်နေပြီလေ။

"ခေါင်းမူးလိုက်တာ...ကေသရီ ခဏလှဲနေချင်တယ်"

ဆိုလို့ ပန်တို့အိပ်ရာမှာ လှဲခိုင်းလိုက်ရသည်။ မမေနီအခန်းထဲပို့ဖို့လည်း မကောင်း။ အခန်းလွတ်ကလည်း မရှင်းရသေး။ ပန် စိတ်ရှုပ်ထွေးနေရတာပါ။

ပန် အိမ်ရှေ့ကို ထွက်လာခဲ့သည်။ ဘိုက ဆံပင် တွေပွကာ ခေါင်းငိုက်စိုက်နှင့် ထိုင်နေသည်။

"ပန်ပန်...အခန်းပြင်ပြီးပါပြီ"

မမေနီက လာပြောတာမို့ ပန်က အခန်းထဲပြန်ဝင် လာရသည်။ ကေသရီ့ကိုတွဲကာ မမေနီ ရှင်းထားသောအခန်း ထဲသို့ ပို့ပေးရသည်။ ပန် ပြန်လှည့်လာတော့ ပန်တို့အိပ်ခန်း တံခါးက ခပ်ဟဟပွင့်နေသည်။

ပန်က အသာချောင်းကြည့်သည်။ တယ်လီဖုန်း နားမှာ ဘိုထိုင်နေတာကို တွေ့ရသည်။ ဘိုက စပီကာခလုတ် ကို ဖွင့်လိုက်သည်။





"ဟဲလို...ဟဲလို...ဘို...ငါ...ငါ...ဒုက္ခရောက်တော့မယ်၊ မင်းလည်း ငါ့ကြောင့် ဒုက္ခရောက်ရတော့မယ်"

"ဟင်..."

ပန် မျက်လုံးလေးတွေ ဝိုင်းသွားသည်။

"ဘို..."

အခန်းတွင်းသို့ ပြေးဝင်လာမိသည်။

"ဘို...ဘာတွေလဲဟင်...ဘာတွေဖြစ်လို့လဲ၊ ပန့်ကို ရှင်းပြပါဦး ဘိုရယ်"

ဘို ပို၍ စိတ်ရှုပ်ထွေးသွားသည်။ ပန် စိုးရိမ်နေမှာ စိုးလို့ ဒီကိစ္စကို မပြောဘဲ ထားတာပါ။ ခုတော့ ပန်သိသွားပြီ။ ဘိုက ပန့်ရင်ခွင်မှာ ဦးခေါင်းငိုက်မိုရင်း...

"ညကလာတဲ့ ဖုန်းက မင်းထင်ဆီကပဲ ပန်"

"သူ ကိုယ့်ကို အကူအညီလှမ်းတောင်းရင်း သတိပေးခဲ့ တာ"

"ဘာတွေလဲ ဘိုရယ်..."

"ဘိုက ဘာလို့ဒုက္ခရောက်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ ကိုယ်လည်း စဉ်းစားမရဘူးကွာ"

"ဒုက္ခပါပဲ ဘိုရယ်၊ ပန် စိတ်ပူလိုက်တာရှင်"

"စိတ်အေးအေးထားပါ ပန်၊ ကေသရီကိုလည်း မေးမယ်၊ ကိုယ် စခန်းခဏသွားဦးမယ်"

ဘိုက အသံဖမ်းစပီကာကိုဖြုတ်ယူပြီး ဂျာကင်အိတ်ထဲ ထိုးထည့်လိုက်သည်။ စခန်းမှူးကို ပေးဖို့ပါ။ စခန်းရောက်တော့ ဘိုက စခန်းမှူးကို သိချင်တာတွေ ထပ်မေးမိပြန်သည်။

"ခွေးလည်ပတ် အပြတ်တစ်ခုတွေ့တယ်"

"ခွေးမွေးတချို့ တွေ့တယ်"

"အိမ်နံရံမှာ ကုတ်ခြစ်ရာတွေ တွေ့တယ်"

"အဲဒီညနေက မင်းထင် အမဲပစ်သွားတယ်"

"သေနတ် ပြန်မပါလာဘူး"

"ခွေးရှင်ရဲ့လုပ်ကြံမှုလို့ ယူဆတယ်"

"တောထဲမှာ ဒီဖြစ်ရပ်စခဲ့မယ်"

"မင်းထင်နောက်ကို ခွေးတွေလိုက်လာခြင်းဖြစ်တယ်"





"ဒီဖြစ်ရပ်ဟာ ရန်ငြိုးတစ်ခုကို အခြေခံမယ်"

"ဘိုနဲ့ ဆက်နွယ်မှုတစ်ခုရှိရမယ်"

စခန်းမှူးရဲ့ ကောက်ချက်တွေကို သိခဲ့ရသည်။

"ဒီအမှုကို ကျွန်တော်လည်း တာဝန်သိပြည်သူ တစ်ယောက်အနေနဲ့ ဖော်ထုတ်ပေးဖို့ ကြိုးစားပါမယ် အန်ကယ်လ်"

ဘို ခေါင်းငိုက်စိုက်ချကာ စခန်းမှ ပြန်လာခဲ့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com



"အာ...ဘို ညံ့တယ်ဟာ၊ ဒါလေးတောင် မိအောင် ရိုက်မချနိုင်ဘူး"

ခြံထဲက အသံတွေ ပန်တို့ဆီ ပျံ့လွင့်လာသည်။ ဘိုနဲ့ ကေသရီ ဘော်လီဘော ကစားနေခြင်းပါ။ ဘိုက ကေသရီ့ စိတ်ကို ပျော်ရွှင်အောင် လုပ်ပေးနေသည်။

"ကေသရီ့ခမျာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အစ်ကို့ အလောင်းကိုတွေ့ပြီး သွေးပျက်နေတာ၊ သနားပါတယ် ကွာ..."

ဒါကိုပဲ ခဏခဏပြောနေတတ်သည်။

"ကေသရီ...စားချင်တာရှိရင် မမေနီကို ပြောနော်၊ မမေနီ ချက်ကျွေးလိမ့်မယ်"

အစွမ်းကုန် ဂရုစိုက်ပြနေသည်။ ကေသရီ ပျော်အောင်၊ တက်ကြွလာအောင် ဘော်လီဘောကစားနေတာသာ ကြည့်တော့။ ကြာတော့ ပန် သည်းမခံချင်။ ဘို့ကို အမြင်ကတ်လာသည်။ သူ့ကိုက ပိုနေတာ...၊ သည်းနေတာ...။ သဝန်တိုစိတ်ဖြင့် ပန့်ရင်တွေ ပူလောင်နေရသည်။



အခန်း (၁၉)

"ပန်ပန်"

မမေနီက ပန့်ရှေ့မှာ လာရပ်နေသည်။ တစ်စုံတစ်ခု ပြောချင်နေသည့် ပုံမျိုး။

"ဘာလဲ မမေနီ"

ခြံထဲက ဘော်လီဘောပွဲကို လှမ်းကြည့်နေသော ပန်...မမေနီကို လှည့်ကြည့်မိသည်။

"ဘိုရေ...လာပြီနော်"

"အိုကေ..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလား . . . ကေသရီက ဘောင်းဘီတိုကလေးနဲ့ ကစားနေတာ လှလို့ပလို့ ကြွကြွရွရွလေး။

ဘိုကလည်း ဒီလိုပဲ . . . ဘောင်းဘီတို အဖြူဆွတ်ကလေးနဲ့ သိပ်ကြည့်လို့ကောင်းနေသည်။ ပန်နဲ့ကိုတော့ ဘိုက ခေါ်ရှာပါသည်။

"ပန် ဘော်လီဘော ကစားမယ်ကွာ . . . အပျင်းပြေပေါ့"

"ပန်မှ မကစားတတ်တာ ဘိုရယ် . . ."

ပန် ငြင်းမိသည်။ ပန် တကယ်လည်း မကစားတတ်ပါ။

ကေသရီကတော့ ကျွမ်းကျင်သည်။ ပြေးလွှားပြီး ဘောလုံးကို ပုတ်လိုက်လျှင် အသားစိုင်တွေက လှုပ်ရှားသွားသည်။

"ဟင်း . . ."

ပန် နှုတ်ခမ်းလေးကို တင်းတင်းစေ့ကာ မျက်နှာလွှဲနေမိတော့တာပါ။

"မမေနီ ဘာပြောမလို့လဲ . . . ပြောလေ"





မမေနီကို လှမ်းကြည့်ပြီး မေးမိသည်။ မမေနီက ချက်ချင်းမဖြေ။ ဘော်လီဘောပွဲကို လှမ်းကြည့်နေသည်။ မမေနီရဲ့ စူးစူးရှရှ မျက်ဝန်းတွေကိုကြည့်ရင်း ပန့်ရင်ထဲ စိမ့်ခနဲဖြစ်သွားသည်။

"လူတွေကို မယုံနဲ့ ပန်"

"အချစ်ဟာ အမှန်တရားကို ဖုံးကွယ်ဆေနိုင်တယ်"

"တစ်ဂွထဲ ခြသေ့နှစ်ကောင်အောင်းဖို့ မသင့်ဘူး"

"မမေနီ"

ပန် လှမ်းခေါ်ပေမယ့် မမေနီ ပြန်လှည့်မလာ။ အေးစက်စက် လေသံနှင့် စကားသုံးခွန်းပြောပြီး အိမ်ထဲ လှည့်ဝင်သွားသည်။ ပန့်ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ မမေနီက ခပ်ဆန်းဆန်း မိန်းမမျိုး။ စကားကို အပိုမပြော။ လိုရင်းပဲပြောသည်။ ရိုးဖြောင့်သည်။ လိမ်တတ်ညာတတ်သူ မဟုတ်။

"မမေနီ ဒီလိုပြောတာ အဓိပ္ပာယ်တော့ ရှိမှာပဲ"

"မမေနီ ဘာတွေ သိထားလို့လဲ"

"ဖြောင့်ဖြောင့်မပြောချင်လို့ သတိပေးတာ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပန့်ရင်ထဲကို သဲသဲယယတွေ ဝင်လာသည်။

"သူတို့တွေ ပန့်ကွယ်ရာမှာ ဘာဖြစ်နေကြပြီလဲ"

ပန် အိပ်ခန်းထဲပြေးဝင်လာမိသည်။ ခေါင်းအုံးကို မျက်နှာအပ်ကာ မျက်ရည်ကျမိသည်။

ပန်လည်း အခုတလောလေးမှ စိတ်ရှုပ်လွန်းလို့ အပြင် ခဏခဏ ထွက်နေမိတာ။ မြို့ပြင်အထိ ဆိုင်ကယ် လျှောက်စီးသည်။ သေနတ်ပစ်ကွင်းသွားသည်။ လိမ္မော်ခြံထဲသွားသည်။

"ပန်သွားနေတုန်း သူတို့ဘာတွေဖြစ်ကြသလဲ"

ဘိုကလည်း အပြင်ခဏခဏထွက်သည်။ မင်းထင်ကိစ္စကို စုံစမ်းနေသည်။ ဘို အပြင်သွားမှ ပန်လည်းသွားတာပဲ။ ပန် ပြန်ရောက်လာတော့ ဘိုက အရင်ရောက်နှင့်နေသည်။ ကေသရီနှင့်ခြံထဲမှာထိုင်ပြီး စကားပြောနေသည်။

"အိမ်မှာ မမေနီ ရှိနေတာပဲ"

"တစ်ခုခုဆို မမေနီ သိမှာပါ"

ဒါကြောင့်ပဲ မဖြစ်သင့်တာမဖြစ်ရအောင် သတိ





ပေးလာတာ။ ပန့်ဘက်က ဝုန်းဒိုင်း မကျဲချင်။ ကေသရီက အပျော့ဆွဲသွားမှာ စိုးရိမ်သည်။

"ဘိုကို ချော့ရမှာပဲလေ"

ညရောက်တော့ ပန်က ပြုံးပြုံးရွှင်ရွှင်ပင် ဘို့ ရင်ခွင်ထဲမှာ နွဲ့နွဲ့လေး ငြိမ်နေသည်။ ဘိုက ပန့်ဆံစလေးတွေကို တယုတယ သပ်တင်ပေးနေသည်။ ညအိပ် မီးရောင်ပြာလဲ့လဲ့လေးက ပန်တို့အခန်းထဲကို ဖြန့်ကျက်ထားသည်။

"ဘို..."

"ပန်..."

"ဘို့ကို ပန် ပြောစရာရှိတယ်"

"ပြောလေ ပန်"

ပန်က ချက်ချင်းမပြောသေး။ ဘို့ပါးပြင်ကို လက်ချောင်းနုနုလေးဖြင့် အုပ်ကိုင်ပွတ်သပ်လိုက်မိသည်။ ဘိုက ပန့်နှုတ်ခမ်းအိအိလေးကို လက်ညှိုးလေးနှင့် ပွတ်တိုက်တို့ထိနေသည်။

"အင့်..."



www.burmeseclassic.com

www.burmeseclassic.com



ပန့်ကိုယ်လုံးလေးကို တအားဖျစ်ညှစ်ပြီး ဖက်ထားသော ဘိုပါ။ ပန်က ဘို့ရင်ဘတ်မှာ မျက်နှာအပ်ထားရင်း…

"ကေသရီ့ကို မိုင်းသာဟိုတယ်မှာနေဖို့ စီစဉ်ပေးရင် မကောင်းဘူးလား ဘိုရယ်"

"ဘာဖြစ်လို့…"

တင်းတင်းဖက်ထားသော ဘို့လက်တွေ ပြေလျော့သွားသည်။

"မိုင်းသာဟိုတယ်မှာဆိုတော့ သူ့ပိုပြီး ဇိမ်ကျကျနေနိုင်တာပေါ့ ဘိုရယ်၊ အစားအသောက်လည်း အဆင်သင့်မှာစားလို့ ရနေတာပဲ၊ ဘယ်လောက်ကုန်ကုန် ပန်တို့ပဲ အကုန်အကျခံမှာလေ"

"ဘယ်ဖြစ်မလဲ ပန်၊ အစ်ကို သေလို့ အထီးကျန်နေတဲ့ မိန်းကလေးကို တစ်ယောက်တည်းပစ်ထားသလိုဖြစ်သွားမှာပေါ့၊ ဒီမှာက ပန်ကလည်း ဖျောင်းဖျနိုင်တယ်၊ ဘိုကလည်း အားပေးနိုင်တယ်၊ လူတွေနဲ့ရောရောနှောနှောနေမှ သူ့စိတ်သက်သာရာ ရတော့မှာပေါ့"





"အဲဒါ ဘို့စိတ်ကူးသက်သက်ပဲ"

"ပန်က ဘာကို ဆိုလိုတာလဲ"

"ကေသရီနဲ့အတူတူ တစ်အိမ်တည်းမှာ နေချင်တဲ့ ဘို့စိတ်ကူးကြောင့် ဟိုတယ်မှာ သွားမထားချင်တာ မဟုတ်လား"

"ဟာ…ပန်ရာ"

ဘို စိတ်ပျက်စွာ ညည်းတွားမိခြင်းပါ။ ပန် ဒီလောက် သဘောထား သေးလိမ့်မယ်လို့ ဘိုမထင်ခဲ့။

"ပန် သဝန်တိုတာက လွန်လွန်းနေပြီကွာ၊ တစ်ဖက်သားကို ကိုယ်ချင်းမစာသလို ဖြစ်နေပြီ"

"ကိုယ့် ယောကျ်ားရဲ့ ရည်းစားဟောင်းကို အိမ်ပေါ်ခေါ်တင်ထားတဲ့ အထိတော့ ကိုယ်ချင်းစာမပေးနိုင်ဘူး ဘို"

"ပန် သက်သက်အထင်မှားနေတာပဲ"

ဘိုက ပန့်ကိုယ်လုံးလေးကိုလွှတ်ပေးကာ ခုတင်ဘေးမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပန် အထင်မှားတာမဟုတ်ဘူး ဘို၊ မီးဆိုတာမျိုးက

မလောင်ခင် တားနိုင်မှ..."

"ကေသရီနဲ့ဘိုက ဘာဖြစ်နေလို့လဲ ပန်၊ ရိုးရိုးသားသာ

နေနေကြတာလည်း ပန့်အမြင်ပဲ"

"မြင်ပါတယ်...မြင်ပါတယ်၊ ပန့်ကွယ်ရာမှာဆိုရင်တော့

မမြင်နိုင်ဘူးပေါ့"

"ဟာ...ပန့်စကားတွေ သိပ်လွန်နေပြီနော်"

ဘို အခန်းထဲမှထွက်လာခဲ့သည်။ ပန့်အနားမှ ဆက်နေလျှင် စကားများရတော့မည်။

"ပန် ဘာဖြစ်လို့ ဒီလောက်ထိ အထင်မှားနေရတာလဲ"

ဘို နားမလည်နိုင်။ ဘို စိတ်ညစ်ညစ်နှင့် ခြံ ဆင်းထိုင်နေမိသည်။ ညဥ့်နက်လာတော့ ဘို့နောက်မှာ ခြေသ ဖွဖွ ကြားရသည်။ နှုတ်ခမ်းနွေးနွေးလေးတစ်စုံ။ ဘို့လည်ကု မှာ ထိကပ်လာသည်။ လက်ချောင်းသွယ်သွယ်လေးတွေ ဘ ရင်ဘတ်မှာ ယှက်သိုင်းလာသည်။ ကျောပြင်မှာ နူးညံ့အိစ သည့် အတွေ့နွေးနွေးက အိခနဲ ကပ်လာသည်။





"ပန့်ကို စိတ်မဆိုးပါနဲ့ ဘိုရယ်"

ဘို သက်ပြင်းရှိုက်မိလေသည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ပန့်စိတ်တွေ လေးနေသည်။ လူက ထိုင်းထိုင်း မှိုင်းမှိုင်း ဖြစ်နေသည်။ အလိုလိုနေရင်း ငိုချင်နေသည်။ မမေနီ ရဲ့ ပယောဂမျက်ဝန်းတွေကို ရင်မဆိုင်ရဲ။ မမေနီရဲ့ မျက်နှာ ပေါ်မှာ အမိပွာယ်တွေ ပြည့်နေသည်။

ဘို့ကို ပန် တင်းတင်းမာမာလည်း မပြောရဲတော့ ပါ။ ဘို စိတ်ဆိုးရင် ပြန်ချော့မိသည်။ ကေသရီ့နောက်ကို ပါသွားမှာ စိုးသည်။ ဘိုက ပန့်ကို စိတ်ခုနေပုံရသည်။ အနေစိမ်း နေသည်။ ပွေ့ပွေ့ပိုက်ပိုက် မနေတော့။





ညဘက်ဆို ပန့်ကိုအေားမှာထားပြီး သူက နဖူးပေါ် လက်တင်ကာ အတွေးနယ်ချဲ့နေသည်။ ဘို့ကို နောက်ခိုင်းကာ ပန် မျက်ရည်ကျမိသည်။ တစ်နေ့မှ စိတ်မချမ်းသာ။ ရင်ထဲမှာ သံသယတွေ ဖိစီးနေသည်။ တစ်ချိန်ကအကြောင်းတွေကို ပြန် တွေးမိသည်။

ဘိုက ကေသရီ့ကို အရောတဝင်ဆက်ဆံတာ၊ ဘို့အကျီကို ကေသရီသုံးနေကျ ရေမွှေးနံ့ရတာ၊ မေ့ထားသော အကြောင်းတွေကို ပြန်တွေးမိသည်။ ဘို့ကိုချစ်လို့သာ ဒီကိစ္စ တွေကို ခွင့်လွှတ်ခဲ့မိတာ။

တောင်ကြီးကအပြန် ပန့်အတွက် အသက်စွန့် ကယ်လိုက်ကတည်းက သံသယတွေကိုဖယ်ပြီး ဘို့ကို အရင် ကထက်ပိုပြီး ချစ်ခဲ့ရတာပါ။ ဘို့ကို ပန်ယုံချင်ပါသည်။

သို့သော် မယုံနိုင်စရာအကြောင်းတွေက ပေါ် ပေါက်လာသည်။ ခုတလော ဘိုက အိမ်မကပ်ချင်။ ဘိုမရှိသော အိမ်မှာ ပန်လည်း မနေချင်။ အပြင်ပဲထွက်နေမိသည်။

ကေသရီကတော့ အိမ်ကမခွာ။ သူ့အိမ်မှာနေတုန်း



www.burmeseclassic.com

www.burmeseclassic.com



က အိမ်မမြဲ။ ပန့်အိမ်ရောက်မှ အိမ်မြဲနေသည်။ ဒါ မရိုးသားတာပဲ။

"မမေနီ…ပန် အပြင်သွားဦးမယ်၊ ပန့်အိမ်ကို စောင့်ရှောက်ထားလိုက်ပါနော်"

ပန် အပြင်သွားခါနီး မမေနီကို တိုးတိုးကပ်၍ မှာမိသည်။ မမေနီဟာ ပန့်အကျိုးကို လိုလားသူဟု ပန် ထင်နေသည်။ ယုံကြည်စိတ်ချနေမိသည်။ အားငယ်နေချိန်မှာ မမေနီကို အားကိုးမိသည်။

ပန်ထွက်လာတော့ ဘို အိပ်ရာက မနိုးသေး။ ကေသရီလည်း နိုးသေးပုံမရ။ ပန်က တစ်မြို့လုံးအနှံ့ ဆိုင်ကယ် လျှောက်စီးသည်။ မိုင်းသာဈေးထဲမှာ အဝတ်အစားတွေ ဝယ်သည်။ သေနတ်ပစ်ကွင်းကိုလည်း ဝင်လိုက်သေးသည်။

"ငါ ရှောင်ပေးသလိုများ ဖြစ်နေပြီလား"

အိမ်အပြန်လမ်းရောက်မှ တွေးမိသွားရခြင်းပါ။

"ငါမရှိရင် သူတို့ပိုပြီး လွတ်လပ်နေမှာပေါ့"

ပန့်ရင်ထဲမှာ ပူလောင်လာရသည်။





"အို…မမေနီရှိသားပဲ၊ သူတို့ မူမမှန်ရင် မမေနီ မသိဘဲ မနေပါဘူး"

ပန်က ဆိုင်ကယ်ကို အရှိန်မြှင့်၍ မောင်းလာခဲ့သည်။

"မမေနီ…မမေနီ"

"လာပြီ…ပန်ပန်"

မမေနီက တံခါးလာဖွင့်ပေးသည်။

"ဘိုရော"

"အပြင်သွားပါတယ်"

"ကေသရီရော"

"ဘိုနဲ့ လိုက်သွားပါတယ်"

"ဟင်…"

"ဖုန်း…"

ပန်က လက်ထဲက ပစ္စည်းတွေကို ဖုန်းခနဲပစ်ချလိုက်မိသည်။ မမေနီက ဘာမှမပြော။ နောက်ဘက်သို့ပြန်ဝင်သွားသည်။ ကတုန်းကတိုက်စကားမျိုး၊ အတို့အထောင်စကားမျိုး မမေနီမပြောတတ်။ ဒါကြောင့်ပဲ ပန်က ယုံကြည်မိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



အမြင်မတော်လွန်းလို့သာ အရိပ်အမြွက်လောက် သတိပေးခဲ့ပုံရပါသည်။ ပန် ညည်းခန်းမှာ အကြာကြီး ထိုင်ငိုင်နေမိသည်။

"ဘို့နောက်ကို လိုက်သွားရင် ကောင်းမလား"

ပန် စဉ်းစားသည်။ သူတို့ကို တွေ့ရင် ပန့် စိတ်ထိန်းနိုင်မှာ မဟုတ်ပါ။ လူပုံအလယ်မှာ ရန်ပွဲ ဖြစ်သွားလိမ့်မည်။

"အင်း...သူတို့ ရိုးရိုးသားသား သွားတာရော မဖြစ်နိုင်ဘူးလား"

ပန်က စိတ်ချမ်းသာစရာ ရှာတွေးမိခြင်းပါ။

အမျိုးမျိုးတွေးရင်း ပန် ခေါင်းတွေကိုက်လာသည်။ အခန်းထဲဝင်လာမိသည်။

"ဟင်..."

ပန့်မျက်လုံးတွေ ပြူးကျယ်သွားရသည်။ မျက်စိတွေ ပြာလာသည်။

"ဘုရားသခင်...ကယ်မပါ"





တိုးတိုးညည်းမိသည်။ ပန်းနုရောင် ဖဲခေါင်းအုံးထက်မှာ စွန်းပေနေသော အညိုရောင် နှုတ်ခမ်းနီရာ။ ပန် တစ်ခါမှမဝတ်ဖူးတဲ့ အနက်ရောင် ဘရာစီယာ တစ်ထည်။

"အို..."

ပန့်ခေါင်းထဲမှာ အိုးထိန်းစက်လို လည်နေသည်။ ပန်က အသားရောင် ဘရာစီယာတွေပဲဝတ်တတ်တာပါ။

ကေသရီ အနက်ရောင်ဘရာစီယာဝတ်တတ်တာကိုလည်း အင်္ကျီပါးပါးလေးတွေအောက်မှ ထင်ထင်ရှားရှားမြင်ဖူးနေကျ။

"ဟင်...ဒီမှာလည်း ဘို့အင်္ကျီတစ်ထည်"

ခုတင်အောက်မှာကျနေသော ဘို့စပို့ရှပ်အင်္ကျီကို ကောက်ယူလိုက်မိသည်။ အင်္ကျီတစ်ထည်လုံးနီးပါး နှုတ်ခမ်းနီတွေ ပေပွနေသည်။ ရေမွှေးနံ့တွေ လှိုင်နေသည်။

"အား..."

ပန်က မြွေ တစ်ကောင်ကို ကိုင်ထားမိသလို ကြောက်လန့်တကြား လွှင့်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မမေနီ...မမေနီ"

"လာပါပြီ...ပန်ပန်"

မမေနီက အခန်းထဲ အပြေးအလွှားဝင်လာသည်။

"ဒါ...ဒါက ဘယ်ကဘယ်လိုရောက်လာတာလဲ၊ ဒါတွေက ဘယ်လိုဖြစ်နေတာလဲ"

"ပန် အိမ်မှာမရှိတုန်း ဘာတွေဖြစ်ခဲ့ကြလဲ"

"မှန်မှန်ပြောပါ မမေနီ"

"ပန့်ကို ပြောပြစမ်းပါရှင်"

မမေနီက မတုန်မလှုပ် ခေါင်းငုံ့နေသည်။

"ပြောလေ...မမေနီ"

မမေနီ ခေါင်းမော့လာသည်။ အစိမ့်ယှာယ်ပြည့်ဝသော မျက်ဝန်းတွေ။ ပန့်ကိုစိုက်ကြည့်နေသည်။

အတန်ကြာမှ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းလိုက်ရင်း...

"ကျွန်မ မပြောချင်ဘူး၊ မပြောပါရစေနဲ့ ပန်ပန်"

"ဟင်..."

ပန် ရိပ်မိလိုက်ပါပြီ။ မမေနီဟာ ပန်တို့လင်မယား





ကွဲမှာစိုးလို့ သူသိထားတာတွေကို ဖုံးကွယ်ပစ်လိုက်တာပဲ မဟုတ်လား။ စိတ်ကောင်းရှိလှသော မမေနီပါ။

"မမေနီရယ်..."

ပန်က မမေနီကို ဖက်ကာ ငိုမိသည်။ ပန့်ဘက်မှာရပ်တည်ပေးမယ့်သူဆိုလို့ မမေနီပဲရှိတာပါ။ မမေနီပြန်ထွက်သွားတော့ ပန်တစ်ယောက်တည်း ငိုနေမိသည်။

"ပန့်ကို ဘို အလိုမရှိတော့ဘူးဆိုတာ ပန်သိပါပြီ"

"ဘိုတို့ ပျော်ရစ်ကြပါတော့..."

"ပန် ရှောင်ပေးပါ့မယ် ဘိုရယ်..."

ဒီအိမ်ကထွက်သွားဖို့ ပန်ဆုံးဖြတ်ချက်ချလိုက်မိသည်။ ပန့်အသည်းတွေ တစ်စစီကြေနေသည်။ ဟိုအရင်လို သာမန်စိတ်ကောက်တာမျိုး မဟုတ်တော့။ စိတ်နာသွားရခြင်းပါ။ မမေနီကိုလည်း ပန် ဘာမှပြောမနေတော့။ ဆိုင့်ကယ်လည်း မယူတော့။ ကျောပိုးအိတ်ကို တရွတ်ဆွဲကာအိမ်မှ တိတ်တဆိတ် ထွက်လာခဲ့မိတော့သည်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

♥ ♥ ♥

"ပန်ရော...မမေနီ"

အပြင်က ပြန်လာလာချင်း ပန့်ကိုပဲ တန်းမေးလိုက်မိသည်။ ပန် သဝန်တိုလွန်းလို့ စိတ်ညစ်မိပေမယ့် ဘိုက အချစ် မလျှော့နိုင်ပါ။ အပြင်ကပြန်လာတိုင်း ပန့်မျက်နှာလေး မြင်ရမှ အမောပြေသည်။

ခုတလော မင်းထင်ကိစ္စနှင့် ဘို့စိတ်တွေ ထွေနေသည်။ ပန့်ကိုလည်း စကားသိပ်မပြောမိ။ ညဘက်ဆိုလည်း အတွေးနယ်ချဲ့ကာ တော်တော်နှင့် အိပ်မပျော်။ မင်းထင် အသတ်





ခံရသည့်ကိစ္စအတွက် ဦးနှောက်တွေ အရည်ပျော်မတတ် စဉ်းစားနေမိတတ်သည်။ ဘို့အတွက် အန္တရာယ်ကိုလည်း သတိထားရသေးသည်။

"ငါ့ကြောင့် မင်းဒုက္ခရောက်ရတော့မယ်"

မင်းထင်စကားကို အထပ်ထပ်ကြားယောင်သည်။ ညဘက်ဆို ခဏခဏလန့်နိုးသည်။ အိပ်လို့မပျော်နိုင်။ စိတ်တွေ မကြည်လင်တာမို့ ပန်နဲ့လည်း နှစ်ကိုယ်တူ မထွေးပွေ့နိုင်တာ ကြာပါပြီ။

"ပန့်အသံလည်း မကြားပါလား...ပန်ဘယ်သွားလဲ မမေနီ"

"ရန်ကုန်က သူငယ်ချင်းတွေဆီ အလည်သွားမလို့တဲ့၊ အိမ်ကထွက်သွားတာ ကြာပြီ"

"ဟာ...ပန် ဘယ်လိုလုပ်တာလဲ၊ ကျွန်တော့်ကိုလည်း ဘာမှမပြောပါလား"

ဘို စိတ်ပူသွားမိသည်။ ချက်ချင်းကားပေါ် ပြန်တက်ကာ လေယာဉ်ကွင်းဆီ မောင်းလာခဲ့သည်။ လေယာဉ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားပြီ။ ဘို မောကျန်ခဲ့သည်။ ကားဂိတ်၊ ဘူတာ အနှံ့ လိုက်ရှာသည်။ ဘယ်မှာမှ ရှာမရ။ ဘို ခေါင်းငိုက်စိုက်ကျနေသည်။

"ဆိုင်းမဆင့် ဗုံမဆင့် ပန် ဘာဖြစ်လို့ ဒီလိုလုပ်သွားရတာလဲ"

"ဘာကို စိတ်ကောက်သွားလို့လဲ"

"ဘိုလည်း ဘာမှအမှားမလုပ်ရပါလားကွာ..."

တွေးရင်း တစ်ပူပေါ် နှစ်ပူဆင့်သွားတာမို့ အိမ်ကို ပြန်လာခဲ့သည်။

"စာရေးထားခဲ့သလား"

လိုက်ရှာကြည့်တော့လည်း ဘာစာမှမတွေ့။

"ဟူး..."

ဘို လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ ပန့်အတွက် စိတ်ပူနေမိသည်။

"ရန်ကုန် လိုက်သွားရင် ကောင်းမလား..."

ဒီလိုတော့လည်း မဖြစ်သေးပါ။ စခန်းမှူးက...





"၃ ရက်အတွင်း ဘို ဘယ်မှမသွားပါနဲ့ဦး"

ဟု ပြောထားသည်။ ဘို့ကိုပါ သင်္ကာမကင်းဖြစ်ချင်နေသည်။ မင်းထင်ကိစ္စအတွက် ဘို ဦးနှောက်စားလှသည်။ ဒီကြားထဲ ပန်က အထင်လွဲ၊ ဘို့ကို အသိမပေးဘဲ ထင်ရာလုပ်။

"ဟား...စိတ်ပျက်ပါရဲ့ကွာ..."

ဘို့တစ်သက်မှာ တစ်ခါမှ ခုလို ဒုက္ခမရောက်ခဲ့ဖူးပါ။

"ကေသရီရော မမေနီ"

"မြို့ထဲက သူ့သူငယ်ချင်းအိမ် ခဏသွားတယ်"

ဘိုက မနက်ကတည်းက မင်းထင်သတင်း စုံစမ်းရင်း စခန်းကို ထွက်သွားခဲ့ခြင်းပါ။ ဘိုသွားချိန်မှာ ကေသရီက သူ့အခန်းထဲမှာ ရှိနေသည်။ ပန်က ဘို့အရင် အပြင်ထွက်သွားခဲ့တာ။

"ဘို...ကိုကိုထင့်ကိစ္စ ဘာထူးသေးလဲဟင်"

ကေသရီ ပြန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုနေတော့ ဘာမှမထူးသေးပါဘူး ကေသရီရယ်"

"ပန်ရောဟင်...ဘို"

"ရန်ကုန်က သူ့သူငယ်ချင်းတွေဆီ အလည်သွားတယ် ကေသရီ"

"ဟင်...ပန်ကလည်း ကေသရီ့ကိုတောင် မပြောဘူး၊ ပန်သွားမှန်းသာသိရင် ရန်ကုန်ကို စာလှကြုံပေးလိုက်လို့ ရတာပေါ့၊ စာတိုက်ကထည့်ရင် သိပ်ကြာတာ"

"ကေသရီက ဘယ်သူ့ဆီ စာထည့်မလို့လဲ"

"ကေသရီ့ချစ်သူဆီကိုလေ...၊ မိုင်းသာကို လာခဲ့ဖို့မှာမလို့၊ ကေသရီ့ချစ်သူက ကေသရီ့ကို သိပ်ချစ်တာ ဘိုရဲ့၊ ကိုကိုထင့်ကိစ္စ သူမသိသေးလို့၊ သိရင်ချက်ချင်း ရောက်လာမှာ၊ ကေသရီလည်း အိမ်ထောင်ပြုလိုက်ဖို့ စိတ်ကူးတယ်၊ သူ့ကိုလည်း ကေသရီချစ်တယ်လေ...၊

"လွတ်လွတ်လပ်လပ်နေချင်သေးလို့သာ လက်မထပ်ခဲ့တာ၊ ခုတော့ ကေသရီ့မှာ အားကိုးအားထားမရှိတော့ဘူး...၊





"ကေသရီတစ်ယောက်တည်းနေလို့လည်း မတင့်တယ်ဘူး၊ ဘိုတို့အိမ်မှာလည်း အကြာကြီး တစ်သက်လုံး နေဖို့ မသင့်တော်ဘူးလေ"

ကေသရီ့စကားဆုံးတော့ ဘို့ရင်ထဲမှာ ပေါ့သွားသည်။ ပန့်ကို ကြားစေချင်လှသည်။ အလကား အထင်လွဲနေတာ။

"ကေသရီ မြန်မြန် မင်္ဂလာဆောင်ပါစေဗျာ"

ဘိုစိတ်ထဲကနေ ကျိတ်၍ ဆုတောင်းပေးမိသည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဟင်...ဒါ ဘာလေးပါလိမ့်..."

အနက်ရောင် ကြိုးခွေခွေလေး ကြမ်းပြင်ပေါ်မှာ ကျနေသည်။ ဘို ကောက်ယူကြည့်မိသည်။

"ဟာ..."

ဘို အကြီးအကျယ် အံ့သြသွားသည်။

"ခွေးလည်ပတ်ကလေးတစ်ခု"

ပွန်းရိုဟောင်းနွမ်းနေသည်။ သွေးစတွေ စွန်းနေသည်။





"ကေသရီ ဒါ ကေသရီ့ဥစ္စာလား"

"မဟုတ်ပါဘူး ဘို"

လောလောဆယ် ဒီအိမ်မှာ လူသုံးယောက်ပဲရှိနေတာ။ ကေသရီ့ပစ္စည်းကတော့ လုံးဝမဖြစ်နိုင်။ ကေသရီက ခွေးမွေးတာမဟုတ်။

ဒီလည်ပတ်ကလေးကို မမေနီ့အိပ်ခန်းတံခါးဝမှာ တွေ့လိုက်ရတာပါ။ မင်းထင်အိမ်မှာ တွေ့ခဲ့တဲ့ ခွေးလည်ပတ်နဲ့ တစ်ပုံစံတည်း တူနေသည်။ လည်ပင်းလုံးပတ်ကြီးသည်။ ပြတ်ထွက်မနေပေမယ့် ပွန်းရိုနေသည်။

"မမေနီ...မမေနီ"

မမေနီ့ကို ဘိုတစ်ခါမှထည့်မတွက်မိခဲ့ပါ။ မင်းထင်ကိစ္စနဲ့ မမေနီဟာ ဘယ်လိုမှ မပတ်သက်နိုင်။ သံသယ စာရင်းဖွင့်ရင်တောင် မမေနီ မပါနိုင်ပါ။

***"ဂရုစိုက်လောက်စရာ မရှိသော သာမန် အိမ်ဖော်တစ်ယောက်"***

ရုပ်ရည်ကလည်း မလှ။ အပြောအဆိုကလည်း



www.burmeseclassic.com

www.burmeseclassic.com



မပျော့ပျောင်း။ ဒီလိုမိန်းမမျိုးနဲ့ မင်းထင် ဘယ်လိုပတ်သက်နိုင်မလဲ။

ဘို ခွေလည်ပတ်ကလေးကို ဘောင်းဘီအိတ်ထဲထည့်ထားလိုက်သည်။ အခန်းထဲဝင်လာကာ နဖူးပေါ် လက်တင်၍ အေးအေးဆေးဆေး စဉ်းစားသည်။ မမေနီနဲ့ပတ်သက်ပြီး အသေးစိတ် ပြန်စဉ်းစားခြင်းပါ။

"ရေမွှေးနံ့ကိစ္စ"

အဲဒီကိစ္စဟာ မမေနီဖန်တီးတာ မဖြစ်နိုင်ဘူးလား။ လူသုံးယောက် ရှိသည့်အိမ်မှာ ရေမွှေးနံ့ပိုင်ရှင်နဲ့လည်း မပတ်သက်ရဘဲ ဘို့အကျီကြ ရေမွှေးနံ့ရခဲ့တာဟာ မမေနီရဲ့ လုပ်ကြံမှု မဖြစ်နိုင်ဘူးလား။

ဘို အခုမှတွေးမိနေသည်။ မမေနီကို ဘိုတို့ လျှော့တွက်ခဲ့ကြသည်။

"ဂရုတစိုက်စောင့်ကြည့်ဖို့တော့ လိုလာပြီ"

အတွင်းလူ...။

"အတွင်းလူဟာ အရေးကြီးဆုံးပဲ"





"သူသစ္စာဖောက်ရင် ဘာမှ မတတ်နိုင်ဘူး"

မမေနီကို ဘို ပြန်မလွှတ်သေးပါ။ ပန် မရှိချိန်မှာ မမေနီရှိနေမှ ဘိုနဲ့ ကေသရီကို ပတ်ဝန်းကျင်က အမြင်တင့်တယ်မည်။ ပန်လည်း အမြင်ကြည်လင်နိုင်သည်။ အဲဒီ စိတ်ကူးနဲ့ ရှိနေစေခြင်းပါ။

မမေနီကို ဘို မျက်ခြည်မပြတ် စောင့်ကြည့်သည်။

တစ်နေ့ မမေနီက ခွင့်တောင်းလာသည်။

"ကျွန်မ...အိမ်ခဏ ပြန်ပါရစေ"

"ပြန်ပါ...မမေနီ"

ဘိုက အသာတကြည် ခွင့်ပြုသည်။ မမေနီ အိမ်ကထွက်တော့ ဘို နောက်ယောင်ခံလိုက်ခဲ့သည်။ မိုးညိုရွာမှာ နေသည်ဆိုသော မမေနီက မိုးညိုရွာဘက်သွားသည့် အဝေးပြေးကားတွေကို မစီး။ မြို့ပြင်လမ်းအတိုင်း ခပ်သွက်သွက် လျှောက်နေသည်။ လမ်းဘေးသစ်ပင်တောတန်းကို အကာအကွယ်ပြုရင်း ဘိုက မျက်ခြည်မပြတ်အောင် လိုက်နေရသည်။

"မမေနီ မရိုးသားတာတော့ သေချာပြီ"



www.burmeseclassic.com

www.burmeseclassic.com



မမေနီကို ဘို လွှော့မတွက်ရဲတော့။ သံသယက နိုင်မာလာသည်။ ဘိုက ရိုင်ဖယ်သေနတ်ကို လွယ်ထားသည်။ ကျည်အပြည့် ဖြည့်လာခဲ့သည်။ ရှေ့မှာ ဘယ်လိုအန္တရာယ် တွေ တွေ့မည်မသိ။

အတော်ကြာကြာလျှောက်လာမိတော့ မမေနီက တောလမ်းဘက်ကို ဖွဲဆင်းသွားသည်။ တောအုပ်ညို့ညို့ဆိုင်း ဦးတည်နေသည်။ မကြာခင် အိမ်နီကြီးကိုလှမ်းမြင်လိုက်ရသည်။

"ဟော...သက္က...ယက္ခ"

"ဝုတ်...ဝုတ်"

"ဆေါင်း"

"ဟာ..."

အလွန်ကြီးမားသော ခွေးဘီလူးနှစ်ကောင် နန်းမေနီကို ပြေးကြိုကြသည်။

"သေချာပြီ...မင်းထင် သေရတာဟာ နန်းမေနီရဲ့ လက်ချက်ပဲ"

"ဟော့...ဘို...၊ ဟော့...ဘို..."





"ဟင်..."

ပဲ့တင်သံတွေ ဆူညံသွားသည်။ နန်းမေနီရဲ့ အသံဝါကြီး ဟိန်းထွက်လာခြင်းပါ။ နန်းမေနီ ဘယ်လို သိသွားတာလဲ...။ သူလိုက်လာမှန်း ဘယ်လိုသိသလဲ...။ ဘိုက ချုံကွယ်မှာ ဝပ်နေသည်။ နန်းမေနီက ဘို့ကို ကျောခိုင်းထားသည်။ ခွေးနှစ်ကောင်က ဘိုရှိရာဘက်ကို မျက်နှာမူပြီး ထိုင်နေသည်။ လျှာကြီးတွေက တန်းလန်း...။ အစွယ်ပြူးပြူးနှင့်။

"နင်...ငါ့နောက်ကိုလိုက်လာတာ ငါသိတယ် ဘို"

"နင် လိုက်လာအောင် ငါမျှားခေါ်ခဲ့တာပဲ"

"ခွေးလည်ပတ်ကို ငါ တမင်ချထားခဲ့တာ"

တစ်တောလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ လေတိုးသံတွေပဲ ကြားနေသည်။ နန်းမေနီ့အသံဝါကြီးက ကြောက်မက်ဖွယ် ပျံ့လွင့်ပဲ့တင်ထပ်နေခြင်းပါ။

"နင်ဟာ လူယုတ်မာပဲ ဘို"

"ငါ့ညီမလေး နန်းဒေလီယာကို နင်ဖျက်ဆီးခဲ့တယ်"

"နင့်ကြောင့် ယာယာ ဘဝပျက်ခဲ့ပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘို တုန်လှုပ်သွားသည်။ နန်းမေနီဟာ ယာယာ့ အစ်မပါလား။

"နင့်ကိုသတ်ဖို့ နင့်အိမ်မှာ ငါ အိမ်ဖော်လာလုပ်နေခဲ့တာပဲ ဘို"

"နင့်ကို ဒီအတိုင်းတော့ မသတ်ချင်ဘူး"

"နင့်ချစ်သူနဲ့ ကွဲအောင်ခွဲပြီးမှ သတ်ချင်တယ်"

"အဲဒါကြောင့် ပန် နင့်ကို အထင်လွဲအောင် ငါ ကြံစည်ခဲ့တယ်"

"နင်ပြုခဲ့တဲ့ပြစ်မှုကိုသိပြီးမှ မချိမဆံ့ အသေဆိုးနဲ့ သေစေချင်တယ်၊ အဲဒါဟာ နင့်အပေါ်ထားတဲ့ ငါ့ရဲ့ အမုန်းပဲ ဘို"

"နင်က ငါ့ညီမကို ဖျက်ဆီးခဲ့သလို...နင့်သူငယ်ချင်း မင်းထင်က ငါ့ကို ဖျက်ဆီးဖို့ ကြံစည်တယ်"

"သူ့ကိုတော့ ငါ ဆုံးမခဲ့ပြီးပြီ"

"ခုလောက်ဆို တမလွန်ကနေ နင့်ကို စောင့်နေလိမ့်မယ်"





"နင်လည်း သူ့နောက်ကို လိုက်ရမယ် ဘို..."

ဘို ဇာတ်ရည်လည်သွားရပါပြီ။ သို့သော် ယာယာ့ကို သူမှ မဖျက်ဆီးခဲ့ဘဲ။ ယာယာက အတင်းလိုက်ကပ်နေလို့ တွဲရုံသာတွဲခဲ့တာပဲ။ ဘို ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

ဘိုက ပုန်းအောင်းနေရာမှ ထွက်လိုက်ရင်း...

"ဒီမှာ မမေနီ...ခင်ဗျား ကျုပ်ကို အထင်လွဲနေပြီ၊ ကျုပ် ယာယာ့ကို မဖျက်ဆီးဘူး၊ ယာယာနဲ့ ကျုပ်ဟာ တွဲသွားတွဲလာပဲရှိခဲ့တာ"

ဘိုက ခပ်ဝေးဝေးမှာ ဘို့ကို နောက်ခိုင်း၍ရပ်နေသော မမေနီ ကြားအောင် အော်ပြောလိုက်သည်။ တစ်တောလုံး ပဲ့တင်သံတွေ ညံနေသည်။

ဘို့ကိုမြင်တော့ ခွေးကြီးနှစ်ကောင်က လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

"ဒါဖြင့် ယာယာ့မှာရှိတဲ့ ကိုယ်ဝန်က ဘယ်သူ့ကိုယ်ဝန်လဲ"

"ကျုပ် ကိုယ်ဝန်မဟုတ်တာတော့ ကျုပ် ကျိန်ပြောရဲပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယာယာနဲ့ကျုပ်နဲ့ လွန်လွန်ကျူးကျူး မရှိခဲ့ကြဘူး"

"ဟား...ဟား...ဟား...ဆင်သေကို ဆိတ်ရေနဲ့ ဖုံးဖို့ မကြိုးစားစမ်းပါနဲ့ ဘို"

နန်းမေနီက ဟားတိုက်၍ ရယ်နေသည်။

"ခင်ဗျား မယုံလည်း မတတ်နိုင်ဘူး၊ ကျုပ် အမှန်အတိုင်း ပြောနေတာပဲ"

"အေး...မယုံဘူး၊ နင့်စကားကို ငါလုံးဝမယုံဘူး၊ ယား ယက္ခ...သက္က...သွားစမ်း"

"ဝေါင်း"

"ဝီး...ဂီး"

"ဝုတ်..."

"ဟာ..."

ခွေးနှစ်ကောင် ဘို့ဆီတစ်ဟုန်ထိုးပြေးလာသည်။

"အိုင်း"

"အိုင်း"

ဘို သေနတ်နဲ့ ဆီးပစ်သည်။ တစ်ချက်မှ မထိ။





"အိုင်း...အိုင်း...အိုင်း"

ဘိုက နောက်သို့ဆုတ်ရင်း ကျည်ဆန်တွေ အတွဲလိုက် ပစ်ချသည်။ ကျည်ဆန်တွေက ချုံတွေထဲ သစ်ပင် ပင်စည်တွေထဲ ထိချင်ရာထိနေသည်။ ခွေးတွေကို တစ်ချက်မှ မထိ။

"ချောက်"

"ဟာ...ကျည်ဆန်ကုန်သွားပြီ"

"ဝေါင်း"

"ဝုတ်"

ဘို ချာခနဲလှည့်၍ပြေးလေသည်။ တောလမ်းကို မကျွမ်းသော ဘို။ ပြေးရင်းနှင့် အိမ်ကြီး၏ နောက်ဘက်ကို ရောက်သွားသည်။

"ဝေါင်း"

"အား"

ခွေးတစ်ကောင်က ဘို့ကို ခုန်အုပ်လိုက်သည်။ ရင်ဘတ်ကို လက်သည်းဖြင့် ကုတ်ချလိုက်တာမို့ သွေးတွေ ဖြာခနဲကျလာသည်။ လိမ့်ရှောင်ရင်း ကျောအောက်မှာ ခုလု ခုလုနှင့် စမ်းမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...မင်းထင် သေနတ်ပဲ"

သေနတ်ဒင်မှာ ကျားခေါင်းရုပ် စတစ်ကာ ကပ်ထားသော မင်းထင်သေနတ်ကို တွေ့လိုက်ရတာမို့ ဘို အားတက်သွားရလေသည်။

● ● ●



## အခန်း (၂၃)

♥ ♥ ♥

"မိုင်းသာ ဟိုတယ်"

မှန်သားပြင် အက္ခရာအရုံတွေရဲ့တစ်ဖက်က ထောင်ပြာတန်းတွေကို ပန် ငေးကြည့်နေမိသည်။ မိုင်းသာ ဟိုတယ်မှာ ပန်ရောက်နေခြင်းပါ။ အိမ်ကထွက်လာတော့ ပန် ဘယ်ကို သွားရမှန်းမသိ။ ထောင်ကြီးကိုလည်း မပြန်ချင်။ ဦးဦးတို့ဆီမှာ ကြောက်သည်။ ဘိုရှိနေသော မိုင်းသာမြေကလည်း မခွာချင်။

နောက်ဆုံးတော့ မိုင်းသာဟိုတယ်မှာပဲနေဖို့ ဆုံးဖြတ်လိုက်သည်။ နှစ်ယောက်ခန်းတစ်ခန်းငှားပြီး အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆေး နေသည်။ နေရာက အေးဆေးသလိုရှိပေမယ့် ရင်ထဲမှာ ပူနေသည်။ ထမင်းလည်း ကောင်းကောင်း မစားနိုင်။ သုံးလေးရက်အတွင်း ပန့်ကိုယ်လုံးလေးက ပိန်ကျသွားသည်။ ညည အိပ်မပျော်တာမို့ မျက်တွင်းတွေလည်း ချိုင့်ဝင်နေသည်။

"ခေါက် ... ခေါက်"

တံခါးခေါက်သံ နှစ်ချက် ကြားရပြီး ဟိုတယ်ဝန်ထမ်းအမျိုးသမီးလေး အခန်းထဲဝင်လာသည်။ ပန့်အိမ်ရာတွေကို ခေါက်သိမ်း။ အသစ်လဲ။ ရေချိုးခန်း၊ အိမ်သာခန်း သန့်ရှင်းပေးပြီး ...

"အစ်မ ... အစ်မစားဖို့ ဒီကိုပဲ ယူလာပေးရမလား"

"ရတယ် ... ယူမလာနဲ့တော့၊ အပြင်မှာပဲ ထွက်စားလိုက်တော့မယ်"

အခန်းထဲမှာပဲ စား၊ ဘယ်မှမထွက်ဘဲနေတာ ကြာတော့ ခေါင်းတွေ နောက်နေသည်။ ပန်က ညဝတ်အင်္ကျီ အပါးလေးကိုချွတ်၊ ဂျင်းဘောင်းဘီအဖြူရောင်နှင့် စပို့ရှပ် အနက်ကို လဲဝတ်ကာ စားသောက်ခန်းမဘက် ထွက်လာခဲ့သည်။





စားသောက်ခန်းမ မရောက်မီ ညှော်ခန်းကို အဖြတ်

"ဟယ် ... ပန်"

"ဪ ... ကေသရီပါလား"

ညှော်ခန်းမှာထိုင်နေသော ကေသရီက ပန့်ဆီအပြေးအလွှား ရောက်လာသည်။ ပန်က ကေသရီ့ကို မျက်နှာထားတင်းတင်းနှင့် လှမ်းကြည့်နေလိုက်သည်။ ကေသရီက ပန့်မျက်နှာထားကို သတိထားမိပုံ မရပါ။

"ကေသရီ ဘာလာလုပ်တာလဲ"

"ရန်ကုန်က ကေသရီ့ချစ်သူက ဒီမှာလာတည်းတာလေ၊ မနေ့ကမှ ရောက်တာ၊ ကေသရီနဲ့လက်ထပ်ဖို့ စီစဉ်ရအောင်လာတာ၊ ပန် ဒီကို ဘာလာလုပ်တာလဲ၊ ရန်ကုန်သွားတယ်ဆို ..."

"ဟင် ... ဘယ်သူပြောလဲ"

"ဘိုပြောတာ၊ မမေနီက ဘို့ကိုပြောလို့လေ၊ ပန် မမေနီကို မှာခဲ့တယ် မဟုတ်လား"

"ဟင့်အင်း ... ပန် ဘာမှမပြောခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါဆို မမေနီက ဘာလို့ မဟုတ်တာတွေ လျှောက်ပြောသလဲမသိဘူးနော်၊ စိတ်မှန့်ရဲ့လားမသိဘူး၊ သူ့ပုံစံကတစ်မျိုးကြီး၊ သဘောတော့ ကောင်းပါတယ်၊ ကေသရီ့ကိုဆို ဂရုစိုက်တာအရမ်းပဲ၊ ပြီးတော့ ကေသရီ ဘာ ရေမွှေးသုံးလဲ၊ ဘာနှုတ်ခမ်းနီသုံးလဲ လျှောက်မေးရော၊ ဟိုတစ်နေ့ကလည်း ကေသရီ့ဘရာစီယာတစ်ထည် လျှော်ပေးမယ်ပြောပြီး ယူသွားတာ ပြန်လည်းမပေးဘူး၊ လှမ်းထားရင်း ပျောက်သွားလို့တဲ့"

"ကေသရီ..."

ပန့် ရင်ထဲ တလှပ်လှပ် တုန်လာသည်။

ကေသရီ့ပခုံးနှစ်ဖက်ကို ဆွဲဖက်လိုက်မိသည်။

● ● ●



## အခန်း (၂၄)

♥ ♥ ♥

လင့်ရှိဗာကားလေးက မြို့ပြင်လမ်းအတိုင်း ကမူးရှူးထိုး ပြေးလွှားနေသည်။ စတီယာရင်ကို ခပ်တင်းတင်း ဆုပ်ထားသော ပန့်။ ရင်ခုန်သံတွေ မြန်နေသည်။ အဖြစ်မှန် အားလုံးကို ပန့်သိခဲ့ရပါပြီ။

ကေသရီနှင့် ပွင့်ပွင့်လင်းလင်း စကားပြောရင်း မမေနီရဲ့ လိီဆယ်မှုတွေ ဘွားဘွားပေါ်လာသည်။ မိုင်းသာ ဟိုတယ်မှအပြန် မိုင်းသာဈေးထဲမှဖြတ်တော့ ခွေးအသံ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်တွေရောင်းသည့် ဆိုင်ဘက်ကို အမှတ်တမဲ့ လှည့်ကြည့်မိကြသည်။

"ကိုကိုထင့် အလောင်းနားမှာ ကျန်ခဲ့တဲ့ လည်ပတ်က အဲဒီလို လည်ပတ်မျိုးပေါ့ ပန်"

ကေသရီက လက်ညှိုးထိုးပြသည်။

"လာ...ကေသရီ ခဏဝင်ကြည့်ရအောင်"

ပန် ဆိုင်ထဲဝင်လာခဲ့သည်။ ဆိုင်ရှင်အမျိုးသမီးက ပန့်အသိ။

"ယော...ပန်ပန်ပါလား၊ နေကောင်းတယ်နော်"

"ဟုတ်ကဲ့...နေကောင်းပါတယ် မမရီ"

"ဟိုတလောကတောင် ပန်နဲ့အတူတူ ဈေးလာဝယ်ဖူးတဲ့ ခပ်ထွားထွားအမျိုးသမီးလေ...မမရီတို့ဆိုင်မှာ ခွေးလည်ပတ်တွေ လာဝယ်သွားသေးတယ်၊ သုံးခုတောင်မှပဲ၊ ပန်ဝယ်ခိုင်းလိုက်တာထင်တယ်၊ ပန် ခွေးမျိုး ဘယ်က ရလို့ မွေးတာလဲ၊ ဘာခွေးအမျိုးအစားလဲ"

ကေသရီနှင့်ပန် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိသည်။





"သြော်...တယ်ရီယာ ခွေးပုကလေးတွေ ဝယ်ပြီး မွေးတာပါ မမရီ"

"မသိပါဘူးကွယ်...ခွေးလည်ပတ်ကြီးကြီးတွေ ဝယ်သွားတော့ မမရီကဖြင့် ကြီးကြီးမားမား ခွေးမျိုးများ မွေးမလို့လားလို့"

အဖြေက ပို၍ သေချာလာသည်။ မြို့ပြင်ထွက်တတ်သည့် မြင်းလှည်းမောင်းသမားတွေကို စုံစမ်းကြည့်သည်။

"တူမကြီးပြောတဲ့ပုံမျိုးနဲ့ အမျိုးသမီးတစ်ယောက်ကိုတော့ ဦးလေးလိုက်ပို့ဖူးတယ်၊ မြို့ပြင်တောစပ်နားမှာ ဆင်းသွားတာပဲ"

အချက်အလက်တွေ ဆက်စပ်မိသွားသည်။

အိမ်ပြန်ရောက်တော့ ဘိုကို မတွေ့။

"မမေနီပြန်သွားတာ သိပ်မကြာသေးဘူး"

ကေသရီက သတင်းပေးသည်။

"ဘို လိုက်သွားသလား မသိဘူး"

"ဖြစ်နိုင်တယ် ပန်၊ မနေ့က ကိုကိုထင့်အလောင်းနား



www.burmeseclassic.com

www.burmeseclassic.com



မှာတွေ့တဲ့ လည်ပတ်မျိုးနဲ့ဆင်တူတစ်ခု မမေနီ့အခန်းနားက ဘို့ ကောက်ရတယ်"

ပန် ပစ္စတိုကို ကျည်ဖြည့်လိုက်သည်။ လင့်ရှိဗာကို စက်နှိုးမိတော့ ကေသရီ ပြေးထွက်လာသည်။

"ဆိုင်သလား မဆိုင်သလားတော့ မသိဘူးပန်၊ ဒီမှာကိုကိုထင့် ဒိုင်ယာရီ...ပန်ဖတ်ကြည့်ပါဦး"

ကေသရီပြသော ဒိုင်ယာရီ စာမျက်နှာကို ပန်ငုံ့ဖတ်လိုက်သည်။

• • •

*ဘို့ကိုကြွေနေတဲ့ ကောင်မလေးဆီက ငါလိုချင်တာ ရပြီ။*

*သိပ်အတဲ့ ကောင်မလေး...*

*ငါ့ကို ဘို့ အမှတ်နဲ့ ကြည့်ဖြူသွားသည်။*

• • •

ဒိုင်ယာရီကို ကေသရီ့လက်ထဲပြန်ထည့်ပေးပြီး ပန်ကားကို ဝေါခနဲ မောင်းထွက်လာခဲ့ခြင်းပါ။





"ဗွီး...ဗွီး..."

လမ်းဘေး တောအုပ်ထဲကို မောင်းဝင်လိုက်သည်။ ဂလုဂလောင်းတွေ၊ ချုံပုတ်တွေကို ဖြတ်ကျော်လာသည်။ လင့်ရှိဗာက တောထူထူကို တရိပ်ရိပ်တိုးဝင်နေသည်။ ကားစတီယာရင်ကို ကျစ်ကျစ်ဆုပ်ထားရသည်။ သတိနှင့်မောင်းနေရသည်။ သို့မဟုတ်လျှင်တော့ ပန် ကားပေါ်က ပြုတ်ကျကျန်ခဲ့နိုင်သည်။

"ဗွီး..."

"ဂလုတ်..."

တောင်ပို့တွေကို ကားဦးမော့၍ ကျော်ပစ်လိုက်သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

မင်းထင် သေနတ်ထဲမှာ ကျည်တစ်တောင့်ပဲလျှော့သေးသည်။

"ချောက်"

ဘိုက မောင်းတင်နေဆဲ...

"ဂီး..."

"အား..."

လက်ထဲက သေနတ်လွင့်ထွက်သွားသည်။ ဆွေးကြီးက ဘို့လက်ကိုခဲကာ ဆွဲခါပစ်လိုက်သည်။ ဘို ရင်ခေါင်းထဲက အောင့်လာသည်။





"သေရတော့မယ်"

ဆိုတာ သိနေသည်။ ခွေးတစ်ကောင်က မျက်နှာပေါ် ခုန်အအုပ် ဘို မျက်စိစုံမှိတ်ပစ်လိုက်သည်။

"ဒိုင်း"

"ဂဲ...ဂရှူး"

"ဘုတ်"

သေနတ်သံတစ်ချက်ကြားလိုက်ရပြီး ခွေးကြီး လွင့်ထွက်သွားသည်။ ပြီးတော့ ကားတစ်စီး အပြင်းမောင်းလာသံ။ ဘိုက တစ်ဖက်သို့လိမ့်ထွက်ရင်း လှမ်းအကြည့်...

"ဘို"

"ဟာ...ပန်"

"ရှုး...ရှုး"

ကားက ဘို့ဆီကို ဦးတည်လာသည်။

"ဘို...ဟိုဘက်ကို လိမ့်ချလိုက်"

"ရှုး"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝေါင်း...ဂိး"

ပန်က ကျန်နေသည့် ခွေးတစ်ကောင်ကို ကားနှင့် တိုက်ပစ်လိုက်သည်။

ဘိုက ကားပေါ် ခုန်တက်လိုက်စဉ်...

"ဝှစ်...ဝှစ်"

"ဘို...ဝပ်ချလိုက်"

ဓားတွေ ခေါင်းပေါ်မှာ ပလူပျံလာသည်။

"ဟင်...မမေနီ"

နန်းမေနီက ဓားတွေကို ဆုပ်ကိုင်ရင်း ကားရှေ့မှာ ပိတ်ရပ်လိုက်လေသည်။ နန်းမေနီ မျက်ဝန်းတွေက နီရဲနေသည်။ မေရိုးတွေက တင်းနေသည်။ ဘိုနဲ့ပန်ကို စူးစူးရဲရဲစိုက်ကြည့်နေသည်။

"ငါ့ရဲ့ အသည်းနှလုံးတွေကို နင်တို့ သတ်ခဲ့တယ်"

"နင်တို့ကို ငါသိပ်မုန်းတာပဲ"

တစ်ခွန်းချင်း ထွက်ပေါ်လာသော အသံတွေ။ လည်ချောင်းသံပါပြီး အက်ကွဲနေသည်။ မမေနီကိုကြည့်ရတာ





စိတ်ဖောက်ပြန်သွားသူနှင့် တူနေသည်။ တကယ်ပဲ စိတ်ဖောက်သွားပြီလား မသိပါ။

"ရှေ့က ဖယ်ပါ မမေနီ"

"မဖယ်နိုင်ဘူး"

"ဟူး..."

ပန်က ကားစက်ကို နှိုးလိုက်သည်။ နန်းမေနီက ခြေထောက်ကို ကားကာ ကားရှေ့မှာ ရပ်နေဆဲ...

"ကျွန်မတို့ အေးအေးဆေးဆေး ပြန်ပါရစေ"

"အသက်နဲ့တော့ ပြန်ခွင့်မပြုနိုင်ဘူး"

နန်းမေနီက ဓားတစ်ချောင်းကို မြှောက်ကိုင်ကာ ကားရှေ့သို့ တရွေ့ရွေ့ တိုးလာသည်။ မတတ်နိုင်။ ပန် ကားကို မောင်းထွက်လိုက်ရသည်။ နန်းမေနီက ရှောင်ဖယ်မသွားပါ။ ရှေ့သို့သာ တိုးလာသည်။

"ကဲ...သေစမ်း"

"ဝုန်း"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



"အား"

မိုက်မဲလွန်းသော နန်းမေနီ...ကားရှေ့တည့်တည့်သို့ ပြေးဝင်လာပြီး ဘိုကို မားနှင့်လှမ်းအထိုး...နန်းမေနီ့ခန္ဓာကိုယ်က လွင့်ထွက်သွားသည်။ ပန် မကြည့်ရက်စွာ မျက်နှာလွှဲမိသည်။ ပတ်ဝန်းကျင်က ပကတိအေးချမ်းဆိတ်ငြိမ်သွားသည်။ ခွေးဟောင်သံတွေ မကြားရ။ အမုန်းတရားတွေ ချုပ်ငြိမ်းသွားသည်။

BURMESE CLASSIC .com

• • •



♥ ♥ ♥

လင့်ရှိဗာကားလေးက တောလမ်းကြမ်းကြမ်းကို ဆင်မယဉ်သာ ဖြတ်သန်းလာသည်။

"ဘို...ဒဏ်ရာတွေ နာသေးလားဟင်၊ ကားဆောင့်ရင် ပိုနာလာမှာ၊ ပန် ဖြည်းဖြည်းပဲ မောင်းမယ်နော်"

ပန်က ဘိုကို အရိပ်တကြည့်ကြည့်နှင့် တဖွဖွ ပြောနေမိသည်။ ဘိုတစ်ကိုယ်လုံးမှာ သွေးတွေနှင့် စေးထန်းနေတာပါ။ ပွန်းရာပဲ့ရာတွေ၊ ကုတ်ရာ ခြစ်ရာတွေ မွနေသည်။

စိုးရိမ်ရသော ဒဏ်ရာမျိုးမပါပေမယ့် ပန် စိုးရိမ်နေပါ၏။ ပန် ခဏခဏစိတ်ကောက်သမျှ သည်းခံခဲ့သော ဘိုကို ပန်သနားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဒဏ်ရာတွေက နာပေမယ့် ဘို ပျော်ပါတယ် အချစ်ရယ်”

ဘိုက ပန်နံ့နံသားမှ တိုးတိုးကပ်ကပ် ရှေ့ထိုင်လိုက်ပြီး ပန့်ခါးလေးကို သိုင်းဖက်လိုက်သည်။ ပန်က ကိုယ်လုံးလေးတစ်ချက်တွန့်သွားရရင်း...

“ဘာလို့ ပျော်တာလဲဟင်”

“ဘို့ မိန်းမရဲ့မေတ္တာကို သိခွင့်ရလိုက်လို့ပေါ့”

ပန် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိပါ၏။

“ပန့်ကို သိပ်ကျေးဇူးတင်တယ်၊ ဘို့မှာ ပန်ပေးတဲ့အသက်ပဲ ရှိတော့တာပါကွာ”

“ကျေးဇူးတင်ရင်...”

ပန်က မျက်နှာလေးကို ပြုံးမော့ပေးလိုက်သည်။ ဘိုက ပန့်ပါးပြင်လေးကို အသာအယာ နမ်းရှိုက်လိုက်သည်။

“အား...ပန့်ကို ကိုယ့်ကိုယ်က သွေးတွေ ပေကုန်ပြီကွာ”

“ပေပါစေပေါ့ ဘိုရဲ့”



BURMESE CLASSIC .com



“ပန် မရှုံးဘူးလား”

“ဟင့်အင်း”

ပန့်မျက်နှာထားလေးကိုကြည့်ရင်း ဘိုအသည်းယားလာသည်။ လင့်ရိုဇာကားလေးက တောလမ်းလေးအတိုင်း တရွေ့ရွေ့ တိုးထွက်လာသည်။ လေအရှိန်ကြောင့် သစ်ပင်ချုံပင်တွေ တနွဲ့နွဲ့လှုပ်ယမ်းနေသည်။

“ဒီနေ့ကစပြီး စိတ်မကောက်ကြေးနော်”

ပန်က ပြုံး၍ ခေါင်းညိတ်သည်။

“ပန်...ဒီဘက်လှည့်ပါဦးကွာ...”

“ဒီမှာ ကားမောင်းနေရတာ ခဏခဏမလှည့်နိုင်ဘူး ဘိုရဲ့”

“လှည့်ပါကွာ...ဘို နမ်းချင်လို့ပါ”

“ဒဏ်ရာတွေ ဒီလောက်နာနေတာတောင် တော်တော်ကဲနော်၊ အဲဒီသားကနေ ပါးကို နမ်းလို့ ရသားနဲ့”

ဘိုက ပန့်ကို ရွှန်းလဲ့စွာ စိုက်ကြည့်နေသည်။

ပန်လှည့်အကြည့် ကားလေးက ခါယမ်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“ခုချိန်မှာ ကားကို ခဏရပ်ထားလိုက်တာက ဘိုတို့ အတွက် အကောင်းဆုံးဖြစ်လိမ့်မယ် ...ပန်”

ဘိုက ပန့်နားနားကပ်ကာ တီးတိုးပြောလိုက်ပါလေသည်။

သက်လျာရှင်စော



BURMESE CLASSIC .com

ပုညခင်
စာအုပ်တိုက်မှ စိစဉ်ထုတ်ဝေသည်

■ ချောမောလှပတဲ့ မိန်းကလေးတွေ ဘာကြောင့် ပျောက်ဆုံးခဲ့ရပါသလဲ ... ?

■ အချစ်ကိုကိုးကွယ်မိတဲ့ စောသက်လယ်ကရော ဘာကြောင့် ပျောက်ဆုံးခဲ့တာလဲ ... ?

■ ယောက်ျားတွေရဲ့ အချစ်ကရော ဘယ်လိုများလဲ ... ?

# သက်လျာရှင်စော

## မိန်းမချော၏ ကံကြမ္မာ

အချစ်/လျို့ဝှက်သည်းဖို လုံးချင်းဝတ္ထု

မ ကြာ ခ င် ထွ က် ရှိ လာ ပါ မ ည်

www.burmeseclassic.com